ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်ထုတ်ဝေသည်
Established in 1957
၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ တနင်္ဂနွေနေ့၊ (30-11-2014) (၈၀၄၀)

## မိတ်ဆွေစစ်(၄)မျိုး

(၁) မိမိအားကျေးဇူးပြုသူ မိတ်ဆွေစစ်၊

(၂) ချမ်းသာဆင်းရဲ အတူဖြစ်သူ မိတ်ဆွေစစ်၊

(၃) အကျိုးစီးပွားကို ညွှန်ပြတတ်သော ဆရာနှင့်တူသူ မိတ်ဆွေစစ်၊

(၄) ညာညာတာတာ စောင့်ရှောက်တတ်သူ မိတ်ဆွေစစ်။

# အာဆီယံဥက္ကဋ္ဌတာဝန်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာအခမ်းအနားများတွင် မိမိတို့အနေဖြင့် သက်ဆိုင်ရာကဏ္ဍမှ ပါဝင်ခဲ့သည့်ဆောင်ရွက်ချက်များကို နောင်လာနောက်သားများအား ပြန်လည်မျှဝေ

**နေပြည်တော် နိုဝင်ဘာ ၂၉**

(၂၇)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးသည့်အဖွဲ့များ၊ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလား ၂၀၁၅ ခုနှစ် ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ယူ-၁၉ လက်ရွေးစင် ဘောလုံးအသင်းတို့နှင့် ပျူရှေးဟောင်းမြို့ကြီး(၃)မြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်အောင် ဆောင်ရွက်ခဲ့သူများအား နိုင်ငံတော်သမ္မတက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

" ဒီမိုကရေစီသို့ကူးပြောင်းရန် ကြိုးပမ်းစဉ်ကာလ၌ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းတွင် အခက်အခဲများကို ရင်ဆိုင်ခဲ့ရသော်လည်း ၂၀၁၁ ခုနှစ် မိမိတို့အစိုးရ တက်ရောက်လာပြီးသည့်နောက်ပိုင်း၌ နိုင်ငံတကာ၏ လက်ခံမှုကိုရရှိခဲ့ပြီး နိုင်ငံတကာအသိုက်အဝန်းမှ တက်ကြွစွာပါဝင်လာနိုင်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း နောက်ပြန်မလှည့်စတမ်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း "


## (၂၃၀)ကေဗွီ ရွှေတောင်-မြောင်းတကာ နှစ်ထပ်မဟာဓာတ်အားလိုင်းအား လှော်ကားနှင့် မြောင်းတကာပင်မဓာတ်အားခွဲရုံများသို့ ဆက်သွယ်ချိတ်ဆက်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြောင်းတကာစံပြကျေးရွာအနီး အသစ်တည်ဆောက်ပြီးစီးခဲ့သော (၂၃၀)ကေဗွီ ရွှေတောင်-မြောင်းတကာ နှစ်ထပ်မဟာဓာတ်အားလိုင်းအား လှော်ကားပင်မဓာတ်အားခွဲရုံနှင့် မြောင်းတကာပင်မဓာတ်အားခွဲရုံများသို့ ဆက်သွယ်ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသစ်တည်ဆောက်ပြီးစီးခဲ့သော (၂၃၀)ကေဗွီ ရွှေတောင်-မြောင်းတကာ နှစ်ထပ်မဟာဓာတ်အားလိုင်းကို လှော်ကားပင်မဓာတ်အားခွဲရုံနှင့် မြောင်းတကာပင်မဓာတ်အားခွဲရုံများသို့ ဆက်သွယ်ချိတ်ဆက်ခြင်းလုပ်ငန်းကို ယနေ့ နံနက် ၅ နာရီမှစတင်ပြီး ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန၊ စီမံကိန်းမန်နေဂျာရုံး၊ မဟာဓာတ်အားလိုင်းမှူးရုံးများနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့စုပေါင်း၍ ဝန်ထမ်းအင်အား ၁၅၀ ခန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုတည်ဆောက်ပြီးစီးခဲ့သော (၂၃၀)ကေဗွီ ရွှေတောင်-မြောင်းတကာ လိုင်းကို ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒



ကြေးမုံစာတည်းရှုထောင့် ၃၀-၁၁-၂၀၁၄၊ တနင်္ဂနွေနေ့

# မှန်ကန်သော ယှဉ်ပြိုင်ခြင်း

"အနိုင်အရှုံးသည် သာမည၊ ယှဉ်ပြိုင်ခြင်းသည် ပဓာန"ဟူသော ဆောင်ပုဒ်တစ်ခုကို အားကစားလောကတွင် မှတ်သားဖူးသည်။ တစ်နည်းအားဖြင့် ယှဉ်ပြိုင်ခြင်းဟူသည် ရှင်သန်ခြင်း၏ အခြားအမည်နာမတစ်ခုအဖြစ်လည်း နားလည်ဖူးသည်။

သတ္တလောကတွင် တည်ရှိနေသူအားလုံးမှာ အသက်ရှင်သန်ရပ်တည်နေထိုင်ရေးအတွက် အစဉ်အမြဲ လှုပ်ရှားရုန်းကန်နေရသည်။ လူတစ်ဦး၊ လူတစ်စုမှ နိုင်ငံတစ်ခုအထိ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်အဆိုင် ရုန်းကန်လှုပ်ရှားကြိုးစားနေရသည်။ ယင်းတို့သည် ကောင်းသော ယှဉ်ပြိုင်ခြင်းဖြစ်သည်။ တိရစ္ဆာန်နယ်ပယ်တွင်မူ ၎င်းတို့၏ဘဝရပ်တည်နိုင်ရေးအတွက် ကြီးနိုင်ငယ်ညှဉ်းဓလေ့များ ရင်ဆိုင်ကြရသည်။

လူသားတို့နယ်ပယ်တွင် ကျိုးကြောင်းဆင်ခြင် ဉာဏ်အမြော်အမြင်ကြီးစိုးသော လူသားများပီပီ ယှဉ်ပြိုင်မှုကို ဉာဏ်နှင့်ယှဉ်၍ အားထုတ်ကြသည်။ ဝီရိယနှင့်ယှဉ်၍ အားထုတ်ကြသည်။ အချို့လည်း ပညာသားပါပါ အားထုတ်ကြသည်။ ဤသို့ ဉာဏ်စွမ်းရှိသလောက် အမျိုးမျိုးအဖုံဖုံ အားထုတ်ကြရာတွင် အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ရှိသူများအတွက် တစ်နေ့နေ့တစ်ချိန်ချိန်တွင် အောင်မြင်မှုကို ရရှိနိုင်သည်။ တရားသဘောရှိသူများမှာမူ ကြုံတွေ့လာရသော လောကဓံကို ရင်ဆိုင်နိုင်ဖို့ "ယောနိသောမနသိကာရ"ကို လက်ကိုင်ထားသဖြင့် လောကအလယ်တွင် ပေါ့ပေါ့ပါးပါးနေနိုင်ကြ၏။

ယှဉ်ပြိုင်မှုတွင် အချို့က "ပြိုင်လာလျှင်အရှုံးပေး နှလုံးအေးတဲ့ဆေး"ဟုလည်း ဆိုကြသေးသည်။ ယင်းသည် အကန့်အသတ်နှင့်ဖြစ်လိမ့်မည်။ နေရာတိုင်းတွင် ဤသို့ကျင့်သုံးပါက လူဖြစ်ပါလျက် လူဖြစ်ရှုံး နှလုံးမလှ ဖြစ်သွားနိုင်သည်။ တရုတ်စကားပုံတွင် "သိုးကဲ့သို့မကျင့်သုံးနှင့် သတ်ဖြတ်နှိပ်စက်ခံရလိမ့်မည်၊ ကျားသစ်ကဲ့သို့နေ"ဟူ၍ မှတ်သားဖူးသည်။ ဤသဘောသည် အနိုင်ကျင့်ဖို့အတွက်မဟုတ်၊ အနိုင်ကျင့်မခံရအောင် ကျင့်ကြံနေထိုင်ဖို့ သဘောကိုဆိုလိုခြင်းဖြစ်တန်ရာသည်။

ယှဉ်ပြိုင်ခြင်းသည် နေရာတိုင်းတွင်ရှိသည်။ အနီးစပ်ဆုံးတွင် မိမိခန္ဓာကိုယ်ကိုကြည့်လျှင် သိနိုင်သည်။ အစဉ်အမြဲအားဖြင့် မနောကံ လွန်ဆွဲအားပြိုင်မှုဖြစ်သည်။ ကောင်းမှုနှင့် မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ်တရားနှစ်ပါးသည် မိမိစိတ်သဏ္ဍာန်တွင် တစ်ရံမလပ် တရစပ်အားပြိုင်နေကြသည်။ အနိုင်အရှုံးကို အကြင်သူ၏လုပ်ဆောင်မှုက အဆုံးအဖြတ်ပေးသည်။ သာမန်အားဖြင့် အကုသိုလ်များက ရှုံး၏၊ ကုသိုလ်များက နိုင်၏ဆိုငြားလည်း ခံယူသူ၏ အယူအစွဲပေါ်တွင်မူတည်နေပြီး ယတိပြတ်ဆုံးဖြတ်၍ မရနိုင်။ အတ္တလွှမ်းမိုးသူများအတွက် မိမိလုပ်ဆောင်ချက်သာ အမှန်ချည်းဟုဆိုလိမ့်မည်။

ယှဉ်ပြိုင်မှုဥပမာတစ်ခုအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်တွင် သန့်ရှင်းရေးဆောင်ရွက်ချက်များကို ယှဉ်ပြိုင်စေ၍ အကောင်းဆုံး သန့်ရှင်းရေးမြို့နယ်ဆု ချီးမြှင့်မည်ဟု သိရသည်။ ယင်းကို ကောင်းသောယှဉ်ပြိုင်ခြင်းဟု ဆိုရမည်။ သန့်ရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များကို မြို့နယ်များသို့ ပေးပို့ထားသည်။ သန့်ရှင်းရေးဆောင်ရွက်မှုအပေါ် အမှတ်ပေးရာတွင် အထူးသဖြင့် အမှိုက်ပုံးများ၊ အမှိုက်ကန်များသန့်ရှင်းမှု၊ စနစ်တကျသိမ်းဆည်းမှုများကို ဦးစားပေးစောင့်ကြည့် အမှတ်ပေးသွားမည်ဟု ဆိုသည်။

မြို့နယ်အတွင်းတွင် ရပ်ကွက်အလိုက်ယှဉ်ပြိုင်စေခြင်း၊ ရပ်ကွက်အတွင်းတွင် လမ်းအလိုက်ယှဉ်ပြိုင်စေခြင်းများကို ထပ်ဆင့်လုပ်ဆောင်သွားနိုင်ပါက မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာလိမ့်မည်။ ပြည်သူ့အားမပါလျှင် ဘယ်အရာမျှမပြီး ဆိုသကဲ့သို့ ထိုနည်းသည် ရပ်ကွက်သူ ရပ်ကွက်သားများ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်မှုအားကို ရနိုင်ပေသည်။

"တစ်ဦးဆောင်သော်မရ တစ်သောင်းဆောင်သော်ရ၏" ဆိုစကားအတိုင်း အားလုံးနှင့်ဆိုင်သော လုပ်ငန်းတိုင်းတွင် အားလုံးပါဝင်လာနိုင်ရန် တာဝန်ရှိသူများဘက်ကလည်း စီစဉ်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါသည်။ သို့ဆိုလျှင် အနိုင်အရှုံးထက် မိမိတို့မြို့ပြသန့်ရှင်းစေရမည်ဟူသော ရည်ရွယ်ချက်ဖြင့် အပြိုင်အဆိုင် ယှဉ်ပြိုင်ခြင်းက မြို့ပြအတွက် ရလဒ်ကောင်းထွက်လာမည်မှာ အမှန်ဖြစ်ပါလိမ့်မည်။ ။

# စက်စက်ယို ဆည်ရေသောက်တောင်သူပညာပေး ဧက ၉၀၀ စံပြစိုက်ကွင်းလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ခေါင်းဆောင်သော လေ့လာရေးအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်က နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်တောင်သူပညာပေး တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စံပြစိုက်ကွင်းသို့ လာရောက်လေ့လာကြောင်း သိရသည်။

လေ့လာရေး အဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကြိုဆိုနှုတ်ဆက်စကားပြောကြားခဲ့ပြီး တောင်သူပညာပေးစိုက်ကွင်းအတွင်းရှိ သက်တမ်းခြောက်လသားအရွယ် အပင်အမြင့် ၃ ပေရှိ အပင်ပုမျိုး အော်ဂဲနစ်သဘော်စိုက်ခင်း၊ ကိုရီးယားမူရင်းမျိုး ပိန်းဥစိုက်ခင်း၊ စင်တင်ဘူးသီးစိုက်ခင်းနှင့် သဘော်ပင်ပျိုးဥယျာဉ်၊ နာနတ်သီးစိုက်ခင်း၊ ခရမ်းသီးစိုက်ခင်း၊ ငရုတ်စိုက်ခင်း၊ ကညွတ်သီးနှံစိုက်ခင်း၊ တစ်ဧက ပိဿာ ၁၂၀၀ ထွက်ရှိသော ရွှေတောင် (၈) ငွေချည် (၉)ချည်မျှင်ရှည်ဝါ သီးနှံစိုက်ခင်း၊ ကြံသီးနှံစိုက်ခင်းနှင့် တစ်ဆက်တစ်စပ်တည်းစိုက်ပျိုးထားသော နေကြာသီးနှံစိုက်ခင်းများအား ကြည့်ရှုလေ့လာကြရာ သိရှိလိုသည်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီက ထိုင်းနိုင်ငံအခြေစိုက် Makro Cash & Carry ကုမ္ပဏီမှ CEO ဖြစ်သူ Ms. SUCHADA ITHIJARUKUL၊ စိုက်ပျိုးရေးပညာရှင် Dr.TOM HAMMER နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ **(ကြေးမုံ)**



# (၁၈)ကြိမ်မြောက် ဆာ့ခ်ထိပ်သီးအစည်းအဝေး ဒုတိယဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ ကတ္တမန္ဒူမြို့၌ နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအသင်း (ဆာ့ခ်)ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် နိုဝင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(၁၈)ကြိမ်မြောက် ဆာ့ခ်ထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ/အစိုးရအကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် အဆင့်မြင့်အရာရှိများ၊ လေ့လာသူနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံသည် ဆာ့ခ်အဖွဲ့၏ လေ့လာသူနိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်သည် (၁၈)ကြိမ်မြောက် ဆာ့ခ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မိန့်ခွန်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**



# ပန်းတနော်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ပန်းတနော် နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် စုံတောကျေးရွာအုပ်စု ကွင်းအမှတ်(၅၅၆) ဦးပိုင်အမှတ် (၈၄) တောင်သူဦးသိန်းဇော်၏ လယ်တွင် နိုဝင်ဘာ ၂၄ ရက် နံနက်က မိုးစပါးစံကွက်ရိတ်သိမ်းရာ မအူပင်ခရိုင် စိုက်ပျိုးရေး ဦးစီးမှူး ဦးမျိုးခန့်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးကျော်မြင့်နှင့် မြို့နယ်စိုက်ပျိုးရေး/မြို့နယ်မြေစာရင်းဝန်ထမ်းများနှင့် တောင်သူများတက်ရောက်ကြသည်။ အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် ဆင်းသုခစပါးမျိုးစံကွက်(သင့်)အမျိုးအစားဖြစ်ပြီး တစ်ဧကအထွက်နှုန်း ၆၆ ဒသမ ၄၄ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**



# တပ်မတော်နှင့် KNU အဖွဲ့တို့အကြား ငြိမ်းချမ်းရေးရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်



**နေပြည်တော် နိုဝင်ဘာ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးဆေးဖိုး ခေါင်းဆောင်သော အဖွဲ့အား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အတူ အထွေထွေအတွင်းရေးမှူးချုပ် ပဒိုကွယ်ထူးဝင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သော စောရောဂျာခင်၊ ပဒိုမန်းငြိမ်းမောင်၊ စစ်ထောက်ချုပ်အဆင့်ရှိ စောအိုင်းဇက်၊ ဥက္ကဋ္ဌ၏ နိုင်ငံရေးနှင့် စစ်ရေးအကြံပေး စောထူးထူးလေး၊ ကော့ကရိတ်ခရိုင်ဥက္ကဋ္ဌ ပဒိုရွှေမောင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများအရ တပ်မတော်နှင့် KNU အဖွဲ့အကြား အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်မှုများအပေါ် အားရကျေနပ်မှုရှိကြောင်း၊ တပ်မတော်၏ငြိမ်းချမ်းရေးမူ(၆)ချက်နှင့်ပတ်သက်၍ တိတိကျကျလိုက်နာရန်ဆိုသည်ထက် အလေးထား ဆောင်ရွက်စေလိုကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍လည်း ပြင်ဆင်သင့်သည့်အချက်များကို ဥပဒေနှင့်အညီ ပြင်ဆင်သွားရန် လက်ခံကြကြောင်း၊ တပ်မတော်နှင့် KNU အဖွဲ့တို့အကြား ငြိမ်းချမ်းရေးရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ရန် နှစ်ဦးနှစ်ဖက် သန္နိဋ္ဌာန်ချမှတ်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးဆေးဖိုးတို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(မြဝတီ)**

❑

**❁ ကျောဖုံးမှ**

အဖွဲ့များအား ဦးဆောင်၍ အခြားနိုင်ငံများသို့ ခရီးများစွာသွားရောက်ခဲ့သည်။

၁၉၆၈ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် အော်စလိုဘုရားရှိခိုးကျောင်း၌ မစ္စ ဆွန်ယာ ဟာရယ်ဆင်နှင့် လက်ထပ်ခဲ့ပြီးနောက် သမီးတော်တစ်ပါးနှင့် အိမ်ရှေ့မင်းသားတစ်ပါး ထွန်းကားခဲ့သည်။

ဟာရယ်ဘုရင်သည် နော်ဝေကြည်းတပ်၊ လေတပ်နှင့်ရေတပ်တို့၏ ဗိုလ်ချုပ်ကြီးဖြစ်ပြီး နော်ဝေနိုင်ငံ၏ အဆင့်အမြင့်ဆုံးအရာရှိလည်း ဖြစ်သည်။

နော်ဝေတော်ဝင်မိသားစုသည် အားကစားနှင့် ပြင်ပအပန်းဖြေလှုပ်ရှားမှုများတွင် ဝါသနာထုံသည်။ ဟာရယ်ဘုရင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အလေးအနက်ပါဝင်ဆောင်ရွက်ပြီး ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ နော်ဝေရုံး၏ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်း ၂၀ ခန့် တာဝန်ထမ်းဆောင်ခဲ့သည်။

### နော်ဝေနိုင်ငံမိဖုရား ဆွန်ယာ၏ ကိုယ်ရေးအကျဉ်း

မိဖုရား ဆွန်ယာအား ၁၉၃၇ ခုနှစ် ဇူလိုင် ၄ ရက်တွင် အော်စလိုမြို့၌ ဖွားမြင်ခဲ့သည်။ ၁၉၉၁ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဟာရယ်ဘုရင် နန်းတက်သောအခါ (၅၃)နှစ်တွင် နော်ဝေနိုင်ငံ၏ ပထမဆုံးသော မိဖုရားဖြစ်လာခဲ့သည်။

၎င်းသည် ၁၉၅၄ ခုနှစ်တွင် အလယ်တန်းအောင်မြင်ခဲ့ပြီး အော်စလိုအသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းမှ အဝတ်အထည်ချုပ်လုပ်ခြင်းပညာရပ်ဖြင့် ဒီပလိုမာရရှိခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ လိုဇန်းမြို့ရှိ အမျိုးသမီး အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း၌လည်း လူမှုရေးသိပ္ပံ၊ စာရင်းအင်းပညာ၊ အဝတ်အထည်ဒီဇိုင်းရေးဆွဲခြင်းပညာရပ်တို့ကို သင်ယူခဲ့သည်။ ယင်းနောက် နော်ဝေနိုင်ငံ အော်စလိုတက္ကသိုလ်မှ ပြင်သစ်၊ အင်္ဂလိပ်နှင့် အနုပညာသမိုင်းဘာသာရပ်များဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

မိဖုရား ဆွန်ယာသည် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ပြီး ရန်ပုံငွေရှာဖွေခြင်းလုပ်ငန်းများစွာတွင် နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ ၎င်းသည် နော်ဝေမိဖုရားတစ်ဦး၏ လုပ်ငန်းတာဝန်များနှင့် ဆက်စပ်သည့် နယ်ပယ်များတွင် စိတ်ဝင်စားမှုရှိပြီး အနုပညာနှင့် ယဉ်ကျေးမှုတို့တွင် အထူးဝါသနာပါသူဖြစ်သည်။

# အတိတ်က အားနည်းချက်၊ ချို့ယွင်းချက်များကိုလေ့လာပြီး အလားတူမဖြစ်အောင် ပြုပြင်အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

သမဝါယမစနစ်သည် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၏အကျိုးအတွက် ဖော်ဆောင်ခဲ့သည့် စနစ်မဟုတ်ဘဲ ပြည်သူများ၏ လိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့သော စနစ်သာဖြစ်ကြောင်း နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ သမဝါယမ စီးပွားရေးဗဟိုဌာန ဆရာစံပလာဇာအဆောက်အအုံ၌ကျင်းပသော ဗဟိုသမဝါယမအသင်းလီမိတက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသို့တက်ရောက်ရာတွင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြောကြားခဲ့သည်။

ဗဟိုသမဝါယမအသင်းလီမိတက်ကို ၁၉၇၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၂ ခုနှစ် ဥပဒေအရ ၂၀၀၂ ခုနှစ်တွင် အသစ်ပြန်လည်ဖွဲ့စည်းခဲ့ရာ သက်တမ်း(၃၀) ကျော်ပြီး အသင်းဝင်အသင်းပေါင်း ၄၃၉ သင်းရှိကြောင်း သိရသည်။

သမဝါယမဝန်ကြီးဌာနသည် သမဝါယမလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အတိတ်က အားနည်းချက်၊ ချို့ယွင်းချက်များကိုလေ့လာပြီး အလားတူမဖြစ်အောင် ပြုပြင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ သမဝါယမစနစ်အောင်မြင်နေသည့် နိုင်ငံများ၏ လုပ်ကိုင်ဆောင်ရွက်ပုံများကိုလေ့လာပြီး မိမိအခြေအနေနှင့် လိုက်လျောညီထွေရှိအောင် ကျင့်သုံးဆောင်ရွက်ခြင်း၊ သမဝါယမဝန်ထမ်းများ၊ အသင်းများ၊ အမှုဆောင်များနှင့် အသင်းသားများ၏ ပကတိအခြေအနေအမှန်ကို သိအောင်လုပ်ပြီး ချို့ယွင်းချက်၊ အားနည်းချက်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လူ့သဘာဝ စိန်ခေါ်ချက်များကိုလေ့လာပြီး တားဆီးကာကွယ်ကျော်လွှားနိုင်အောင် စီမံဆောင်ရွက်ခြင်းစသည့် ပြုပြင်ပြောင်းလဲရေးမူ(၄)ချက်နှင့်အညီ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

သမဝါယမဝန်ကြီးဌာနအနေဖြင့် အသေးစားအရင်းအနှီးချေးငွေကို ကျပ် ဘီလီယံ ၂၀၀ ကျော် ထုတ်ချေးပေးထားပြီး ယင်းချေးငွေကို အသင်းသားမိသားစု နှစ်သန်းခန့်၊ အသင်းပေါင်း ၂၃၀၀၀ ကျော်တို့က ခံစားလျက်ရှိကြောင်း၊ ထိုလုပ်ငန်းကို တိုးချဲ့ရန် China EXIM Bank မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထပ်မံချေးယူပြီး သန်း ၂၂၀ ကို ချေးငွေမရရှိသေးသော ပြည်သူများအား ထုတ်ချေးပေးခြင်း၊ သန်း ၅၀ ကို ယခင်ချေးငွေရရှိပြီး လုပ်ငန်းများထဲမှ အမှန်တကယ်ကြိုးကြိုးစားစားလုပ်ငန်းလုပ်ကိုင်နေသူများအားစိစစ်၍ ကျပ်တစ်သိန်းမှ ငါးသိန်းအထိ ထုတ်ချေးပေးခြင်းနှင့် ကျပ်သန်း ၃၀ ကျော်အား လယ်ယာသုံးစက်ကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ရန်လျာထားပါကြောင်း၊ ထို့ပြင် လယ်ယာသုံးစက်ကိရိယာ ၁၆၀၀၀ ကျော်ကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားပြီး စက်ကိရိယာ ၁၂၀၀ ကျော် ကိုယ်ပိုင်ဖြစ်သွားကြပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး ကိုရီးယားနိုင်ငံမှဝယ်ယူမည့် ဒေါ်လာသန်း ၁၀၀ တန်ဖိုးရှိ စက်ပစ္စည်းကိရိယာများကို မကြာမီအချိန်အတွင်း လယ်သမားများထံ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး၏ ပြောကြားချက်အရသိရသည်။ **(ကြေးမုံ)**

**❑ (၂၃၀)ကေဗွီမှ**

ရွှေတောင် ပင်မဓာတ်အားခွဲရုံမှ မြောင်းတကာပင်မဓာတ်အားခွဲရုံအထိ စုစုပေါင်းလိုင်း ၁၃၁ ဒသမ ၉၆ မိုင်ရှိပြီး နှစ်ထပ်ဓာတ်အားလိုင်း (Double Circuit) တာဝါတိုင်ပေါင်း ၅၅၉ တိုင်စိုက်ထူခဲ့ရသည်။ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတွင် တပ်ဆင်ခဲ့ရသော လျှပ်စစ်ပစ္စည်းများအပါအဝင် စုစုပေါင်းစီမံကိန်းတန်ဖိုးမှာ ပစ္စည်းတန်ဖိုး ၁၉၁၅၈၀၈၅ ဒသမ ၇၉ ယူရို၊ တည်ဆောက်ရေးအတွက် ကျပ်သန်းပေါင်း ၆၉၉၇ ဒသမ ၅၆၃ သုံးစွဲခဲ့ပြီး နိုဝင်ဘာလတွင် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ (၂၃၀)ကေဗွီဓာတ်အားလိုင်းနှင့် မြောင်းတကာပင်မဓာတ်အားခွဲရုံ၊ လှော်ကားပင်မဓာတ်အားခွဲရုံတို့ကို ဆက်သွယ်မှုပြီးစီး၍ ဓာတ်အားပို့လွှတ်နိုင်ပါက ဓာတ်အားစနစ်အတွင်း ဓာတ်အားပမာဏ ၄၀၀ မဂ္ဂါဝပ်ခန့်ကို သယ်ပို့နိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းများအလိုက် အောင်မြင်စွာပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းများအလိုက် အောင်မြင်စွာပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရုံးအမှတ်(၃၁)ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်းများအလိုက် အောင်မြင်စွာပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ သွားလာတည်းခိုနေထိုင်ရေးနှင့် အစားအသောက်၊ ကျန်းမာရေးစသည့်ကိစ္စရပ်များတွင် အခက်အခဲမရှိဘဲ အဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ (၂၈)ကြိမ်မြောက် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၆ နည်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာအားကစားအဖွဲ့အနေဖြင့် လူစုံတက်စုံ သွားရောက်ယှဉ်ပြိုင်လိုစိတ်ရှိသော်လည်း နိုင်ငံတော်မှ ချမှတ်ပေးသည့် ဘဏ္ဍာငွေအနေအထားကို ချိုးခြံချွေတာလျက် ဆုတံဆိပ်မျှော်မှန်းနိုင်မည့် အဖွဲ့ချုပ် ၂၃ ဖွဲ့မှ အားကစားနည်းများကိုသာ စေလွှတ်ယှဉ်ပြိုင်ရန်လျာထားကြောင်း ပြောကြားသည်။ **(ကြေးမုံ)**






# စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းအား အသရေဖျက်သော ဝက်ဘ်ဆိုက်ပိုင်ရှင် အမှုရှုံးနိမ့်




**စင်ကာပူ နိုဝင်ဘာ ၂၉**

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းအား ဝက်ဘ်ဆိုက်တစ်ခုမှ အသရေဖျက်ခဲ့သောကြောင့် ပြန်လည်တရားစွဲဆိုခဲ့ရာယင်းအမှုကို နိုဝင်ဘာ ၇ ရက်က ဆုံးဖြတ်ခဲ့ပြီး လီရှန်လွန်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။

လီရှန်လွန်းသည် အွန်လိုင်းဝေဖန်ရေးဝက်ဘ်ဆိုက်တစ်ခုအား တရားစွဲဆိုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အသက် (၃၃) နှစ်အရွယ်မစ္စတာရိုးင့်ေဂျက နိုင်ငံတော် ပင်စင်စားဝန်ထမ်းများအတွက် ချွေတာရေးအစီအစဉ်၏ ဘဏ္ဍာငွေများအား ဗဟိုပင်စင်စားများငွေကြေးအဖွဲ့က စီမံခန့်ခွဲမှုပြုရာတွင် ဝန်ကြီးချုပ်အနေဖြင့် ငွေကြေးအလွဲသုံးစားပြုထားကြောင်း 'နှလုံးသားမှအမှန်တရားများ'အမည်ရှိ အွန်လိုင်းဝေဖန်ရေး ဝက်ဘ်ဆိုက်တွင် ရေးသား အသရေဖျက်ခဲ့သောကြောင့် ဝန်ကြီးချုပ်က မေလအတွင်းက တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

ယင်းအမှုနှင့်ပတ်သက်ပြီး လျော်ကြေးမည်မျှပေးရမည်ကိုမူ တရားရုံးက မကြာမီ ကြေညာလိမ့်မည်ဖြစ်ကြောင်းနှင့် နိုင်ငံအတွင်း တရားမမှုများနှင့်ပတ်သက်ပြီး လျော်ကြေးငွေအနည်းဆုံး စင်ကာပူဒေါ်လာ နှစ်သိန်းခွဲ (အမေရိကန်ဒေါ်လာ နှစ်သိန်း) ပေးရလေ့ရှိကြောင်း သတင်းများအရ သိရသည်။

စင်ကာပူနိုင်ငံအကြီးအကဲဟောင်းများအနေဖြင့်လည်း နယူးယောက်တိုင်းမ်၊ဝေါစထရိဂျာနယ်၊ ဘလွန်းဘတ်ဂ်နှင့် စီးပွားရေးဂျာနယ်များ အပါအဝင် အခြားသောနိုင်ငံခြားမီဒီယာများနှင့် တရားရင်ဆိုင်မှုများ မကြာခဏကြုံတွေ့ခဲ့ကြရသည်။

တရားသူကြီး လီဆိုင်ကင်သည် မစ္စတာငေ့ဂျ်အား နောင်မည်သည့်အခါတွင်မှ ထိုကဲ့သို့သော ခိုင်မာမှုမရှိသည့် အကြောင်းတရားများကို ပြည်သူများထံသို့ဖော်ပြခြင်းမပြုမိစေရန် တားမြစ်ပိတ်ပင်ခဲ့သည်။

စင်ကာပူအစိုးရအနေဖြင့် အင်တာနက်သုံးစွဲမှုမှ ရိုက်ခတ်လာသော ဆိုးကျိုးများအား မည်သို့ဖြေရှင်းရမည်ကို အဖြေရှာနေရသည်။ ယမန်နှစ်က သတင်းဝက်ဘ်ဆိုက်များဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းအသစ်များကို ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။ **ရိုက်တာ။**



## ပါလက်စတိုင်း နိုင်ငံတော်ထူထောင်ရေး ပြင်သစ်ပါလီမန်၌ အချေအတင်ဆွေးနွေး

**ပါရီ နိုဝင်ဘာ ၂၉**

ပါလက်စတိုင်း နိုင်ငံတော်ထူထောင်ခြင်းကို ပြင်သစ်အစိုးရအဖွဲ့က အသိအမှတ်ပြုလာစေရန် ဖိအားပေးသင့်၊ မသင့် ပြင်သစ်ပါလီမန်တွင် အချေအတင် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပလျက်ရှိသည်။ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အခွန့်ရှည်တည်ရှိစေရန် အထောက်အကူပြုသည့် ဆွေးနွေးပွဲဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၉ရက်တွင် သတင်းထုတ်ပြန်သည်။

ပါလက်စတိုင်း နိုင်ငံတော်ထူထောင်ခြင်းကို ဥရောပနိုင်ငံများက ထောက်ခံအားပေးမှု တိုးတက်ဖြစ်ပေါ်လာနေချိန်တွင် ပြင်သစ်အမျိုးသားလွှတ်တော်က အချေအတင် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပနေခြင်းဖြစ်သည်။ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲသည်တိုးတက်မှုမရှိဘဲ ဖြစ်နေပြီး ဂါဇာတွင် အစ္စရေးအစိုးရ၏ လှုပ်ရှားဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ရဟူဒီအခြေစိုက်ရာ ရပ်ကွက်များတိုးချဲ့မှုနှင့် ပတ်သက်၍ လည်းကောင်း ပြင်သစ်ပါလီမန်အမတ် အများအပြားမှာ စိတ်ပျက်လျက်ရှိနေကြသည်။

ပါလက်စတိုင်း နိုင်ငံတော်ထူထောင်ရေးတိုက်တွန်းသည့် အဆိုပြုချက်တစ်ရပ်ကို ပြင်သစ် အမတ်များက အတည်ပြုပေးမည်ဟု မျှော်လင့်ရသည်။ ပါလက်စတိုင်းနိုင်ငံတော်ထူထောင်ရေး နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို မိမိထောက်ခံပြီး အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်ရှင်သန်လာစေရန် တိုက်တွန်းအားပေးသွားမည်ဟု ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းက ပြောကြားခဲ့သည်။

**ပီတီအိုင်။**

## နိုင်ဂျီးရီးယားရှိ အစ္စလာမ်ဘုရားကျောင်းတစ်ခုတွင် ဗုံးပေါက်ကွဲ လူ ၈၁ ဦးသေဆုံး

**ကာနို နိုဝင်ဘာ ၂၉**

နိုင်ဂျီးရီးယား၏ ဒုတိယအကြီးဆုံးမြို့တော် ကာနိုရှိ အစ္စလာမ်ဘုရားကျောင်းတစ်ခုအတွင်း သောကြာနေ့က စုပေါင်းဝတ်ပြုနေစဉ် ဗုံးသုံးလုံးပေါက်ကွဲပြီး လက်နက်ကိုင်များက ဝတ်ပြုသူများအား သေနတ်ဖြင့် ပစ်ခတ်ရာ အနည်းဆုံး ၈၁ ဦးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သတင်းများအရ သိရသည်။

ယင်းဖြစ်ရပ်မှာ ဘိုကိုဟာရမ်စစ်သွေးကြွများ၏ လက်ချက်ဖြစ်နိုင်ဖွယ်ရှိကြောင်း မျက်မြင်သက်သေများနှင့် ရဲအရာရှိများက ခန့်မှန်းပြောကြားသည်။

အခင်းဖြစ်ပွားခဲ့သော အစ္စလာမ်ဘုရားကျောင်းသည် အစ္စလာမ်ဘာသာဝင်များကြား ဩဇာတိက္ကမကြီးမားသည့်ခေါင်းဆောင်တစ်ဦး၏နေအိမ်နှင့် ဘေးချင်းကပ်လျက်တွင် ရှိကြောင်းသိရသည်။ မကြာသေးမီက ထိုခေါင်းဆောင်က ဘိုကိုဟာရမ်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကို ခုခံကာကွယ်ရန် ဘုရားကျောင်းသို့ ဝတ်ပြုလာကြသော အစ္စလာမ်ဘာသာဝင်များအနေဖြင့် လက်နက်များယူဆောင်လာရန် လိုအပ်ကြောင်းကို တိုက်တွန်းခဲ့ကြောင်း သိရသည်။ ယခုတိုက်ခိုက်မှုသည် ထိုတိုက်တွန်းမှုအားတုံ့ပြန်သောအားဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း ဘီဘီစီသတင်းထောက်တစ်ဦးက ပြောကြားခဲ့သည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသည် ၂၀၀၉ခုနှစ်မှစပြီး ယခုအချိန်ထိ လူပေါင်း နှစ်ထောင်ကျော်သတ်ဖြတ်ခဲ့ပြီးဖြစ်ကြောင်း လူသားအခွင့်အရေးကြိုးပမ်းရေးအဖွဲ့များက ပြောသည်။

နိုင်ဂျီးရီးယား သမ္မတ ဂျိုနသန်က ယခုဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုကို ရှုတ်ချဝေဖန်ခဲ့ပြီး နိုင်ငံအတွင်းရှိ စစ်သွေးကြွများအား ထိပ်တိုက်ရင်ဆိုင်ရန် သူ၏အစိုးရအား တိုက်တွန်းခဲ့သည်။

**ဘီဘီစီ။**

## ရုရှားစစ်သင်္ဘောများ စစ်ရေးလေ့ကျင့်ရန် အင်္ဂလိပ်ရေလက်ကြားသို့ ဝင်ရောက်

**မော်စကို နိုဝင်ဘာ ၂၉**

ရုရှားစစ်သင်္ဘောများသည် နိုဝင်ဘာ ၂၈ရက်က စစ်ရေးလေ့ကျင့်နိုင်ရန် အင်္ဂလိပ်ရေလက်ကြားအတွင်းသို့ ဝင်ရောက်ခဲ့ကြကြောင်း၊ ယူကရိန်းအရေးနှင့်ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများနှင့် တင်းမာမှုပေါ်ပေါက်ခဲ့ပြီးနောက် ရုရှားနိုင်ငံက စစ်အင်အားပြသလိုသည့် လက္ခဏာဖြစ်ကြောင်း အာရ်အိုင်အေသတင်းဌာနက နိုဝင်ဘာ ၂၉ရက်တွင် သတင်းထုတ်ပြန်သည်။




ရုရှားမြောက်ပိုင်း ရေတပ်ဌာနချုပ်မှ ရေငုပ်သင်္ဘောဖျက်သင်္ဘော ဆီဗာရိုမော့စ် ဦးဆောင်သော စစ်သင်္ဘောများသည် ဒိုဗာရေလက်ကြားကို ဖြတ်သန်းဝင်ရောက်ခဲ့ပြီး ယခုအခါ မုန်တိုင်းဘေးအန္တရာယ်မှ ပုန်းခိုနိုင်ရန် စိန်းပင်လယ်အော်ရှိ နိုင်ငံတကာ ရေပိုင်နက်အတွင်းသို့ ရောက်ရှိနေကြောင်း အဆိုပါ ရေတပ်ဌာနချုပ်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

စိမ့်ဝင်ထိုးဖောက်လာသော ရန်သူရေငုပ်သင်္ဘောတပ်ဖွဲ့ကို တန်ပြန်နိုင်စေရန် ရည်ရွယ်သည့် စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်မည်ဖြစ်ကြောင်း မြောက်ပိုင်းတိုင်းရေတပ်ဌာနချုပ်က ပြောကြားသည်။

အာရ်အိုင်အေ သတင်းဌာန၏ သတင်းဖော်ပြချက်များနှင့် ပတ်သက်၍ ရုရှားရေတပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က ဝေဖန်ပြောကြားခြင်းမရှိပေ။

ရုရှားစစ်သင်္ဘောများ တည်ရှိမှုနှင့်ပတ်သက်၍ ပြင်သစ်ရေတပ်က အတည်ပြုပြောကြားသည်။

**ရိုက်တာ။**

## ဗြိတိန်ရှိ ကျေးကျွန်အရေအတွက် ခန့်မှန်းခြေထက် ပိုမိုများပြား

**လန်ဒန် နိုဝင်ဘာ ၂၉**

ဗြိတိန်နိုင်ငံတွင် ကျေးကျွန်အဖြစ်စေခိုင်းခြင်းခံနေရသည့် လူဦးရေသည် ယခင်ကထက် ပိုမိုများပြားပြီး ၁၀၀၀၀ နှင့် ၁၃၀၀၀ အကြားရှိမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ လေ့လာသူများက ပြောကြားသည်ဟု ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ခေတ်သစ်ကျေးကျွန်များတွင် ဆောင်ကြာမယ်များအဖြစ် အဓမ္မသွတ်သွင်းခြင်းခံရသော အမျိုးသမီးများ၊ အကျဉ်းသားများသဖွယ် ခိုင်းစေခြင်းခံရသည့် အိမ်ဖော်များ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ စက်ရုံများ၊ ငါးဖမ်းသင်္ဘောများတွင် အကျဉ်းသားများသဖွယ် ခိုင်းစေခြင်းခံရသော အလုပ်သမားများ ပါဝင်သည်ဟု ဆိုသည်။

အဆိုပါ ကိန်းဂဏန်းများသည် ၂၀၁၃ ခုနှစ်အတွက် အစိုးရက ပထမဆုံးအကြိမ်အဖြစ် တရားဝင် ခန့်မှန်းသော အရေအတွက် ဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာနက ကျေးကျွန်ပြဿနာကို ဖြေရှင်းရာတွင် ကူညီရန် ဗျူဟာများကို စတင်ဖြေရှင်းနေပြီဖြစ်သည်။

၎င်းကျေးကျွန်များတွင် အဲလ်ဘေးနီးယား၊ နိုင်ဂျီးရီးယား၊ ဗီယက်နမ်နှင့် ရိုမေးနီးယားတို့ပါဝင်သော နိုင်ငံပေါင်း ၁၀၀ ကျော်မှ တရားမဝင်လမ်းကြောင်းမှ ခေါ်ဆောင်လာခဲ့သူများလည်း ပါဝင်သည်။

အမျိုးသား မှုခင်းအေဂျင်စီ၏ လူကုန်ကူးမှုဗဟိုဌာနမှ ကိန်းဂဏန်းများအရ ယမန်နှစ်ကျေးကျွန်အရေအတွက်မှာ ၂၇၄၄ ဦးဖြစ်သည်။

၎င်းသုံးသပ်ချက်များမှာ ရဲတပ်ဖွဲ့၊ ဗြိတိန်နယ်ခြားစောင့်တပ်၊ ပရဟိတလုပ်ငန်းများတို့ပါဝင်သော သတင်းအရင်းအမြစ်များမှ စုစည်းကောက်နုတ်ထားခြင်းဖြစ်သည်။

အမျိုးသား မှုခင်းအေဂျင်စီ၏ သတိမူခြင်းမခံရသည့် ၎င်းကျေးကျွန်အရေအတွက်ကို ခန့်မှန်းရန် စာရင်းအင်းနည်းပညာနှင့် အခြားပြည်သူ့ရေးရာမူဝါဒပုံစံများကို အသုံးပြုထားခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

**ဘီဘီစီ။**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံမှ ရောက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၂၉**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် (၁၅) ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး 15th ASEAN Chiefs of Army Multilateral Meeting (ACAMM-15)နှင့် (၂၄) ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 24th ASEAN Armies Rifle Meet (24th AARM)ပိတ်ပွဲအခမ်းအနားတက်ရောက်ပြီး ယနေ့ညနေ ၆ နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ယာပုံ)**

အဆိုပါ ခရီးစဉ်တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မြန်မာနိုင်ငံတွင် ပထမဆုံး Homestay အဖြစ် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ ကွန်းခို

**ရန်ကုန် နိုဝင်ဘာ ၂၉**

(၄၁) ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်ခရီးစဉ်ဖြင့် ရောက်ရှိလာသော ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့များခွဲ၍ ရန်ကုန်မြို့ရှိ တက္ကသိုလ်ခြောက်ခုကို သွားရောက်လေ့လာခွင့် ရခဲ့ကြသည်။ အဆိုပါ ခရီးစဉ်အတွက် ကျောင်းသား ကျောင်းသူများ၏ ကြိုးစားအားထုတ်ရမှုအပိုင်း၊ မြန်မာနိုင်ငံတွင် ပထမဆုံး Homestay အဖြစ် တစ်ရက်တာ နေထိုင်ခွင့်ရရှိခဲ့မှုတို့နှင့်ပတ်သက်၍ ပါမောက္ခချုပ်၊ ကျောင်းသား ကျောင်းသူများနှင့် Homestay လက်ခံရယူထားသူတို့ကို မြန်မာ့သတင်းစဉ်အဖွဲ့က သွားရောက်မေးမြန်းခဲ့သည်။

**ဒေါက်တာလွင်လွင်စိုး**
**(ပါမောက္ခချုပ်၊ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)**

ပညာရေးလုပ်ဆောင်မှုဆိုတာ ဒီလိုမျိုးနှစ်စဉ် သင်္ဘောကြီးခရီးစဉ်က မပါဘူး၊ လည်ပတ်မှုပဲပါတယ်။ မြန်မာနိုင်ငံကို နောက်တစ်ခါ ပြန်ရောက်မယ်လို့ မမျှော်လင့်ခဲ့ဘူး။ အခု ဒီအစီအစဉ်မှာ အုပ်ချုပ်ရေးအဖွဲ့ဝင်အနေနဲ့ ပြန်လည်လိုက်ပါလာရတဲ့အတွက် အရမ်းပဲပျော်ရွှင်မိပါတယ်။ ၂၀၀၀ ပြည့်နှစ်ကထက်စာရင် အခု မြန်မာနိုင်ငံမှာ တိုက်ကြီးတွေ အမြင့်ကြီး၊ တံတားတွေနဲ့ အရမ်းပဲ တိုးတက်လှပလာတာကို တွေ့မြင်ရတယ်။

**Rhenoy Dewanto(ပြည်သူ့အုပ်ချုပ်ရေးရာသင်တန်း၊ အင်ဒိုနီးရှား)**

မြန်မာ့ရိုးရာသနပ်ခါးကို ကျွန်တော် မလိမ်းတတ်ဘူး။ အခုတော့ လိမ်းတတ်သွားပြီ။ သနပ်ခါးကအေးတယ်။ ကျွန်တော်တို့နိုင်ငံမှာက မိတ်ကပ်၊ ခရင်တို့ပဲရှိတာ။ သနပ်ခါးကိုအရမ်းကြိုက်သွားပြီ။

**Patrick June M Ceniza၊(စတုတ္ထနှစ်၊ ရူက္ခဗေဒဌာန၊ ဖိလစ်ပိုင်နိုင်ငံ)**

ကျွန်တော် မြန်မာ့ရိုးရာသနပ်ခါးကို လိမ်းလိုက်တဲ့အခါမှာ အသားအရေအေးသွားတယ်၊ နေလို့ထိုင်လို့ ကောင်းတယ်၊ ဖိလစ်ပိုင်နိုင်ငံမှာတော့ ဒါမျိုး




အုပ်ချုပ်ရေးအဖွဲ့ဝင်။



မမေဦးခင်။



ဒေါက်တာဝင်းမြတ်အေး။



မသူဇာအောင်။

ရောင်းတာ မရှိဘူး။

**Audrey Kristina V Maypa( B.Sc (English and Literature)၊ ဖိလစ်ပိုင်)**

ကျွန်မ မြန်မာ့ရိုးရာတူရိယာကို အရမ်းစိတ်ဝင်စားတယ်။ အထူးသဖြင့် ဝါးနဲ့လုပ်ထားတဲ့ ပတ္တလားကို ပိုစိတ်ဝင်စားတယ်။ တီးလို့လည်း ကောင်းတယ်၊ ဟိုမှာ ဒါမျိုးတူရိယာမရှိဘူး။ ကျွန်မတို့နိုင်ငံမှာက ပုံစံနည်းနည်းပဲတူတဲ့ ဝါးနဲ့ လုပ်ထားတဲ့ တူရိယာပဲရှိတယ်။

**သူဇာအောင်(တတိယနှစ် အင်္ဂလိပ်စာ၊ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)**

သင်္ဘောပေါ်မှာတော့ ဆွေးနွေးပွဲတွေ အများကြီးရှိတယ်။ အဲ့ဒါအတွက် ခရီးစဉ်မသွားခင်ကတည်းက ခေါင်းစဉ်တွေ ရွေးချယ်ပြီးတော့ ပေးပြီးသားပါ။ ကျွန်မတို့ သဘောကျတဲ့ ခေါင်းစဉ်၊ သဘောကျတဲ့အပိုင်းကို ဆွေးနွေးရတာ။ သင်္ဘောပေါ်မှာ သူတို့နိုင်ငံရဲ့ယဉ်ကျေးမှုကို မျှဝေချင်တဲ့အတွက် သူတို့ရုပ်ရှင်တွေကိုပြတယ်။ကြည့်ကြတယ်။ အုပ်စုလိုက်လည်း ဂိမ်းဆော့ကြတယ်။

လာမှာပါ။ လာတဲ့အခါမှာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကတော့ ကြိုဆိုနှုတ်ခွန်းဆက်ဖို့ တာဝန်ယူမှာပါ။ ဒီကျောင်းက ကျောင်းသူတွေလည်း ဒီသင်္ဘောကြီးခရီးစဉ်မှာ ပါပါတယ်။ အဲဒီကလေးတွေကလည်း အတွေ့အကြုံပြန်ရှင်းမယ်။ အခုလည်းပဲ သင်္ဘောကြီးခရီးစဉ်က ကျောင်းသား ကျောင်းသူတွေနဲ့ ဒီကျောင်းက ကျောင်းသား ကျောင်းသူတွေ တွေ့ဆုံဆွေးနွေးခွင့်ရတဲ့အခါမှာ ပိုပြီးတော့ သင်္ဘောကြီးခရီးစဉ်ကို စိတ်ဝင်စားမှာလည်း ဖြစ်ပါတယ်။ဒီလိုမျိုးခရီးစဉ်မှာ ရွေးချယ်ခံရအောင်လို့လည်း စာကြိုးစားပြီးတဲ့နောက်မှာ အဘက်ဘက်က ပြည့်စုံအောင် ဆောင်ရွက်ကြမယ်လို့ ကျွန်မက မျှော်လင့်ပါတယ်။ ဒါ့ကြောင့် ဒီခရီးစဉ်ကို လက်ခံရတာ အရမ်းပဲဝမ်းသာပါတယ်။

**Ms Naoko HAMADA(အုပ်ချုပ်ရေးအဖွဲ့ဝင်၊**
**(၄၁)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်ရေးရာခရီးစဉ်)**

ကျွန်မက ဂျပန်ကျောင်းသူအနေနဲ့ ဒီလိုခရီးစဉ်မျိုးနဲ့ မြန်မာနိုင်ငံကို ၂၀၀၀ ပြည့်နှစ်က ရောက်ဖူးတယ်။ အဲဒီတုန်းက Homestay အစီအစဉ်

**အမေးအရေး - ခင်ချိုဝင်း၊ ဓာတ်ပုံ - ဇော်မင်းလတ်**

နောက်တစ်ခုက တစ်နိုင်ငံရဲ့ယဉ်ကျေးမှုကို တစ်နိုင်ငံက သင်ပေးကြတယ်။

ဂျပန်၊ဘရူနိုင်းနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေမှာ နှစ်ညအိပ် သုံးရက်ခရီး **Homestay Program** နဲ့ နေခဲ့ကြတယ်။ မြန်မာနိုင်ငံမှာတော့ Homestay အစီအစဉ်က တစ်ရက်တာပါ။ ကျွန်မတို့ကတော့ ကိုယ့်နိုင်ငံကို ပြန်ရောက်တဲ့အတွက် ကိုယ့်မိဘအိမ်ကို ပြန်နေလို့ရတယ်။ အဲ့ဒီနိုင်ငံတွေကို ရောက်တော့ တက္ကသိုလ်ကျောင်းတွေကို သွားရောက်လေ့လာခွင့်ရတယ်။ ကိုယ်ရွေးချယ်ထားတဲ့ ခေါင်းစဉ်နဲ့လိုက်ပြီး သွားရတဲ့နေရာတွေ ကွာခြားတယ်။သတင်းအချက်အလက်နဲ့ နည်းပညာဆွေးနွေးဖို့ကို ရွေးထားတဲ့အတွက် ကျွန်မဆိုရင် ဂျပန်မှာ မိုင်အိချီ သတင်းစာတိုက်ကို လေ့လာခွင့်ရခဲ့တယ်။

**မေဦးခင်(နည်းပြ၊အင်္ဂလိပ်စာဌာန၊**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)**

မြန်မာလူငယ်အဖွဲ့မှာ လူငယ့်ခေါင်းဆောင်အဖြစ် တာဝန်ယူရပါတယ်။ အာဆီယံနဲ့ ဂျပန်လူငယ်ခရီးစဉ်ရဲ့Homestay အစီအစဉ်ကနေ မြန်မာတွေရဲ့ နေ့စဉ် ဖြတ်သန်းမှုဘဝပုံစံတွေကို အာဆီယံနဲ့ ဂျပန်လူငယ်တွေ သိရှိခွင့်ရမယ်။ မြန်မာ့ယဉ်ကျေးမှုတွေကို လေ့လာခွင့်ရမယ်။ မြန်မာလူငယ်တွေဟာ အာဆီယံလူငယ်တွေနဲ့ ယှဉ်ရင် လုံးဝနောက်တန်းမကျပါဘူး။ သူတို့နဲ့အတူတူ ရင်ပေါင်တန်းပြီး ထူးချွန်ထက်မြက်ကြပါတယ်။ ဒီခရီးစဉ်အတွက် အင်္ဂလိပ်စာ စစ်တယ်။ အာဆီယံနဲ့ပတ်သက်တဲ့ ဗဟုသုတကို စစ်တယ်။ ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုကို ဘယ်လိုတန်ဖိုးထားမလဲဆိုတာကို စစ်တယ်။ ကိုယ်တစ်ဦးတည်းတော်တာ မဟုတ်ဘဲနဲ့ တစ်ဖွဲ့လုံးနဲ့ ဘယ်လောက်ညှိနှိုင်းဆောင်ရွက်နိုင်သလဲဆိုတဲ့ အရည်အချင်းတွေလည်း စစ်တဲ့အတွက် အဲ့ဒီအရည်အချင်းတွေ ရှိအောင် ကြိုးစားပြင်ဆင်ခဲ့ရပါတယ်။ ဒီအတွက် လျှောက်ခဲ့တာ တစ်နိုင်ငံလုံး ဆိုရင် အယောက် ၅၀၀ လောက်ရှိမယ်။ **Central Level** စစ်ဆေးမှုမှာ ၃၆၅ ယောက်ရှိတယ်။ နိုင်ငံခြားဘာသာတက္ကသိုလ်မှာ ထပ်ဖြေတော့ လူ ၆၀အောင်တယ်။ နှုတ်ဖြေအင်တာဗျူးမှာမှ ထပ်ရွေးတာ ၂၈ ယောက်ပါ။ အဓိကကတော့ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေကို ရွေးတယ်။ အစိုးရဝန်ထမ်းတွေလည်း ပါပါတယ်။ အခုခရီးစဉ်မှာ ၂၈ ယောက်က ကျောင်းသား ကျောင်းသူ၊ ကျန်တာက ပညာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနကဝန်ထမ်းတွေလည်းပါပါတယ်။

**ပါမောက္ခဒေါက်တာဝင်းမြတ်အေး**
**(ပါမောက္ခချုပ်- ငြိမ်း၊ ဆေးတက္ကသိုလ်မကွေး)**

Homestay နဲ့ပတ်သက်ပြီးတော့ နှစ်နိုင်ငံက ကလေးနှစ်ယောက်ကို ကျွန်တော်တို့အိမ်ကို ခေါ်သွားဖို့ ရှိတယ်။ ဂျပန်က ကျောင်းသားတစ်ယောက်၊ ကမ္ဘောဒီးယားက ကျောင်းသားတစ်ယောက်ပါ၊ ကျွန်တော့်အမျိုးသမီးက ဆေးတက္ကသိုလ်(၁)က သားဖွားမီးယပ် ပါမောက္ခ/ဌာနမှူးဖြစ်တဲ့အတွက် သူတို့ကျောင်းမှာ အစည်းအဝေးလုပ်တော့ ကျွန်တော်တို့က ဝမ်းသာအားရ Homestay အစီအစဉ်ကို လက်ခံတာ။ ဒီလိုမျိုး နိုင်ငံတကာက ကလေးတွေကို တွေ့ဆုံရတာ အမြတ်တစ်ခုပေါ့။နိုင်ငံပေါင်းစုံက ကလေးတွေကို မြန်မာနိုင်ငံရဲ့ လူငယ်တွေအကြောင်းကို ပြသချင်တယ်။ ကျွန်တော်တို့ အိမ်မှာလည်း ကလေးတွေရှိတော့ သူတို့နဲ့ပေးတွေ့မယ်။ ဒီလိုမျိုး Homestay လက်ခံခွင့်ရတာကို နိုင်ငံတော်အစိုးရကိုရော၊ သက်ဆိုင်ရာစီစဉ်ပေးတဲ့လူအကုန်လုံးကိုပါ ကျေးဇူးတင်ပါတယ်။

Homestay အစီအစဉ်ဖြင့် လိုက်ပါသွားကြမည့် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များသည် မိမိတို့တည်းခိုရာ မြန်မာမိသားစုများ၏ အစီအစဉ်ဖြင့် ရွှေတိဂုံဘုရား၊ ဗိုလ်ချုပ်အောင်ဆန်းဈေးအပြင် မြန်မာနိုင်ငံ၏ ရိုးရာဓလေ့ယဉ်ကျေးမှုနှင့် အစားအစာတို့ကို ထိတွေ့ရမည်မှာ ဧကန်ဖြစ်ပါသည်။ ။

**❖ အရှည်ပေမှ**

ပင်မတံတားပေါ်တွင် အလယ်ခုံးအရှည်မှာ မီတာ ၁၈၀ ရှိပြီး ဘေးတစ်ဖက်တစ်ချက် ခုံးနှစ်ခုံးမှာ တစ်ခုံးလျှင် အရှည်မီတာ ၁၂၀ ရှိသည်။ ယင်းခုံးများကို တောင်ကိုရီးယားနိုင်ငံမှ ပညာရှင်များက ပြုလုပ်မည်ဖြစ်ပြီး တံတားဘေးပေါင်များကို ဂျပန်နည်းပညာဖြင့် ပြုလုပ်မည်ဖြစ်ပြီး စနစ်တကျ ကရိန်းနှင့်တံတားပေါ် တပ်ဆင်သွားမည်ဖြစ်သည်။

အဆိုပါ သံလွင်တံတား(ချောင်းဆုံ)ကို ၂၀၁၄-၂၀၁၅ တွင် ငွေကျပ်လေးဘီလီယံနှင့်စတင်တည်ဆောက်ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ရာ တံတားတစ်စင်းလုံး၏ ကုန်ကျငွေမှာ ၆၇ ဘီလီယံခန့်ကုန်ကျမည်ဖြစ်ပြီး တံတားတည်ဆောက်ရေးကာလ သုံးနှစ်စီမံကိန်းဖြင့် တည်ဆောက်သွားမည်ဟုသိရသည်။ သံလွင်တံတား(ချောင်းဆုံ)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများအဖွဲ့(၅)က တာဝန်ယူဆောက်လုပ်မည်ဖြစ်ကြောင်း အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်ကပြောသည်။ အဆိုပါတံတားတည်ဆောက်ပြီးစီးပါက ကျေးရွာများနှင့်မြို့များ အချိန်တိုအတွင်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

**(၄၄၁)**

# ထိုင်းနှင့် မလေးရှား ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးတက်

**ရန်ကုန် နိုဝင်ဘာ ၂၉**

အာဆီယံဆူဇူကီးဖလားဘောလုံးပြိုင်ပွဲအုပ်စု(ခ)နောက်ဆုံးပွဲစဉ်များကို ယနေ့ဆက်လက်ကျင်းပရာ မြန်မာအသင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့ပြီး ထိုင်းနှင့်မလေးရှားတို့ ဆီမီးတက်သွားသည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ပွဲစဉ်တွင် ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာအသင်းမှာ နိုင်ပွဲမရှိဘဲအုပ်စုအဆင့်မှာပင် ထွက်ခဲ့ရသည်။ မြန်မာအသင်းမှာ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အနည်းငယ်ရှိ၍ ပွဲစကတည်းက အနိုင်ရရှိရေးကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်ဂိုးသွင်းအားနည်းခဲ့၍ ဂိုးမရခဲ့ဘဲ ရှုံးပွဲဖြင့်သာရင်ဆိုင်ခဲ့ရသည်။ အိမ်ရှင်စင်ကာပူနှင့် မလေးရှားအသင်းတို့ပွဲတွင် မလေးရှားအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(ခ)ပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက သုံးပွဲနိုင်ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မလေးရှားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် ဆီမီးအဆင့်သို့တက်ရောက်သွားသည်။ သုံးမှတ်ရရှိသည့် လက်ရှိချန်ပီယံ စင်ကာပူနှင့် တစ်မှတ်ရရှိသည့် မြန်မာအသင်းမှာ ဆူဇူကီးဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

**(ရှိုင်းထက်ဇော်)**

# သမိုင်းအသစ် တွင်ရစ်နေပါလိမ့်မည်

အေးကြွယ်

၂၀၁၄ ခုနှစ်သည် ခေတ်သစ်မြန်မာနိုင်ငံရေးခရီးအတွက် အရေးကြီးသည့် အလှည့်အပြောင်းများ၊ အောင်မြင်မှုများကို ထွေးပွေ့သယ်ဆောင်နိုင်သည့် နှစ်တစ်နှစ်ဟုဆိုချင်ပါသည်။ လူမှန်းသိတတ်သည့် အရွယ်ကတည်းကပင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအဖြစ်သနစ်များကို စိတ်ဝင်တစားစောင့်ကြည့်နေမိခဲ့သူတစ်ဦးအတွက် စိတ်အလှုပ်ရှားဆုံးနှင့် ရင်အခုန်ဆုံး နှစ်တစ်နှစ်ဟုလည်း ပြောရပါမည်။ ဤကဲ့သို့သော အောင်မြင်မှုမျိုး၊ အလှည့်အပြောင်းမျိုးကို နှစ်ပေါင်းများစွာကပင် မဝံ့မရဲ စောင့်ဆိုင်းနေခဲ့ဖူးသည်။ လွတ်လပ်ရေးသက်တမ်းနှင့် အမျှကြာမောခဲ့ရသည့် ခေတ်မီနိုင်ငံတစ်နိုင်ငံဖြစ်ရေးဆိုသည့် အိပ်မက်ရှည်ကြီးက အမှန်ပင် ရုပ်လုံးပေါ်လာသလိုလည်း ခံစားမိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကမ္ဘာ့နိုင်ငံရေးမျက်နှာစာတွင် ဆယ်စုနှစ်များစွာ မျက်နှာငယ်ခဲ့ရပြီး နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အဆက်ပြတ်အထီးကျန်ဖြစ်ခဲ့ရသည့် မြန်မာနိုင်ငံကို ကမ္ဘာ့နိုင်ငံရေးမျက်နှာစာတွင် ပြန်လည်နေရာရရှိအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။

**"အာဆီယံဥက္ကဋ္ဌနှင့် မြန်မာ"**

မှတ်မိနေပါသေးသည်။ လွန်ခဲ့သော ၁၇ နှစ်ခန့်က မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် လက်ခံရေးကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်မှုများ၊ ဝေဖန်မှုများ၊ သံသယဖြစ်မှုများဖြင့် ပွက်လောညံခဲ့ကြသည်။ အနောက်နိုင်ငံကြီးအချို့၏ ကန့်ကွက်ဖိအားပေးမှုများက ကမ္ဘာတစ်ဝန်းစိတ်ဝင်တစားစောင့်ကြည့်နေဖြစ်သွားအောင်တမင်တွန်းပို့ခဲ့ကြသည်။ မြန်မာနိုင်ငံကို အာဆီယံနိုင်ငံများထဲမှ ခွဲထုတ်ဖို့လည်း အမျိုးမျိုးကြိုးပမ်းခဲ့ကြသည်။ မြန်မာ့ပြည်တွင်းရေးကိစ္စများအပေါ် အကြောင်းတရားခိုင်ခိုင်မာမာမရှိဘဲ ရမယ်ရှာကန့်ကွက်ခဲ့ကြသည်။ သို့သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများကို ပြည်တွင်းနည်းလမ်းဖြင့်သာ အဖြေရှာနိုင်သည်ဟုနားလည်ခဲ့ကြပြီး အားပေးထောက်ခံကူညီခဲ့ကြသည်။ မြန်မာနိုင်ငံကို တစ်နိုင်ငံတည်း အထီးကျန်မဖြစ်စေရန်လည်း အာဆီယံနိုင်ငံများက ဖေးမဝန်းရံပေးခဲ့သည်။ အမှန်တိုင်းပြောရလျှင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာရန် ကန့်ကွက်မှုအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုးကို ကျော်လွှားဖြတ်သန်း၍ ခက်ခက်ခဲခဲဝင်ရောက်ခဲ့ရသည့်အဖြစ်ကို ပြန်လည်မြင်ယောင်နေမိပါသေးသည်။

တကယ်တမ်းပြောရလျှင် ၂၀၁၀ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးက မြန်မာ့နိုင်ငံရေးအလှည့်အပြောင်းကြီးကို များစွာအကျိုးသက်ရောက်မှုရှိစေခဲ့သည်ဟု ဆိုရမည်။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံအများစုမျက်နှာမူရာဖြစ်နေသည့် ဒီမိုကရေစီစနစ်ကို အသာတကြည်ကူးပြောင်းနိုင်ခဲ့သလိုနိုင်ငံရေးယဉ်ကျေးမှုအသစ်ဇာတ်ကောင်အသစ်များကိုလည်း ဟန်ကျပန်ကျ ပြောင်းလဲနိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဧပြီလတွင် ဂျကာတာ၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးကြီးတွင် နိုင်ငံတော်သမ္မတကြီးက **"မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဉက္ကဋ္ဌတာဝန်ကို ရယူလိုကြောင်း"** ရဲရဲဝံ့ဝံ့အဆိုပြုခဲ့သည်ကို တွေးမိပြီး အလွန်တရာအံ့သြမိသည်။ အစိုးရသက်တမ်းနုနယ်စဉ်ကာလအတွင်း ယခုကဲ့သို့ ကြီးလေးသောတာဝန်များကို ထမ်းဆောင်ရန်တောင်းဆိုလိုက်ခြင်းကြောင့် ဖြစ်မှဖြစ်နိုင်ပါ့မလားဆိုသည့် သံသယစိတ်ဖြင့်အကြည့်ခံခဲ့ရသည်။ ဒေသတွင်းမျက်နှာစာနှင့် ကမ္ဘာ့မျက်နှာစာများတွင် အခြားနိုင်ငံများနည်းတူ ပြန်လည်နေရာရရှိရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည်ဟု နားလည်ယုံကြည်မှုဖြင့် ရဲရဲရင့်ရင့်ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်သည်။ အထူးသဖြင့် ဆယ်စုနှစ်များနှင့်ချီ၍ အဆက်ပြတ်နေသော နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပိုမိုနီးကပ်ဆက်ဆံနိုင်ရန် မိမိနိုင်ငံနှင့်လူမျိုး၏ လုပ်ကိုင်နိုင်စွမ်းကိုပြသနိုင်ရန်အတွက် တောင်းဆိုခဲ့ခြင်းပင်ဖြစ်သည်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကိုထိုက်တန်ပြီး စွမ်းဆောင်ရည်ရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ်သက်သေပြသခဲ့ပြီးဖြစ်သည်။ အစိုးရသက်တမ်းနုနယ်စဉ်ကာလအတွင်း အာဆီယံထိပ်သီးအစည်းအဝေးများ၊ ဆက်စပ်အစည်းအဝေးများကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ တကယ်တမ်းဆန်းစစ်ကြည့်လျှင် နိုင်ငံတော်အစိုးရအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် ကြီးမားသည့် ဝန်ထုပ်ဝန်ပိုးကြီးများကို သယ်ပိုးထမ်းဆောင်ခဲ့ရသည်။ အာဆီယံထိပ်သီးအစည်းအဝေး၊ ဝန်ကြီးအဆင့်အစည်းအဝေးများမှသည် လုပ်ငန်းစုအဖွဲ့အစည်းအဝေးများအထိ တစ်နှစ်အတွင်း အစည်းအဝေးပေါင်း ၄၀၀ ခန့် လက်ခံကျင်းပရမည်ဖြစ်သည့်အတွက် ဘယ်မှာလဲ အခြေခံအဆောက်အအုံ၊ ဘယ်မှာလဲ ဝန်ဆောင်မှု၊ ဘယ်မှာလဲ ကျွမ်းကျင်မှုဆိုသည့် မေးခွန်းပေါင်းများစွာ မေးခွန်းထုတ်ခံခဲ့ရဖူးသည်။

မည်သို့ပင်ဖြစ်စေ အာဆီယံဥက္ကဋ္ဌတာဝန်ကို အကြောင်းပြု၍ မြန်မာ့မြေပေါ်သို့ ကမ္ဘာ့ခေါင်းဆောင်ကြီးများက လာရောက်ဆွေးနွေးခဲ့ကြ၊ လည်ပတ်ခဲ့ကြသည့်ပုံရိပ်များ၊ ပြုံးပျော်ရွှင်မြူးစွာစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည့် ပုံရိပ်များမှာ နောင်လာနောက်သားများအတွက် ပြောစမှတ်တွင်ရစ်ကြမည့် ဂုဏ်ယူစရာသမိုင်းမှတ်တိုင်များပင်ဖြစ်သည်။

**၂၀၁၅ အလွန် အာဆီယံအသိုက်အဝန်း**

ယေဘုယျအားဖြင့် အာဆီယံမျှော်မှန်းချက် ၂၀၂၀ ကို လေ့လာကြည့်လျှင် **"အမြင်ကျယ်မှုနှင့် တွန်းအားရှိသည့် စီးပွားရေးတိုးတက်မှုများကိုရရှိလျက် ကရုဏာတရားပြည့်ဝသည့်ပတ်ဝန်းကျင်တွင် ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ ချမ်းသာကြွယ်ဝခြင်းများဖြင့် တက်ညီလက်ညီအတူတကွ စုပေါင်းနေထိုင်သည့် အသိုက်အဝန်း"**အဖြစ် အကောင်အထည်ဖော်ရန် မျှော်မှန်းထားကြောင်း တွေ့ရသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းကို လက်လှမ်းတမီ လေ့လာကြည့်လျှင် အာဆီယံသည်-

(က) အရည်အသွေးမြင့်မားသည့် အသိုက်အဝန်းတစ်ခု၊

(ခ) ဆင်းရဲနွမ်းပါးမှု အမျိုးအစားကို လျှော့ချပြီး သာတူညီမျှရှိသည့် စီးပွားရေးအသိုက်အဝန်းတစ်ခု၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တိုးတက်ဖွံ့ဖြိုးရေးမှုကို ရှေးရှုပြီး သဘာဝဘေးအန္တရာယ်များ၊ အခက်အခဲများ၊ အကျပ်အတည်းများကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ပြန်လည်ရှင်သန်တိုးတက်နိုင်စွမ်းရှိသည့် အသိုက်အဝန်းတစ်ခု၊

(ဃ) အာဆီယံစိတ်ဓာတ်ရင့်သန်ပြီး တစ်ဦးကိုတစ်ဦး ကူညီစောင့်ရှောက်တတ်သည့် အသိုက်အဝန်းတစ်ခု၊

(င) တစ်ဦး၏ ယဉ်ကျေးမှု၊ ကိုးကွယ်မှု၊ ဘာသာဓလေ့ထုံးစံများကို နားလည်လေးစားလက်ခံကြသည့် မေတ္တာတရားနှင့် ဖြဟ္မစိုရ်တရားများ ထွန်းကားသည့် အသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာတော့မည်ဖြစ်သည်။ အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတကြီးက ၂၀၁၄ ခုနှစ် အာဆီယံ အလှည့်ကျဉက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးတွင် **"(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆွေးနွေးဖက်ဆက်စပ်အစည်းအဝေးများ၊ အရှေ့အာရှထိပ်သီးအစည်းအဝေးများကို အောင်အောင်မြင်မြင်ကျင်းပပြုလုပ်နိုင်ခြင်းအားဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ထူထောင်နိုင်ရေး အတွက် အခြေခံအုတ်မြစ်ချပေးနိုင်ရေးကို များစွာအကျိုးသက်ရောက်မှုရှိပါကြောင်း"**ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ မည်သို့ပင်ဖြစ်စေ၊ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ခြင်းသည် ၂၀၁၅ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းကြီး အောင်မြင်စွာ ပေါ်ပေါက်လာရန် အုတ်မြစ်ချပေးနိုင်ခဲ့သည့်အပြင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ရာရောက်သည့်အတွက် အမှန်ပင် သမိုင်းတွင်ကျန်ရစ်ခဲ့မည်ဖြစ်သည်။

**G-20 ထိပ်သီးအစည်းအဝေးနှင့်မြန်မာနိုင်ငံ**

မကြာသေးခင်က ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် G-20 ထိပ်သီးအစည်းအဝေးကြီး ကျင်းပပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ယင်းအစည်းအဝေးကြီးတွင် မြန်မာနိုင်ငံမှ သမ္မတတစ်ဦးကို ပထမဆုံးတွေ့မြင်ခဲ့ရသည့်အတွက် နိုင်ငံသားတစ်ဦးအနေဖြင့် ဝမ်းသာကြည်နူးဖြစ်ရသည်။ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံသောဈေးကွက်ကိုပိုင်ဆိုင်ထားပြီး ကမ္ဘာပေါ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ အင်အားကြီးသော G-20 အစည်းအဝေးကြီး၌ မြန်မာနိုင်ငံ၏ သမ္မတတစ်ဦးကို ကမ္ဘာ့နိုင်ငံများ၏ ခေါင်းဆောင်များနှင့်အတူ ယခုကဲ့သို့တွေ့မြင်ခဲ့ရခြင်း၊ နေရာပေးခံရခြင်းအတွက် ဂုဏ်ယူရမည်ဖြစ်သည်။ ယခင်က ယခုကဲ့သို့ G-20 အစည်းအဝေးကြီးတွင် မြန်မာနိုင်ငံသမ္မတတစ်ဦးကိုဖိတ်ကြားခံရဖို့၊ နေရာပေးခံရဖို့ဆိုသည်မှာ အိပ်မက်တစ်ခုပမာ မသေမချာဝေဝါးနေခဲ့ရသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းမျက်နှာစာတွင်သာမက ကမ္ဘာ့မျက်နှာစာနေရာများတွင်ပါ အခြားနိုင်ငံများနည်းတူ ပြန်လည်နေရာယူနိုင်လာခဲ့ခြင်းကို ဂုဏ်ယူမိခြင်းဖြစ်သည်။

ယခု G-20 ကမ္ဘာ့ထိပ်သီးအစည်းအဝေး တက်ရောက်မှုကိုပြန်ကြည့်လျှင် စင်ကာပူ၊ နယူးဇီလန်၊ စပိန်၊ အာဖရိကသမဂ္ဂ၊ အာဖရိကဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်နေသည့် (NEPAD)၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ဘဏ္ဍာရေးတည်ငြိမ်မှုဘုတ်အဖွဲ့ (FSB)၊ အိုအီးစီဒီ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၊ ကုလသမဂ္ဂ(UN)၊ ကမ္ဘာ့အလုပ်သမားအဖွဲ့(ILO) စသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ခေါင်းဆောင် ၃၄ ဦးတို့တစ်ပြိုင်တည်း တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေး၊ စဉ်ဆက်မပြတ်ဖြစ်ထွန်း၍ ဘက်ညီသော စီးပွားရေးတိုးတက်မှုများ ဖြစ်ပေါ်စေရေး၊ ကမ္ဘာ့စီးပွားရေးနှင့် ဘဏ္ဍာရေး အကျပ်အတည်းများ ထပ်မံမဖြစ်ပေါ်စေရေးတို့အတွက် ပူးပေါင်းဆွေးနွေးအဖြေရှာခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည့်နည်းတူ မြန်မာ့မြေပေါ်၌ ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးများ၏ ခေါင်းဆောင်များ လာရောက်ဆွေးနွေးလည်ပတ်ခဲ့ကြပုံများ၊ အတူတကွ ပြုံးပျော်လက်တွဲမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည့်ပုံများနှင့်မြန်မာနိုင်ငံသမ္မတကြီးတစ်ဦးက ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များနှင့်အတူ G-20 ထိပ်သီးအစည်းအဝေးကြီးသို့ တက်ရောက်ဆွေးနွေးနေရာပေးခံခဲ့ရသည့် ပုံရိပ်များမှာ နောင်လာနောက်သားများအတွက် ပြောစမှတ်တွင်ကျန်ရစ်မည့် ဂုဏ်ယူဖွယ်သမိုင်းမှတ်တိုင်များပင် ဖြစ်ပေသည်။ ။

> ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည့်နည်းတူ မြန်မာ့မြေပေါ်၌ ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးများ၏ ခေါင်းဆောင်များ လာရောက်ဆွေးနွေးလည်ပတ်ခဲ့ကြပုံများ၊ အတူတကွ ပြုံးပျော်လက်တွဲ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည့်ပုံများနှင့် မြန်မာနိုင်ငံသမ္မတကြီးတစ်ဦးက ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များနှင့်အတူ G-20 ထိပ်သီးအစည်းအဝေးကြီးသို့ တက်ရောက်ဆွေးနွေး နေရာပေးခံခဲ့ရသည့် ပုံရိပ်များမှာ နောင်လာနောက်သားများအတွက် ပြောစမှတ်တွင်ကျန်ရစ်မည့် ဂုဏ်ယူဖွယ်သမိုင်းမှတ်တိုင်များပင်ဖြစ်



ပြည်တွင်းရေးရာ

# ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၉**



နိုင်ငံတော်အစိုးရအနေဖြင့် စနစ်ဟောင်းမှ စနစ်သစ်တစ်ခုသို့ ညင်သာချောမွေ့စွာ ကူးပြောင်းရာတွင် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ လိုအပ်သော အခြေခံများ ပြည့်စုံအောင် အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသတစ်ခုနှင့်တစ်ခု ဆူကြုံနိမ့်မြင့် ကွာဟနေမှုများ လျော့နည်းကျဆင်း၍ တိုင်းဒေသကြီး/ ပြည်နယ်အားလုံး တစ်ပြေးညီ မျှမျှတတဖွံ့ဖြိုးတိုးတက်စေပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကျေးလက်သား ရင်သားမခွဲခြားဘဲ တိုးတက်စေရမည်ဟူသော မွန်မြတ်သည့် ရည်မှန်းချက်ထားရှိဆောင်ရွက်နေကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုဝင်ဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ခန်းမ၌ ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်များအတွင်းရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာလုပ်ငန်းစဉ်(၄)ရပ်အနက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် အရေးအကြီးဆုံးနှင့် အသိမ်မွေ့ဆုံးဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ပြည်သူတို့၏ အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာ လုံခြုံမှုအတွက် နိုင်ငံရေးအခြေအနေများ တည်ငြိမ်အေးချမ်းရန်အတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့်ပတ်သက်ပြီး ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ မိမိတို့ဒေသ၏လိုအပ်ချက်များကို တင်ပြကြရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် ကတ်ထိုက်/ဝပ်ဆောင်းကျေးရွာအုပ်စု သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ပညာပေးစံပြစိုက်ခင်း ဖော်ထုတ်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ အဆိုပါ ပညာပေး စံပြစိုက်ခင်းကို နွေစပါးစိုက်ပျိုးရာသီ အမီပြီးစီးရေး စက်ယန္တရားများဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ချစ်ကြည်ရေးသင်္ဘောခရီးစဉ်ပါ လူငယ်များနှင့် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ကျောင်းသားလူငယ်များ တွေ့ဆုံ၊ ဂုဏ်ပြုညစာစားပွဲတည်ခင်းဧည့်ခံ

**ရန်ကုန် နိုဝင်ဘာ ၂၉**




မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ရောက်ရှိသည့် (၄၁)ကြိမ်မြောက် အာဆီယံနှင့် ဂျပန်ချစ်ကြည်ရေး သင်္ဘောခရီးစဉ်ပါ လူငယ်များနှင့် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ဒေသခံ ကျောင်းသားလူငယ်များ တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်နှင့် ရန်ကုန်နည်းပညာ တက္ကသိုလ်တို့တွင် တစ်ပြိုင်တည်း ကျင်းပသည်။

ရန်ကုန်တက္ကသိုလ်၌ ကျင်းပသည့် တွေ့ဆုံပွဲကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ သင်္ဘောကြီးပေါ်တွင် လိုက်ပါလာသည့် နိုင်ငံအလိုက် အဖွဲ့ခေါင်းဆောင်များက ကျောင်းသားများနှင့် မိတ်ဆက်ပေးကာ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်နိုင်က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး အမှတ်တရလက်ဆောင်များ လဲလှယ်ကြသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသူတစ်ဦးက ရန်ကုန်တက္ကသိုလ်အကြောင်း မိတ်ဆက်ရှင်းပြ၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့် အပြန်အလှန် ဖျော်ဖြေတင်ဆက်ကြပြီး ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်းရှိ အထင်ကရနေရာများအား လှည့်လည်လေ့လာကာ နေ့လယ်စာ သုံးဆောင်ကြသည်။

မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိတက္ကသိုလ်စိန်ရတုခန်းမ၌ Homestay အခမ်းအနားကို ကျင်းပရာ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ ဒေါက်တာမေစန်းရီက လိုက်နာရမည့် အစီအစဉ်များ ပြောကြားပြီး ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခိုင်မြဲက အမှာစကား ပြောကြားသည်။


အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ ချစ်ကြည်ရေးသင်္ဘောခရီးစဉ်တွင်ပါရှိသည့် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ လူငယ်များအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ်နှင့် ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E . Mr. Tateshi HIGUCHI ၊ သင်္ဘောခရီးစဉ်တွင် လိုက်ပါလာသည့် နိုင်ငံ ၁၁ နိုင်ငံမှ လူငယ်ကိုယ်စားလှယ် ၃၁၉ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှကျောင်းသား ကျောင်းသူများက မြန်မာမှုအကပဒေသာများဖြင့် ဖျော်ဖြေခြင်း၊ အာဆီယံနှင့် ဂျပန်နိုင်ငံတို့မှ လူငယ်ကျောင်းသားကျောင်းသူများက နိုင်ငံအလိုက် ယဉ်ကျေးမှု အကပဒေသာများဖြင့် ရင်းနှီးချစ်ခင်စွာ ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံအလိုက် ကိုယ်စားပြုခေါင်းဆောင်များနှင့် သင်္ဘောမှ တာဝန်ရှိသူတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ **(အပေါ်ပုံ)**

**(ခင်ချိုဝင်း)**



## ဗုဒ္ဓဂယာဘုရားဖူးခရီးသွား သိမှတ်ဖွယ်ရာများ



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်အမျိုးမျိုးလှည့်လည်သွားလာဖူးမြော်ရမည့် မြတ်စွာဘုရားနှင့်ဆိုင်ရာဒေသများ၊ အလွန်ကျယ်ပြန့်သည့် ဘုရားဖူးခရီးရှည်တို့ကို ရုပ်ပုံများနှင့်တကွ ဆရာအောင်ချိန်ဘွားက တင်ပြထားသည်။

ဗုဒ္ဓဂယာသည် ဘုရားဖူးများ မမှတ်မိလောက်အောင် မျက်စိလည်နိုင်ရာ သွားရောက်ပြီးသူများလည်း ပြန်လည်သတိရ၊ သွားမည့်သူများလည်း ကြိုတင်လေ့လာနိုင်ရန်အတွက် ဘုရားဖူးမှတ်တမ်းအသွင် ထုတ်ဝေထားသည်။ ယင်းစာအုပ်ကို ဆုပြည့်စုံထွန်း စာပေအမှတ် ၅၀၈/၅၁၂(၂-ခ) ပထမထပ် ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၃၆၆၄ က တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## ယဉ်ကျေးလိမ္မာသင်စရာ




ဂန္ထဝါစကပဏ္ဍိတသဒ္ဓမ္မဇောတိကဓဇ သာသနာပြုနယ်လှည့်ဓမ္မကထိက နိုင်ငံတော်ဘွဲ့တံဆိပ်တော် (၉)ဘွဲ့ရ ဆရာတော်အရှင်အာစာရ လင်္ကာရ(စစ်ကိုင်းရွှေဟင်္သာ)ရေးသားသော ကိုးဘွဲ့ရတရားပေါင်းချုပ်စာအုပ်၊ ယဉ်ကျေးလိမ္မာ သင်စရာ (ဆရာကိုင်) စာအုပ်အတွဲ(၁ မှ ၄) ထိ ထွက်ရှိလာသည်။ ယင်းစာအုပ်ကို ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက် (၄၂)ရပ်ကွက် မြောက်ဒဂုံ ရန်ကုန်မြို့ ဖုန်း-၀၉-၂၁၁၀၃၀၅ မှ ဖြန့်ချိပြီး စာအုပ်တွင် ဘုရားရှိခိုး၊ တရားရှုမှတ်ပွားနည်း၊ ဗုဒ္ဓဖြစ်စဉ်ဗုဒ္ဓဝင်၊ မင်္ဂလာသင်တန်း၊ ဓမ္မဂီတတေးသီချင်း၊ ကလေးတို့ချစ်တဲ့ဗိုလ်ချုပ်အောင်ဆန်း စသည်တို့ပါဝင်သည်။

## နတ်ပြည်မှာ အောင်ပွဲခံချင်သူများအတွက်



ဤစာအုပ်တွင် နတ်ပြည်မှာ အောင်ပွဲခံနေသည့် နတ်သားနတ်သမီးများအကြောင်းကိုထုတ်နုတ်ရေးသားထားသည့် စာအုပ်ဖြစ်သည့်အပြင် ပညာနည်းစနစ်ပေးသည့်ဝတ္ထု၊ အတုယူစရာကောင်းသည့်ဝတ္ထုများကို ထုတ်နုတ်ပြီး ရေးသားထားသည့် စာအုပ်လည်းဖြစ်သည်။ စာဖတ်ပရိသတ်များအား လူ့စည်းစိမ်ချမ်းသာ၊ နတ်စည်းစိမ်ချမ်းသာတို့ကို ပိုင်ဆိုင်ပြီး နတ်ပြည်သို့ ရောက်နိုင်ရေးအတွက် စာရေးသူ ဉာတိခမ်းက ရေးသားတင်ပြထားသည်။ နတ်ပြည်မှာ အောင်ပွဲခံချင်သူများအတွက် စာအုပ်ကို ပါရမီစာပေတိုက် ၁၉ လမ်း(အထက်) ဖုန်း-၀၁-၂၅၃၂၄၆ က တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## ပေါက်ဖော်တို့ဌာနီ စိန့်တိုင်းပြည်




တရုတ်နိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများသမဂ္ဂ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံစာရေးဆရာအသင်း ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးအဖြစ် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့စဉ် တရုတ်နိုင်ငံမီဒီယာ၊ စာနယ်ဇင်း၊ ရုပ်မြင်သံကြားလုပ်ငန်းများအား လေ့လာခဲ့သော အတွေ့အကြုံများကို ခရီးသွားဆောင်းပါးရှည်အဖြစ် ရေးသားခဲ့သည့် လုံးချင်းစာအုပ်ဖြစ်သည်။

တရုတ်စာနယ်ဇင်း၊ ရုပ်မြင်သံကြားလုပ်ငန်းများသာမက လက်လှမ်းမီသမျှ ရောက်ရှိကြုံတွေ့ခဲ့ရသော တရုတ်နိုင်ငံ၏ သမိုင်းယဉ်ကျေးမှု၊ အနုပညာများ အကြောင်းတို့ကိုပါ ဖော်ပြထားသည်။

စာအုပ်ကို Digest Media Bank စာပေတိုက် အမှတ်(၈၁)(၄၉) လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၁၇၆၊ ၂၉၀၃၇၀ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုညစာစားပွဲတွင် အမှာစကားပြောကြားစဉ်။ (အပေါ်ပုံ) နှင့် တက်ရောက်သူများအား တွေ့ရစဉ်။ (အောက်ပုံ)
(သတင်းစဉ်)



☆ **အာဆီယံမှ**

အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဘောလုံးအသင်းများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ကုမ္ပဏီများမှ အလှူရှင်များ၊ အနုပညာရှင်၊ အတတ်ပညာရှင်များ စုစုပေါင်း ၁၃၆၄ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသော (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးသည့်အဖွဲ့များ၊ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလား ၂၀၁၅ ခုနှစ် ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ယူ-၁၉ လက်ရွေးစင်ဘောလုံးအသင်းတို့နှင့် ပျူရှေးဟောင်းမြို့ကြီးသုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်အောင် ဆောင်ရွက်ခဲ့သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ဂုဏ်ပြုနှုတ်ဆက်အမှာစကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် **ယခုဧည့်ခံပွဲသည် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုခြင်းဖြစ်သကဲ့သို့ ယူ-၂၀ ကမ္ဘာ့ဘောလုံး အားကစားပြိုင်ပွဲ၏ ခြေစစ်ပွဲကို အောင်မြင်ပြီး ကမ္ဘာ့အဆင့်ကို တက်လှမ်းနိုင်အောင် စွမ်းဆောင်နိုင်ခဲ့ကြသည့် မြန်မာနိုင်ငံမှ ယူ-၁၉ ဘောလုံး အားကစားသမားများနှင့် ပျူရှေးဟောင်းမြို့ကြီးသုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်အောင် ဆောင်ရွက်ခဲ့သူများကို ဂုဏ်ပြုခြင်းလည်းဖြစ်ပါကြောင်း။**

**၂၀၁၄ ခုနှစ်သည် မြန်မာနိုင်ငံအတွက် အလွန်ထူးခြားသည့်နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်မတိုင်မီကတည်းက ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် စည်ကားသိုက်မြိုက်စွာဖြင့် ကြီးကျယ်ခမ်းနားစွာလက်ခံကျင်းပနိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွက် အောင်မြင်မှုလမ်းကြောင်းကို အစပျိုးနိုင်ခဲ့ကြပါကြောင်း။**

**ယခုနှစ် ဇန်နဝါရီလမှစတင်၍ တစ်နှစ်တာကာလပတ်လုံး နိုင်ငံတော်အဆင့် အာဆီယံထိပ်သီးအစည်းအဝေးများ၊ အရှေ့အာရှထိပ်သီးအစည်းအဝေးများ၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးများအပါအဝင် အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ၊ လုပ်ငန်းအဖွဲ့အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အောင်မြင်စွာလက်ခံကျင်းပပေးနိုင်ခဲ့ကြပါကြောင်း။**

**ထို့အပြင် အာဆီယံဥက္ကဋ္ဌသက်တမ်းတစ်လျှောက်တွင် ASEAN Institute for Green Economy(AIGE) ကို စတင် ထူထောင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌအဖြစ် ဦးစီးဦးဆောင်ပြုဆောင်ရွက်နိုင်စွမ်းအားကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ၊ ပြင်ပနိုင်ငံများမှ ချီးကျူးထောက်ခံအားပေးခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုများသည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်း၏ ဆောင်ရွက်မှုအားဖြင့် ဆောင်ကြဉ်း၍မရနိုင်ပါကြောင်း။**

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရာ၌ မူဝါဒပိုင်းဆိုင်ရာ ကြီးကြပ် ညွှန်ကြားသွားနိုင်ရန်နှင့် ဝန်ကြီးဌာနများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားနိုင်ရန် ဖွဲ့စည်းထားသော ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုအောက်တွင် ထိပ်သီးနှင့်ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီ (၁၇) ရပ်၏ ကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ ထင်ရှားသည့် သမိုင်းမှတ်တိုင်ကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

လွန်ခဲ့သော (၁၇)နှစ်က မြန်မာနိုင်ငံသည် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် အရှေ့တောင်အာရှနိုင်ငံများအသင်းကြီးတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပါကြောင်း၊ စစ်အေးကာလအတွင်းမှာ မည်သူ့ဘက်ကမှမလိုက်ဘဲ တင်းကျပ်သည့် ကြားနေနိုင်ငံဘဝကနေ ဘက်မလိုက်သော်လည်း မိမိ၏အခြေခံမူများကိုစွဲကိုင်ပြီး နိုင်ငံတကာရေးရာများတွင် တက်ကြွစွာပါဝင်မည်ဟူသည့် ပြောင်းလဲလာသော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

**ဒီမိုကရေစီသို့ ကူးပြောင်းရန် ကြိုးပမ်းစဉ်ကာလ၌ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းတွင် အခက်အခဲများကို ရင်ဆိုင်ခဲ့ရသော်လည်း ၂၀၁၁ ခုနှစ် မိမိတို့အစိုးရ တက်ရောက်လာပြီးသည့်နောက်ပိုင်း၌ နိုင်ငံတကာ၏ လက်ခံမှုကိုရရှိခဲ့ပြီး နိုင်ငံတကာအသိုက်အဝန်းမှ တက်ကြွစွာ ပါဝင်လာနိုင်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း နောက်ပြန်မလှည့်စတမ်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊** ဤသို့ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်မှုများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ တိုးတက်လာခဲ့ပြီး ပြည်သူများအနေဖြင့် အကျိုးရလဒ်များခံစားလာနိုင်ခဲ့ကြပါကြောင်း၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုသည် အခြေခံလိုအပ်ချက်ဖြစ်ခြင်းကြောင့် ကာလရှည်ကြာစွာ ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းပဋိပက္ခကို ငြိမ်းချမ်းအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသော်လည်း အောင်မြင်စွာကျော်လွှားပြီး စစ်မှန်၍ ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို ရရှိနိုင်လိမ့်မည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ထားပါကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်တိုးတက်မှုသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အခြေခံမည်ဟု ယုံကြည်သည့်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်တွင်းရေးသာမက ပြည်ပဆက်ဆံရေးတွင်လည်း မြန်မာနိုင်ငံကို နိုင်ငံတကာ အသိုက်အဝန်းအတွင်း တက်ကြွစွာ ပါဝင်လာနိုင်အောင် ကြိုးပမ်းခဲ့ပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအတွင်း ပါဝင်လာနိုင်အောင် ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သော အာဆီယံသည် များစွာအရေးပါပါကြောင်း၊ အရှေ့တောင်အာရှဒေသအတွင်း လွန်ခဲ့သည့် နှစ်(၅၀)အတွင်း၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရေးကို ကြိုးပမ်းရာတွင် အာဆီယံသည် အဓိကကျခဲ့ပြီး ယင်းသို့ ငြိမ်းချမ်းတည်ငြိမ်မှုများကြောင့်လည်း အာဆီယံနိုင်ငံများအနေဖြင့် ၁၉၇၀ ခုနှစ်များမှစ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင် ဆောင်ကြဉ်းနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အာဆီယံသည် တစ်နိုင်ငံချင်း ဆောင်ရွက်မှုမှနေ၍ အစုအဖွဲ့၏အကျိုးကို အထောက်အကူပြုခဲ့သည်ကိုတွေ့ရပြီး ဤအစုအဖွဲ့သည်လည်း အဖွဲ့ဝင်တစ်နိုင်ငံစီကို အပြန်အလှန် အကျိုးပြုနေသည်ကို တွေ့ရပါကြောင်း၊ ယနေ့ကာလတွင်မူ အာဆီယံသည် တိုးတက်ထွန်းကားပြီး ကမ္ဘာပေါ်၌ အောင်မြင်သည့် ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိပါကြောင်း။

မိမိတို့ အစိုးရတက်လာပြီးနောက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်၏ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သင့်ပြီဟု ယူဆသည့်အတွက် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို ရယူခဲ့ခြင်းဖြစ်ပါကြောင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်သည် မည်မျှကြီးမားမည်ဆိုသည်ကိုလည်း မှန်းဆခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ကဲ့သို့ အခြေခံအဆောက်အအုံများကို တည်ဆောက်ခဲ့ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကိုလည်း နေပြည်တော်တွင် တည်ဆောက်ခဲ့ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ၏ အင်အားကို ရယူပြီး ဟိုတယ်နေရာထိုင်ခင်းများကို တည်ဆောက်ခဲ့ပါကြောင်း၊ တစ်ဖက်တွင်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းအားနှင့် တည်ဆောက်ခဲ့သကဲ့သို့ အာဆီယံနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၏ အကူအညီကို ရယူခဲ့ပါကြောင်း၊ မိမိထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သကဲ့သို့ ယင်းစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် မိမိတို့၏ ပင်ကိုစွမ်းအားကိုရယူပြီး အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်ခဲ့ပါကြောင်း။

**အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှုသည် အာဆီယံထိပ်သီးအစည်းအဝေးကြီးနှစ်ခုကို အောင်မြင်စွာကျင်းပခြင်းဖြင့် မပြီးဆုံးပါကြောင်း၊ ဝန်ကြီးဌာနအသီးသီးက ရာပေါင်းများစွာသော အစည်းအဝေးများကိုဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ကြရပါကြောင်း၊ ဤလုပ်ငန်းတွင် မြန်မာနိုင်ငံ၏ ဦးဆောင်မှုအခန်းကဏ္ဍနှင့် ဧည့်ဝတ်ကျေပွန်မှုကိုပြသနိုင်ခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်အောင်လည်း ဌာနဆိုင်ရာအသီးသီး၊ ပုဂ္ဂလိကကဏ္ဍ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူငယ်ထု၊ အမျိုးသမီးထုများ၊ မသန်သော်လည်းစွမ်းသူများ၊ ပြည်သူများနှင့် ပြည်သူ့အခြေပြု အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စာနယ်ဇင်းပုဂ္ဂိုလ်များက တက်ညီလက်ညီ ပါဝင် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံ၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာကို မြှင့်တင်ခဲ့ကြပါကြောင်း၊ ယင်းသို့ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသည့်အတွက် ပါဝင်ဆောင်ရွက်ခဲ့သူအားလုံးကို ဂုဏ်ယူဝမ်းမြောက်မှတ်တမ်းတင်ပါကြောင်း။**

ပြီးခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသည် မိမိတို့၏ အစဉ်တစိုက်ကြိုးစားအားထုတ်မှု၏ အထွတ်အထိပ်ကိုရောက်ခဲ့ပါကြောင်း၊ အာဆီယံခေါင်းဆောင်နှင့် အရှေ့အာရှ ထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ ရုရှားဖက်ဒရေးရှင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်၊ ကိုရီးယားသမ္မတနိုင်ငံခေါင်းဆောင်များစုံညီစွာတက်ရောက်ခဲ့ပါကြောင်း၊ အဆိုပါခေါင်းဆောင်များအနက် အများစုသည် မြန်မာနိုင်ငံနေပြည်တော်ကို ပထမဦးဆုံးအကြိမ်လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းခေါင်းဆောင်များသည် မြန်မာနိုင်ငံနှင့် အာဆီယံအတွက် အကျိုးရှိမည့် ကတိကဝတ်ပြုချက်များကိုလည်း ပြုလုပ်ခဲ့ကြပါကြောင်း၊ နိုင်ငံတော်အဆင့်ထိပ်သီးအစည်းအဝေးများဖြစ်သည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၊ (၂၅)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေး၊ (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးများနှင့် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးများတွင်လည်း အစည်းအဝေးသဘာပတိ၏ ထုတ်ပြန်ကြေညာချက်များ၊ အစီရင်ခံစာများ၊ မှတ်တမ်းများစွာကို အာဆီယံနိုင်ငံများ၏ တူညီဆန္ဒကိုရယူပြီး အတည်ပြုထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသော နိုင်ငံများမှ နိုင်ငံ/အစိုးရအဖွဲ့အကြီးအကဲများ၊ မဏ္ဍိုင်(၃)ရပ်များမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များသာမက ပြည်တွင်းပြည်ပမီဒီယာများကိုပါ အတတ်နိုင်ဆုံးလိုအပ်ချက်များ ပြည့်စုံအောင် အိမ်ရှင်ပီသစွာ ဧည့်ဝတ် ကျေပွန်စေခဲ့ပါကြောင်း၊ ဝန်ဆောင်မှုများကို နိုင်ငံတကာအဆင့်အတန်းနှင့်လျော်ညီစွာ ပေးအပ်နိုင်ခဲ့ပါကြောင်း၊ အဓိကအရေးကြီးဆုံးအချက်ဖြစ်သည့် လုံခြုံရေးကိုလည်း မကျိုးပေါက်အောင် ကြပ်မတ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခုကဲ့သို့ အောင်မြင်မှုများသည် ဘာသာရပ်ပိုင်းတွင်သာမက စီမံခန့်ခွဲမှုပိုင်း၌ပါ လိုအပ်ချက်များမရှိအောင် ဆောင်ရွက်နိုင်ခဲ့၍သာ ရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုနှစ်တွင် မြန်မာနိုင်ငံမှ ရရှိခဲ့သည့်ရလဒ်များသည် မြန်မာနိုင်ငံသားတိုင်းအတွက် ဂုဏ်ယူဖွယ်ရာ၊ ကျေနပ်ပီတိဖြစ်ဖွယ်ရာအဖြစ် ရှိနေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ သမိုင်းတွင် အောင်မြင်မှု မှတ်တိုင်တစ်ခုအဖြစ် ထင်ကျန်ရစ်မည်ဖြစ်ပါကြောင်း၊ **မိမိတို့အနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို အာဆီယံအဖွဲ့ဝင်သက်တမ်း(၁၇)နှစ်တာကာလတွင် ပထမဆုံးအကြိမ် ခက်ခက်ခဲခဲ ရယူထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး နောင်နှစ်ပေါင်း (၁၀)နှစ်ကြာမှသာ ပြန်လည်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် ယခု ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို အစိုးရနှင့် ပြည်သူလက်တွဲညီညီပေါင်းစည်း ဆောင်ရွက်မှုကြောင့်**

**စာမျက်နှာ ၉ သို့** ❖

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံ့ဂုဏ်ဆောင် ယူ-၁၉ လက်ရွေးစင်ဘောလုံးအသင်းသားများအား နှုတ်ဆက်စဉ်။ (သတင်းစဉ်)

❖ စာမျက်နှာ ၈ မှ

**ရရှိလာသည့် အောင်မြင်မှုရလဒ်သည် နောင်လာနောက်သားတိုင်းအတွက် အတုယူဖွယ်ရာ စံနမူနာကောင်းတစ်ခု အနေဖြင့် နောင်ဆယ်စုနှစ်ပေါင်းများစွာ ရှင်သန်တည်ရှိနေမည်ဖြစ်ပါကြောင်း၊** ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကို တိုက်တွန်းလိုသည့်အချက်မှာ အာဆီယံဥက္ကဋ္ဌတာဝန်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်အခမ်းအနားများတွင် မိမိတို့အနေဖြင့် သက်ဆိုင်ရာကဏ္ဍမှ ပါဝင်ခဲ့သည့် ဆောင်ရွက်ချက်များကို နောင်လာနောက်သားများအား ပြန်လည်မျှဝေနိုင်ရန် မှတ်တမ်းမှတ်ရာများ သိမ်းဆည်းထားရှိပေးကြရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ အလှည့်ကျဥက္ကဋ္ဌ ဆောင်ပုဒ်ဖြစ်သော **"ရှေ့သို့တူညီတက်လှမ်း၍ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"** ဟူသည့် ဆောင်ပုဒ်အတိုင်း အာဆီယံအသိုက်အဝန်းထူထောင်ရန် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော အာဆီယံဒေသကြီးဖြစ်အောင် တာဝန်သိအဖွဲ့ဝင်တစ်ဦးအနေဖြင့် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အာဆီယံဥက္ကဋ္ဌ ဆောင်ရွက်မှုနှင့်အတူ အားကစားပိုင်းတွင်လည်း မြန်မာနိုင်ငံအနေဖြင့် မိမိ၏ ပင်ကိုစွမ်းရည်ကို ပြန်လည်ပြသနိုင်ခဲ့ပါကြောင်း၊ အရှေ့တောင်အာရှအားကစားပွဲကြီးကို အောင်မြင်စွာ ကျင်းပခဲ့ပြီးသည့် နောက်ပိုင်းတွင် မြန်မာနိုင်ငံမှ အားကစားသမားများ၏ စွမ်းရည်ကို နိုင်ငံတကာသို့ပြသနိုင်သည့် အခွင့်အရေးရရှိခဲ့ပါကြောင်း၊** အတိတ်က မြန်မာနိုင်ငံသည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။ (သတင်းစဉ်)

အရှေ့တောင်အာရှတွင်သာမက အာရှ၌ပါ မြန်မာ့အားကစားသမားများက လွှမ်းမိုးခဲ့ကြပါကြောင်း၊ **၂၀၁၄ ခုနှစ် အာရှဘောလုံး ဖက်ဒရေးရှင်း၏ အသက် (၁၉)နှစ်အောက် (၃၈) ကြိမ်မြောက် နိုင်ငံတကာလူငယ်ဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါကြောင်း၊** ပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံနှင့် ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံများတွင် ကျင်းပခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ကွာတားဖိုင်နယ်တွင် ယူအေအီးနိုင်ငံကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်ခဲ့ပါကြောင်း၊ ထို့ကြောင့် **မြန်မာနိုင်ငံသည် ခြေစစ်ပွဲအောင်မြင်ပြီး ကာတာ၊ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဥဇဘက် ကစ္စတန်နိုင်ငံများနှင့်အတူ ၂၀၁၅ ခုနှစ် နယူးဇီလန်တွင်ကျင်းပမည့် နိုင်ငံတကာဘောလုံး ဖက်ဒရေးရှင်း၏ အသက်(၂၀)အောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ယူ-၁၉ ဘောလုံးအဖွဲ့၏ အောင်မြင်မှုသည် မြန်မာနိုင်ငံ၏ ဂုဏ်ယူစရာကောင်းသည့်အောင်မြင်မှုဖြစ်ပါကြောင်း၊** ယခုကဲ့သို့ အောင်မြင်မှုရှိအောင် အားကစားသမားများအနေဖြင့် စိတ်ဓာတ်၊ နည်းစနစ်၊ လေ့ကျင့်မှုနှင့် သက်လုံကောင်းမှုများ မည်မျှ ကြိုးပမ်းရမည်ဆိုသည်ကို မှန်းကြည့်၍ရနိုင်ပါကြောင်း၊ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသော အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များ၊ ကလပ်အသင်းများနှင့် အဘက်ဘက်မှ ပံ့ပိုးသူများကို ကျေးဇူးတင်ရှိကြောင်း ဤနေရာမှ ပြောကြားလိုကြောင်း၊ **"မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမယ်"** ဟူသည့်ဆောင်ပုဒ်ကို အပြောသာမဟုတ်ဘဲ အလုပ်ဖြင့်လက်တွေ့ဖော်ပြရမည်ဖြစ်ပါကြောင်း၊ အားကစားတွင် အောင်မြင်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ အရည်အသွေး၊ နိုင်ငံဂုဏ်သိက္ခာကို ဖော်ပြနေခြင်းဖြစ်သည့်အတွက် ထူးချွန်ထက်မြက်သည့် အားကစားသမားများကို ရှာဖွေဖော်ထုတ်ကာ မြေတောင်မြှောက်ပေးသွားကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖော်ထုတ်ကြသည့်နေရာတွင် ထူးချွန်သော အားကစားအပြင် အားကစားစိတ်ဓာတ်ပြည့်ဝစွာရှိသည့် အားကစားသမားများနှင့် တရားမျှတစွာအားပေးသူများလည်း ရှိရမည်ဖြစ်ပါကြောင်း။

**နောက်ဆုံးအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဟန်လင်း၊ မကွေးတိုင်းဒေသကြီး မကွေးခရိုင် ဗိဿနိုးနှင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သရေခေတ္တရာ ပျူမြို့ဟောင်း သုံးမြို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သူများကို ဂုဏ်ပြုစကားပြောကြားလိုပါကြောင်း၊** မိမိတို့မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝလှသည့်အပြင် သမိုင်းမတင်မီခေတ်၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုများမှသည် နှစ်ပေါင်း(၂၀၀၀)ဝန်းကျင်ကတည်းက မြို့ပြယဉ်ကျေးမှု အဆင့်အတန်းမြင့်မားနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအနှံ့တွင် တည်ရှိနေသော အမွေအနှစ်များသည် မိမိတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ပြနေသကဲ့သို့ နောင်မျိုးဆက်သစ်များအထိ ဆက်လက်တည်တံ့နေရန် အတွက်လည်း အဘက်ဘက်က ဝိုင်းဝန်းထိန်းသိမ်းလျက်ရှိနေပါကြောင်း၊ ယင်းယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာတွေသာမက ကမ္ဘာကပါသိအောင်၊ တန်ဖိုးထားလာအောင်၊ ဝိုင်းဝန်းစောင့်ရှောက်ပေးနိုင်အောင်လည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ဆောင်ရွက်နိုင်ရန် ၁၉၉၄ ခုနှစ်ကတည်းက ယူနက်စကို၊ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ ၁၉၉၆ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် သတ်မှတ်နိုင်ရေးအတွက် မြန်မာ့အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ရှစ်ခုကို အဆိုပြုစာရင်း UNESCO သို့ တင်သွင်းခဲ့ပါကြောင်း၊ ၂၀၁၀ ခုနှစ်တွင်မူ အဆိုပြုစာရင်းများအနက် အလွန်ရှေးကျသည့် ပျူမြို့ဟောင်းသုံးမြို့ကို ဦးစွာတင်သွင်းရန် ရွေးချယ်ခဲ့ကြပါကြောင်း။

၂၀၁၁ ခုနှစ်မှ စတင်၍ အီတလီနိုင်ငံ UNESCO အဖွဲ့၏ ကူညီမှုနှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာများ အသင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း စသည်တို့မှ ပညာရှင်များ၊ သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်ကြီးများ၊ နိုင်ငံတကာပညာရှင်များနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန တိုင်းဒေသကြီးသုံးခုမှ အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနများမှ သက်ဆိုင်ရာဝန်ထမ်းများကပါ ပူးပေါင်းပါဝင်ကြပြီး အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြပါကြောင်း။

**ယခုကဲ့သို့ အဖိုးမဖြတ်နိုင်သည့် မြို့ဟောင်းကြီးများ၊ အဆောက်အအုံကြီးများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ခေတ်အဆက်ဆက်က သမိုင်းပညာရှင်ကြီးများ၊ စာပေပညာရှင်ကြီးများ၊ သုတေသီများက ဖွဲ၊ လုံ့လ၊ ဝီရိယကြီးစွာဖြင့် ဖော်ထုတ်ထိန်းသိမ်းလာကြသကဲ့သို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းခဲ့၍သာ ယခုအချိန်အထိ မျက်ဝါးထင်ထင် တွေ့မြင်လေ့လာနိုင်ကြခြင်း ဖြစ်ပါကြောင်း၊** ယခုလည်း ယင်းမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဆောင်ရွက်သည့်အခါတွင် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများက ဒေသခံများသည် သက်ဆိုင်ရာအမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းကာ အင်တိုက်အားတိုက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါကြောင်း။

အဆိုပါ ပျူခေတ်မြို့ဟောင်းများ၏ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးများနှင့် ကိုက်ညီမှု၊ အထောက်အထားများ ခိုင်လုံစွာ တည်ရှိမှု၊ အရေးပါမှု၊ ရှားပါးတန်ဖိုးကြီးမှုတို့နှင့်အတူ ယခုကဲ့သို့ အစိုးရ၊ ပြည်သူ၊ အဖွဲ့အစည်း၊ ပြည်တွင်းပညာရှင်၊ ပြည်ပပညာရှင်များ အားလုံးပူးပေါင်းဆောင်ရွက်မှု၊ အားထုတ်ကြိုးပမ်းမှုတို့ကြောင့် ပြီးခဲ့သည့် ဇွန်လက ကာတာနိုင်ငံ ဒိုဟာမြို့မှာကျင်းပခဲ့သော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံတွင် ယင်းမြို့ဟောင်း သုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အတည်ပြုသတ်မှတ်လိုက်ပြီဖြစ်ပါကြောင်း၊ ကမ္ဘာတွင် "မြန်မာ့ယဉ်ကျေးမှု" သမိုင်းနှင့်တန်ဖိုးကို ပြသလိုက်နိုင်ခြင်းဖြစ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအတွက် လမ်းပွင့်သွားပြီဟု ဆိုနိုင်ပါကြောင်း။

(၂)နှစ်မြောက်ကာလအတွင်း ရရှိအောင် ဆောင်ရွက်နိုင်ခြင်းကိုလည်း နိုင်ငံတကာ၏ ချီးကျူးဂုဏ်ပြုသံများကိုလည်း ကြားသိနေရပါကြောင်း၊ ဤသည်မှာ all inclusive ဟုခေါ်သည့် အားလုံးညီညီညွတ်ညွတ်ဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားလုံး၏ ပူးပေါင်းညီညွတ်မှုနှင့် ဝိုင်းဝန်းကြိုးပမ်းမှုကို မိမိတို့အနေဖြင့် အင်မတန် ကျေးဇူးတင်ပါကြောင်းနှင့် ဂုဏ်ယူဝမ်းမြောက်ဖြစ်ရပါကြောင်း။

ယခုကဲ့သို့ ကမ္ဘာ့စာရင်းဝင်ဖြစ်သွားသည့်အတွက်၊ နိုင်ငံနှင့်လူမျိုးများအတွက် ဂုဏ်တက်သကဲ့သို့ ပြည်တွင်း ပြည်ပဧည့်သည်များ ဝင်ရောက်မှုများပြားလာမည်ဖြစ်သဖြင့် နိုင်ငံအတွက်လည်း ဝင်ငွေတိုးတက်ရရှိသကဲ့သို့ ဒေသခံများအတွက် ပိုမိုအမြင်ကျယ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ရှေ့ဆက် ယင်းအမွေအနှစ်များကို ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းစောင့်ရှောက်ရာတွင်လည်း ယခုလိုပင် အားလုံးက ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ရတောင့်ရခဲ အာဆီယံဥက္ကဋ္ဌ တာဝန်ယူခွင့်ရချိန်တွင် အာဆီယံထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို မြင့်မားအောင် အဘက်ဘက်မှ ပါဝင်ကူညီစွမ်းဆောင်ပေးခဲ့ကြသူများနှင့် နိုင်ငံ့ဂုဏ်ဆောင်ပြီး ယူ-၂၀ ကမ္ဘာ့ဘောလုံးအားကစားပြိုင်ပွဲ၏ ခြေစစ်ပွဲကို အောင်မြင်ပြီး ကမ္ဘာ့အဆင့်ကိုတက်လှမ်းနိုင်အောင် စွမ်းဆောင်နိုင်ခဲ့ကြသော မြန်မာနိုင်ငံမှ ယူ-၁၉ ဘောလုံးအားကစားသမားများ၊ ပျူရှေးဟောင်းမြို့ကြီး သုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်အောင် ဆောင်ရွက်ခဲ့သူများအား လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုပါကြောင်းနှင့် မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်မြင့်တင်နိုင်ရေးတွင် တစ်တပ်တစ်အားဆက်လက်ပါဝင်ကြရန်တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး များကျင်းပခဲ့မှု၊ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလား ၂၀၁၅ခုနှစ် ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် ယူ-၁၉ လက်ရွေးစင်ဘောလုံးအသင်း၏ ပြိုင်ပွဲဝင်မှတ်တမ်းနှင့် ပျူရှေးဟောင်းမြို့ကြီး သုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်အောင် ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုတို့အား ပြသသည်။

ယင်းနောက် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလား ၂၀၁၅ခုနှစ် ဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ယူ-၁၉ လက်ရွေးစင် ဘောလုံးအသင်းကိုယ်စား အသင်းခေါင်းဆောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။


ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများက ညစာသုံးဆောင်ကြရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် သံစုံတီးဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်သည်။


အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

ယနေ့ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍသည် ဒေသခံပြည်သူများ၏ လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးပြုလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာနိုင်စေရန် အဓိကဦးစားပေးလုပ်ငန်းစဉ်များတွင် ထည့်သွင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့်လည်း ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ခရီးသွားလုပ်ငန်းပင်မစီမံကိန်းကို စနစ်တကျရေးဆွဲပြီး အဆိုပါ ပင်မစီမံကိန်းပါ မဟာဗျူဟာစီမံကိန်းများနှင့် ရေတိုရေရှည်ကာလသတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှု အခြေအနေမှာ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၆ သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်းကျော် တိုးတက်ဝင်ရောက်ခဲ့သောကြောင့် ယခင်နှစ်ထက် ၉၃ ရာခိုင်နှုန်း တိုးတက်မှု ရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်အထိ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုမှာ ၂ ဒသမ ၄၁ သန်းကျော်ရှိခဲ့ပြီး နှစ်ကုန်ပါက ရည်မှန်းထားသည့်အတိုင်း နိုင်ငံခြားသားဧည့်သည် သုံးသန်းအထိ ဝင်ရောက်နိုင်မည်ဟု ခန့်မှန်းရပါသည်။






နိုင်ငံခြားသားခရီးသွားဧည့်သည် ဝင်ရောက်မှုတိုးတက်လာသည်နှင့်အတူ ခရီးသွားလုပ်ငန်းကဏ္ဍမှ နိုင်ငံခြားဝင်ငွေရရှိမှု အခြေအနေမှာလည်း ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃၄ သန်းရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၉၂၆ သန်းအထိ တိုးတက်ခဲ့သောကြောင့် ယခင်နှစ်ကထက် ၇၃ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်အထိ အမေရိကန် ဒေါ်လာ ၉၀၅ သန်းရရှိခဲ့ပြီးဖြစ်သောကြောင့် ယခုနှစ်ကုန်လျှင် ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်နိုင်မည်ဟု ခန့်မှန်းရပါသည်။


မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ ဟိုတယ်လုပ်ငန်းမှာလည်း ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ဟိုတယ်ပေါင်း ၇၈၇ လုံးနှင့် အခန်းပေါင်း ၂၈၂၉၁ ခန်းသာရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ဟိုတယ်ပေါင်း ၉၂၃ လုံး၊ အခန်းပေါင်း ၃၄၈၃၄ ခန်းအထိလည်းကောင်း၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်အထိတွင်မူ တစ်နိုင်ငံလုံး၌ ဟိုတယ်ပေါင်း ၁၀၇၆ လုံးနှင့် အခန်းပေါင်း ၄၂၀၃၇ ခန်းအထိလည်းကောင်း တိုးတက်မှုရှိလာခဲ့ပြီးဖြစ်သည်။


ထို့အပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းအမျိုးအစားတစ်ခုဖြစ်သော ခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီများမှာလည်း ၂၀၁၂ ခုနှစ်တွင် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခု၊ ဖက်စပ်ကုမ္ပဏီ ၁၇ ခုနှင့် ပြည်တွင်းလုပ်ငန်းရှင်ကုမ္ပဏီ ၁၀၀၈ ခု စုစုပေါင်း ၁၀၂၆ ခုသာရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ရာနှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခု၊ ဖက်စပ်ကုမ္ပဏီ ၂၅ ခုနှင့် ပြည်တွင်းလုပ်ငန်းရှင် ကုမ္ပဏီ ၁၃၂၄ ခု စုစုပေါင်း ၁၃၅၀ ခုအထိ လည်းကောင်း၊ ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်အထိ ရာနှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခု၊ ဖက်စပ်ကုမ္ပဏီ ၃၁ ခုနှင့် ပြည်တွင်းလုပ်ငန်းရှင်ကုမ္ပဏီ ၁၅၅၅ ခု စုစုပေါင်း ၁၅၈၇ ခုအထိ တိုးတက်မှုရှိလာခဲ့ပါသည်။


ယခုအခါ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝန်ဆောင်မှုပေးနေသော ဘာသာစကားအလိုက် ဧည့်လမ်းညွှန်များအနေဖြင့် ၃၇၆၀ ဦးနှင့် ဒေသဆိုင်ရာဧည့်လမ်းညွှန် ၂၂၁၇ ဦးအထိ ရှိနေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဆင်းသက်နေသည့် လေကြောင်းလိုင်းများမှာလည်း ၂၀၁၂ ခုနှစ်တွင် ၁၆ လိုင်းသာရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၂၃ လိုင်းအထိလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ၂၅ လိုင်းအထိ လည်းကောင်းတိုးတက်နေပြီဖြစ်ပါသည်။ ယခုအခါ ဗန်ကောက်နှင့် စင်ကာပူတို့မှ မန္တလေးနှင့် နေပြည်တော်သို့ပါ ဆင်းသက်ပျံသန်းလျက်ရှိပါသည်။ စာမျက်နှာ ၁၁ သို့ ✻









# ဘေးကင်းလုံခြုံစွာ ကားမောင်းနှင်မှုစွမ်းရည်ပြပွဲ

## Ford Driving Skills for Life ကျင်းပ

**ရန်ကုန်　နိုဝင်ဘာ　၂၉**

ဘေးကင်းလုံခြုံစွာကားမောင်းနှင်မှုစွမ်းရည်ပြပွဲကို ရန်ကုန်မြို့ သုဝဏ္ဏပြိုင်ကားမောင်းကွင်းတွင် Ford Driving Skills for Life အနေဖြင့် Ford ကားကုမ္ပဏီမှဦးစီးကျင်းပကာ အာရှပစိဖိတ်ဒေသအတွင်း ၉ နိုင်ငံမြောက်ပွဲအဖြစ် နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိကျင်းပခဲ့သည်။

အဆိုပါဘေးကင်းလုံခြုံစွာကားမောင်းနှင်မှုစွမ်းရည်ပြပွဲတွင် ရန်ကုန်မြို့တွင်းမောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်မောင်းများအား သဘာဝပတ်ဝန်းကျင်နှင့် လျော်ညီစွာ ဘေးကင်းလုံခြုံစေရန် ယာဉ်မောင်းများအား ယာဉ်နှင့်ဆိုင်ရာကြိုတင်ပြင်ဆင်မှုများနှင့် ယာဉ်မောင်းများ၏ ယာဉ်မောင်းစဉ်အတွင်း ပြုမူဆောင်ရွက်ရမည်များ ဆောင်ရန်၊ ရှောင်ရန်ဗဟုသုတများကို မော်တော်ယာဉ်များ၊ မီဒီယာများမှတက်ရောက်သူများအား လူမှုအကျိုးပြုအစီအစဉ်အနေဖြင့်ဟောပြောပို့ချပေးခဲ့ပြီး လက်တွေ့သရုပ်ပြမောင်းနှင်စေသည်။

ယာဉ်မောင်းများအနေဖြင့် အန္တရာယ်ကင်းဝေးစွာဖြင့် စွမ်းအင်ချွေတာရေး၊ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီစွာ မောင်းနှင်နိုင်ရေးအနေဖြင့် ယာဉ်မောင်းများအားပညာပေးကာ ၎င်းကုမ္ပဏီ၏ ၂၀၁၄ ခုနှစ်ထုတ်မော်တော်ယာဉ်အသစ်များဖြစ်သည့် Ford Tarus၊ Ford EcoSpot၊ Ford Explore၊ Ford Focus ကားများဖြင့် သရုပ်ပြမောင်းနှင်စေခဲ့သည်။

ပါရမီယာဉ်လိုင်းမှပါဝင်မောင်းနှင်လေ့လာသူတစ်ဦးက မိမိတို့အတွက် စည်းကမ်းကောင်း ဗဟုသုတကောင်းများရရှိသဖြင့် ဝမ်းသာမိပါကြောင်းပြောသည်။



မော်တော်ယာဉ် များနှစ်စဉ်တိုးတက်များလာပြီးမော်တော်ယာဉ်အခြေခံဗဟုသုတမရှိဘဲ လမ်းမပေါ်တွင်မောင်းနေသူများပိုမိုများပြားလာခြင်းကြောင့် ယခုလိုပညာပေးပွဲ ကျင်းပပေးခြင်းဖြစ်ကြောင်း Ford ကုမ္ပဏီမှ Capital Automotive ၏ အထွေထွေမန်နေဂျာ Mike Peace ကပြောသည်။

ထို့ပြင် Ford မော်တော်ယာဉ်များကို နိုင်ငံတကာသို့ အရည်အသွေးတူ နောက်ဆုံးမော်ဒယ်ကားများကို ဆန်းသစ်တီထွင်မှုများဖြင့် တင်ပို့ရောင်းလျက်ရှိကြောင်းသိရသည်။ **(သန့်ဇင်ဝင်း)**

# ကလေးသူငယ်များ အကောင်းဆုံး အကျိုးစီးပွားဖြစ်ထွန်းစေရန် ရန်ကုန်တိုင်းဒေသကြီး၌ ကလေးသူငယ်အခွင့်အရေးဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ဒဂုံမြို့နယ် စကားဝါပင်လမ်းရှိ မင်းကွန်းတိပိဋကတ်ကျောင်းတိုက် ခန်းမဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥက္ကဋ္ဌ ကိုယ်စားအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက အဖွင့်အမှာစကားနှင့် လုပ်ငန်းဆောင်ရွက်ချက်များ တင်ပြပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCRC) ကို ၁၉၉၁ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း (Convention Right Children-CRC) ပါအခိကအခွင့်အရေး လေးရပ်ဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အကာအကွယ်ရရှိခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များကို လူ့အဖွဲ့အစည်းအတွင်းရယူပိုင်ဆိုင်ခွင့် သေချာစေရန်နှင့် ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားကို ဖော်ဆောင်ရန်အတွက် မူဝါဒများ၊လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဖော်ဆောင်နိုင်ရန်အတွက်လည်း ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေနှင့် ၂၀၀၁ ခုနှစ်ကလေးသူငယ်နည်းဥပဒေကို ပြဋ္ဌာန်းပြီး ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ကော်မတီဝင်များအနေဖြင့် မိမိတို့ရပ်ကွက်/ကျေးရွာ/မြို့နယ်အတွင်းရှိ ကလေးသူငယ်များအား (CRC) ပါအခွင့်အရေး လေးရပ်ရရှိရန်နှင့်ကလေးများအား အကြမ်းဖက်ခြင်း၊ လွဲမှားစွာပြုကျင့်ခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းလုပ်ရပ်များကို ကာကွယ်တားဆီးစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း၊ ရပ်ရွာအခြေပြုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစနစ်အရ ရပ်ကွက်အလိုက် ပံ့ပိုးကူညီမှုအဖွဲ့များဖွဲ့စည်းကာ လစဉ်မြို့နယ် (CRC)ကော်မတီ အစည်းအဝေးများကျင်းပပြီး ကလေးသူငယ်များ၏ အ ကောင်းဆုံးအကျိုးစီးပွားဖြစ်ထွန်းစေရန် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိထိရောက်ရောက် အကောင်အထည်ဖော်လုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ပြောင်းလဲလာသော ခေတ်သစ်၊ စနစ်သစ်နှင့်အညီ အရှိန်အဟုန်မြှင့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအတိုင်း ကလေးသူငယ်များအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုတက်ရောက်လာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ဖြင့်ပြောကြားသွားသည်။

ထို့နောက် တက်ရောက်လာသော ခရိုင်လေးခရိုင် မြို့နယ် ၄၄ မြို့နယ်မှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ NGO၊ INGO လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူကိုယ်စားလှယ်များက မိမိတို့ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် တွေ့ကြုံရသော အခက်အခဲများ ရင်ဆိုင်ကျော်လွှားအောင်မြင်ခဲ့ပုံများ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဖြစ်စဉ်သာဓကများနှင့် တင်ပြဆွေးနွေးညှိနှိုင်းကြသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ဖျာပုံ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ဖျာပုံ　နိုဝင်ဘာ　၂၉**

ဖျာပုံခရိုင် ဖျာပုံမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးစောမိုက်ကယ်၊ ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမျိုးထွန်းကျော်၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးရုံးမှ ဦးခင်မောင်ဇော်၊ အထက (၁) ဖျာပုံမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးသန်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းရှင်များ၊ ဆေးဝါးအရောင်းဆိုင်ပိုင်ရှင်များ၊ ကျောင်းဈေးရောင်းချသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၂၄၂ ဦး တက်ရောက်ကြကြောင်းသိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်ကအဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒေါက်တာမျိုးထွန်းကျော်က အစားအသောက်နှင့်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဦးခင်မောင်ဇော်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်ပတ်သက်သော သိကောင်းစရာများကိုလည်းကောင်း အသီးသီးဟောပြောခဲ့ကြကြောင်းသိရသည်။ **သပြေထွန်း**

❋ စာမျက်နှာ ၁၀ မှ

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နိုင်ငံခြားသားဧည့်သည်များဝင်ထွက်မှု လွယ်ကူအဆင်ပြေနိုင်ရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍမှ ပို့ဆောင်ရေးယာဉ်များ စနစ်တကျဖြစ်စေရေး၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ၏ ဝန်ဆောင်မှုအဆင့်အတန်းမြှင့်မားနိုင်ရေး၊ ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးနှင့် ရေရှည်တည်တံ့နိုင်စေရေး စသည့် ဝန်ကြီးဌာန၏ အခြေခံမူ(၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းကဏ္ဍသည် ဒေသခံပြည်သူများအတွက် အကျိုးစီးပွားတိုးတက်မြင့်မားရေးကို များစွာ အထောက်အကူပြုသည့် လုပ်ငန်းတစ်ခု ဖြစ်သောကြောင့် ကောင်းမွန်ပြည့်စုံသော မူဝါဒနှင့် စီမံခန့်ခွဲမှုများ၊ တိကျခိုင်မာသော ရည်မှန်းချက်များထားရှိပြီး ဒေသခံလူထုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသော စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ခရီးသွားလုပ်ငန်းဖြစ်ထွန်းအောင်မြင်စေရန်အတွက် မြန်မာ့ရေမြေသဘာဝအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများ အစရှိသည့် ရှိရင်းစွဲအရင်းအမြစ်များကို အခြေပြုပြီး အကျိုးရှိရှိ အသုံးချဆောင်ရွက်လျက်ရှိပါသည်။



# ပြည်သူလူထုအကျိုးမျှော်မှန်း၍ မြေတိုင်းတာရေးတာဝန်ပေးအပ်

**ပေါက်တော နိုဝင်ဘာ ၂၉**

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက မြေကြီး၊ မြေပုံမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများထုတ်လုပ်ရေး စသည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုအကျိုးမျှော်မှန်း၍ အဆင့်မြင့် RTK GPS မြေတိုင်းကိရိယာများဖြင့် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ ကွင်းပေါင်း ၃၀၉ ကွင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းတာဆောင်ရွက်မည်ဖြစ်ပြီး ပေါက်တောမြို့နယ်လုံးကျွတ် မြေတိုင်းတာရေးလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများ ရှင်းလင်းခြင်းနှင့် မြေတိုင်းတာအဖွဲ့များ တာဝန်ပေးအပ်နှံခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်က ပေါက်တောမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ စစ်တွေခရိုင်မြေစာရင်းဦးစီးဌာနမှူး ခေါင်းဆောင်သော မြေတိုင်းတာရေးအဖွဲ့များတက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




# ရန်ကုန်မြို့ရှိ ကျောင်းသားမိဘနေအိမ်များတွင် အရှေ့တောင်အာရှလူငယ်များ တစ်ညတာလည်ပတ်နေထိုင်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် Nippon Maru သင်္ဘောဖြင့် ရောက်ရှိလာသည့် အရှေ့တောင်အာရှလူငယ်များသည် အိမ်ရှင်နိုင်ငံ ရန်ကုန်မြို့ရှိ ကျောင်းသားလူငယ် မိဘနေအိမ်များတွင် ရင်းနှီးစွာဖြင့် ယနေ့ညတစ်ညတာ တစ်အိမ်လျှင် နှစ်ဦးခန့်ဖြင့် လည်ပတ်နေထိုင်ပြီး ခရီးပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလူငယ် ၃၀၀ ကျော်တို့သည် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာဆောင်အတွင်း မြန်မာတိုင်းရင်းသားသီချင်းများဖြင့် ဖျော်ဖြေကြပြီး ရန်ကုန်တက္ကသိုလ်အတွင်းရှိ ဘွဲ့နှင်းသဘင်ဆောင်၊ စာကြည့်တိုက်နှင့် သစ်ပုပ်ပင်စသည်တို့ကို လေ့လာကြသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် စိန်ရတုသို့သွားရောက်ကာ မြန်မာလူငယ်များက ထပ်မံဖျော်ဖြေပြီး ရန်ကုန်မြို့နေ မြန်မာလူငယ်မိဘများက တစ်အိမ်လျှင် ကျောင်းသားနှစ်ဦးခန့် လက်ခံတည်းခိုစေရန် စီစဉ်ဆောင်ရွက်ကာ သက်ဆိုင်ရာအိမ်များသို့ Homestay အဖြစ် ညှော့ခံတည်းခိုကြမည်ဖြစ်သည်။ အိမ်ရှင်လူငယ်မိဘများကလည်း ယခုလိုဧည့်ခံရသည့်အတွက် အထူးဝမ်းမြောက်ကြောင်း အိမ်ရှင်မိဘတစ်ဦးက ပြောသည်။

ဂျပန်နိုင်ငံအစိုးရ၏ ဦးဆောင်မှုဖြင့် ဂျပန်နိုင်ငံမှ နိုဝင်ဘာ ၇ ရက်တွင် တစ်နိုင်ငံလျှင် လူငယ် ၂၈ ဦးစီပါဝင်ကာ အရှေ့တောင်အာရှနိုင်ငံများသို့ Homestay အဖြစ် ဧည့်ခံသည့် အိမ်ရှင်လူငယ်မိဘများ၏ နေအိမ်များတွင် နေထိုင်ကာ လေ့လာကြရန် စတင်ထွက်ခွာလာရာ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံများသို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ နိုဝင်ဘာ ၃၀ ရက်တွင် ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ **(ကြေးမုံ)**

# အုပ်စုဖွဲ့ ရမ်းကားသူများအား ဓားရှည်များနှင့်အတူ ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၆၀)ရပ်ကွက်၌ လူအုပ်စုတစ်စုအား ဓားရှည်များနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲခန့်က ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၆၀) ရပ်ကွက် ဓမ္မာရုံအတွင်းသို့ လူငါးဦးသည် ဓားရှည်များကိုင်ဆောင်ကာ ဓမ္မာရုံဝင်ပေါက် တံခါးမကြီးအား ဖျက်ဆီးဝင်ရောက်နေရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှငွေနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက် အရန်မီးသတ်တပ်စုမှူး ဦးခင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖ ပြည်သူများနှင့်အတူ ဝိုင်းထားကြပြီး မြို့နယ်မြို့မရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့သည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ ချက်ချင်းရောက်ရှိလာပြီး ကျော်ကြီး(ခေါ်) ကျော်မင်းထွန်း (၃၆)နှစ်နှင့် အပေါင်းပါ ငါးဦးအား ၎င်းတို့ကိုင်ဆောင်ထားသော ငှက်ကြီးတောင်ဓားရှည် လေးချောင်း၊ ဓားမြှောင် နှစ်ချောင်းတို့နှင့်အတူ တွေ့ရှိ၍ ရဲစခန်းသို့ ခေါ်ဆောင်သွားပြီး စစ်ဆေးခဲ့သည်။ ထိုသို့ဓမ္မာရုံအတွင်းသို့ ဝင်ရောက်ခဲ့ကြခြင်းမှာ ကျူးကျော်မြေရောင်းချသူများထံမှ မိုက်ကြေးခွဲ ပိုက်ဆံတောင်းရန် လာရောက်ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ၍ ရပ်ကွက်ဓမ္မာရုံအတွင်းသို့ သေစေလောက်သော လက်နက်ဓားရှည်များကိုင်ဆောင်၍ ရှန်းရင်းဆန်ခတ်မှုဖြစ်ပွားအောင်နှင့် အများပြည်သူတို့ကို အထိတ်တလန့်ဖြစ်အောင် ပြုလုပ်ခဲ့ကြသူများအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၅၁၂)**




# မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

၂၉-၁၁-၂၀၁၄ ရက်တွင် Sedona Hotel ၌ ကျင်းပခဲ့သော ကျွန်တော်/ကျွန်မတို့၏ မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များကို သိဒ္ဓိတင်ဆင်မြန်းချီးမြှင့်ပေးပါသော နိုင်ငံတော်ဒုတိယသမ္မတ သရေစည်သူ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော နိုင်ငံတော် ဒုတိယသမ္မတ သရေစည်သူ Dr.စိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမူန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိသုဓမ္မ ဦးတင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ မောင်မောင်ခင်(ငြိမ်း)နှင့် အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ အငြိမ်းစားအရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာအသင်းအဖွဲ့အသီးသီးမှ မိတ်ဆွေများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်၊ တေးသီချင်းများနှင့် ဧည့်ခံပေးကြပါသော The Aces မင်္ဂလာတေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာရှေ့ဆောင်လမ်းပြ မောင်အောင်ဘုန်းမြတ်ကျော်နှင့် မချမ်းမြေ့ကြည်ဖြူစင်၊ မင်္ဂလာပန်းကြဲ မကြည်လဲ့လဲ့ရွှန်း၊ မင်္ဂလာပန်းကလပ်နှင့် မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မကြူကြူသင်းရှိန်နှင့် မကြိုင်ကြိုင်သင်းရှိန်၊ သတို့သားအရံ မောင်ရဲမင်းမြတ်နှင့် မောင်အောင်ဖြိုးဝေ၊ သတို့သမီးအရံ မယုမျက်သွယ်နှင့် မမျိုးရှင်မင်းလှိုင်ဘွား၊ မင်္ဂလာဝတ်စုံ ဒီဇိုင်းနာ မျိုးမင်းစိုး၊ မိတ်ကပ်ဆံပင် ညီညီမောင်(စမ်းချောင်း)နှင့်အဖွဲ့၊ မင်္ဂလာဖိနပ် ဆင်မြန်းပေးပါသော ဇာမဏီဒေါ်လဲ့လဲ့ဝင်း၊ Pre-wedding ဓာတ်ပုံများနှင့် မင်္ဂလာပွဲမှတ်တမ်းတင်ဓာတ်ပုံ၊ဗီဒီယို ရိုက်ကူးပေးပါသော ကိုကျော်ရွှေမင်း (Dior Photo Studio)၊ ပန်းအလှဆင်အန်တီနီလာ (Eternal Floral)၊ မင်္ဂလာဖိတ်စာ Viriya၊ အစစအရာရာ ဝိုင်းဝန်းကူညီပေးကြပါသော တပ်မတော်(ရေ)နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြပါသော လူကြီးမင်းများနှင့်တကွ အားလုံးသော ကျေးဇူးတင်ထိုက်သူများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ကားရပ်နားရာနေရာနှင့် ထိုင်ခုံနေရာ အခက်အခဲများ လိုအပ်ချက် တစ်စုံတစ်ရာရှိခဲ့ပါက နားလည်ပေးကြပါရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မင်းဝဏ္ဏ-ခိုင်လွင်လွင်ကျော်

# ပြည်သူများသို့ အသိပေးတင်ပြချက်

စားသောက်ဆိုင်များအားပြေစာများတွင် အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေခြင်းလုပ်ငန်း အစီအစဉ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်မှစ၍ ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ စားသောက်ဆိုင်များအနေဖြင့် စားသုံးသည့်တန်ဖိုး၏ ၅ ရာခိုင်နှုန်း ကျသင့်အခွန်အတွက် ထိုက်သင့်သည့် ပြေစာအမှတ်တံဆိပ်များ ကပ်နှိပ်ပေးရန် တာဝန်ရှိပါသည်။ သို့ပါ၍ စားသုံးသူပြည်သူများအနေဖြင့် အောက်ဖော်ပြပါ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ငွေရပြေစာများကို တောင်းယူကြပါရန် အသိပေးအပ်ပါသည်။ အသုံးပြုသည့်ပြေစာအမှတ်တံဆိပ် နမူနာပုံစံဖော်ပြအပ်ပါသည်။



ပြည်တွင်းအခွန်များဦးစီးဌာန

# (၂၀)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး (20th ATM) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများအား ပို့ဆောင်ရေးဝန်ကြီးဌာနမှ ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၀)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၃၈)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ (၆)ကြိမ်မြောက်အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် နှစ်နိုင်ငံဝန်ကြီးအဆင့်အစည်းအဝေးများအား မန္တလေးမြို့ ဆီဒိုးနားဟိုတယ်နှင့် ဟိုတယ်ရွှေပြည်သာတို့တွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ကိုယ်ရောစိတ်ပါအဘက်ဘက်မှ တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဆက်ဆံရေးအရာရှိများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ခံ၊ ယာဉ်ကြီးကြပ်သူနှင့် ယာဉ်မောင်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အချိန်ပြည့်လုံခြုံရေးကြီးကြပ်ဆောင်ရွက်ပေးကြသော တာဝန်ရှိသူများနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဖျော်ဖြေတင်ဆက်ပေးသူများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအတွင်းရှိ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဆက်ဆံရေးအရာရှိများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၊ ဟိုတယ်ရွှေပြည်သာ၊ ကရဝိက်ရေပေါ်ဟိုတယ်နှင့် ကုက္ကိုကျွန်းစားသောက်ဆိုင်တို့မှ ဝန်ထမ်းများအားလုံးတို့အား ပို့ဆောင်ရေးဝန်ကြီးဌာနမှ အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာန**



## မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ် တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူးကျင်းပ၍ အင်းဝဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော Myanmar Golf Tour 2014 နောက်ဆုံးပွဲစဉ်ဖြစ်သော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၇ နာရီခွဲက နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့တွင် Professional အဆင့် ၂၀ ဦး၊ အပျော်တမ်းအဆင့် အမျိုးသား ၂၉ ဦး၊ အပျော်တမ်းအဆင့် အမျိုးသမီး ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

တတိယနေ့ (၁၈) ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ မျိုးဝင်းအောင် (Mann City) က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၂၁၀ ဖြင့် ပထမ၊ မင်းနိုင် (Srixon) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် ဒုတိယ၊ နိုင်နိုင်လင်း (New Star) က စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် တတိယလိုက်နေကြပြီး အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် ကျော်သက်ဦးက သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၂၁၃ ချက်ဖြင့် ပထမ၊ မောင်မောင်ဦးက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၂၁၄ ချက်ဖြင့် ဒုတိယ၊ သိန်းနိုင်စိုးက စုစုပေါင်း ရိုက်ချက် ၂၁၇ ချက်ဖြင့် တတိယရရှိကာ အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ယဉ်မေမျိုးက စုစုပေါင်းရိုက်ချက် ၁၅၀ ဖြင့် ပထမ၊ မေဦးခိုင်က စုစုပေါင်းရိုက်ချက် ၁၅၄ ချက်ဖြင့် ဒုတိယ၊ ဖူးပွင့်ရတီခိုင်က စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် တတိယအသီးသီးရရှိထားသည်။ နောက်ဆုံးပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို ဇေယျာသီရိဂေါက်ကလပ်၌ နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ပြုလုပ်မည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပွဲစဉ်များအားလုံးတွင် အကောင်းဆုံးအားကစားသမားဆု Order of Merit ကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

## ဇန်နဝါရီဈေးကွက်တွင် ကစားသမားသစ်များ အာဆင်နယ် ထပ်မံခေါ်ယူမည်



ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်း၏ ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် ခြေချင်းဝတ်ဒဏ်ရာ ပြဿနာကြုံခဲ့ခြင်းကြောင့် အာဆင်နယ်အသင်း၏ ယခုတစ်ပတ်ဒဏ်ရာရကစားသမားစာရင်းတွင် ပါဝင်လာခဲ့ပြီး အာဆင်နယ်အသင်းနှင့် ပွဲထွက်ကစားနိုင်လိမ့်မည်မဟုတ်ဘဲ လေးလကြာ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အာဆင်နယ်အသင်း၏ အားထားရသည့် ကစားသမားတစ်ဦးဖြစ်သည့် မိုက်ကယ်အာတီတာသည်လည်း ခြေသလုံးဒဏ်ရာပြဿနာကြုံထားခြင်းကြောင့် ၂၀၁၄ ခုနှစ်ကုန်အထိ အနားယူရမည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါ ဒဏ်ရာရကစားသမားများကြောင့် အသင်း၏ ရလဒ်သည် ထင်တိုင်းမပေါက်ခဲ့မှုများ ဖြစ်လာခဲ့ပြီး အာဆင်နယ်အသင်း အနေဖြင့် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူရန် ပေါင်သန်း ၂၀ တိုးမြှင့်သုံးစွဲသွားမည် ဖြစ်ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင်လည်း ကစားသမားသစ်ငါးဦးအထိ ခေါ်ယူထားခဲ့သည်။ ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဗဟိုနောက်ခံကစားသမားတစ်ဦးနှင့် ကွင်းလယ်ကစားသမားတစ်ဦး ထပ်မံခေါ်ယူရန် ရှိနေပြီး ကွင်းလယ်ကစားသမားဖြည့်ဆည်းမှုအဖြစ် ဆီဗီလာကွင်းလယ်ကစားသမား ခရိုင်းချိုဝိတ်ခ်အား ခေါ်ယူမည်ဖြစ်ရာ အဆိုပါကစားသမားအား ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေး ပေါင် ၂၃ ဒသမ ၈ သန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရကစားသမားများဖြစ်ကြသည့် ဒီဘူချီနှင့် အိုဇေးလ်တို့သည်လည်း ဇန်နဝါရီလလယ်တွင် အာဆင်နယ်အသင်းနှင့်အတူ ပြန်လည်ပွဲထွက်လာမည်ဖြစ်ကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် လက်ရှိတွင် ဝဲလ်ဘက်၊ ဆာနိုဂို၊ ဝီရှိုင်းယား၊ ဝဲလ်ကော့၊ အိုစပီနာ၊ အိုဇေးလ်နှင့် ဒီဘူချီတို့သည် ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေရသည်။

**(ငွေကြယ်)**

## မာကိုရူးစ်အား ခေါ်ယူလိုသည့်အသင်းများတွင် ရီးယဲလ် ပါဝင်လာ

စပိန်ထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း အသင်း၏ တိုက်စစ်ကို အားဖြည့်ရန်အတွက် ဒေါ့မွန်အသင်း၏ ဂျာမနီကွင်းလယ်လူ မာကိုရူးစ်အားခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ ဒေါ့မွန်ကွင်းလယ်လူ မာကိုရူးစ်မှာ လာမည့်ဇန်နဝါရီကာလအတွင်း အသင်းမှထွက်ခွာရန် ရေပန်းစားနေခြင်းဖြစ်ပြီး ၎င်းအားဥရောပ အင်အားကြီးကလပ်အသင်းများဖြစ်ကြသည့် အာဆင်နယ်၊ မန်စီးတီး၊ မန်ယူ၊ ချယ်လ်ဆီး၊ ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာ စသည့်အသင်းများကလည်း အပြိုင်စိတ်ဝင်စားနေခြင်း ဖြစ်သည်။

ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းမှာ လာမည့်ဇန်နဝါရီကာလအတွင်း ထိပ်တန်းအဆင့် ကစားသမားများ ခေါ်ယူမည်မဟုတ်ကြောင်း သတင်းများ ထွက်ပေါ်နေသော်လည်း ငွေကြေးအင်အားများစွာသုံးစွဲ၍ မာကိုရူးစ်အား စာချုပ်ချုပ်ဆိုရန် စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။ ဒေါ့မွန်အသင်းမှာလည်း စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သလို အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ငြင်းဆိုထားသည့် မာကိုရူးစ်အား လာမည့် ဇန်နဝါရီကာလအတွင်း မဖြစ်မနေ ရောင်းထုတ်သွားရန် စီစဉ်နေပြီး ရီးယဲလ်အသင်းက အခြားအသင်းများထက် ကြိုတင်လက်ဦးမှုရယူကာ ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။


ထို့ပြင် ပြီးခဲ့သည့်ရက်ပိုင်းက မာကိုရူးစ်မှာ ချယ်လ်ဆီးအသင်းနှင့် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သော်လည်း ယင်းအပြောင်းအရွှေ့မှာ ဖြစ်မြောက်ရန် နီးစပ်မှုမရှိကြောင်း BBC က ဖော်ပြခဲ့သည်။ ရီးယဲလ်အသင်းမှာ မာကိုရူးစ်အတွက် လာမည့်ရက်ပိုင်းအတွင်း ဒေါ့မွန်အသင်းထံ တရားဝင်ကမ်းလှမ်းသွားဖွယ်ရှိပြီး ပြောင်းရွှေ့ကြေးယူရိုသန်း ၅၀ ခန့်ဖြင့် ခေါ်ယူစာချုပ်ချုပ်ဆိုရန် အသင့်ရှိနေကြောင်း စပိန်မီဒီယာများက ဖော်ပြခဲ့သည်။

**(ကိုရဲ)**









**အေးရိပ်စံ(အိမ်၊ ခြံ၊ မြေအကျိုးဆောင်)**
ဒဂုံမြို့သစ်(မြောက်ပိုင်း) (အရှေ့ပိုင်း)၊
(ဆိပ်ကမ်း)ရှိ
မြေကွက်များဝယ်လိုသည်။
ဖုန်း-၀၉-၄၂၃၇၂၆၉၄၅၊ ၀၉-၄၃၀၈၉၂၀၃



ကြော်ငြာ


BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles
Sheer
Driving Pleasure
The all-new
BMW X4
THE WORLD'S NUMBER ONE
LUXURY CAR BRAND HAS ARRIVED.
THE ALL-NEW BMW X4, NOW IN MYANMAR.
Put your mind at ease with the BMW Service Inclusive (3-years Warranty & Maintenance package) and 1-year Comprehensive Motor Insurance.
To view the cars please visit : #485, Corner of Pyay Road and Namattaw Street, Kamayut Township, Yangon, Myanmar.
Contact : +95 (1) 2306133, +95 (9) 8633 209 or email : info@pac-bmw.com Facebook : www.facebook.com/BMWPAC
PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.

562829, 09-73198239
549782, 09-450006779

မူးယစ်ကင်းစင် အလှဆင်

# ပရိဘောဂပစ္စည်းရောင်းချလိုသူများအတွက်သတင်းကောင်း



Sweety Life Furniture & Interior

Sweety Life Co.,Ltd. ၏ ထုတ်ကုန်ပစ္စည်းများအား ပြည်တွင်းမြို့ကြီးမြို့ငယ်များရှိ ပရိဘောဂဆိုင်ခန်းအသစ်ဖွင့်လိုသော လူကြီးမင်းတို့အနေဖြင့် တစ်ခုဖြင့် Sweety Life - Showroom Member အနေဖြင့်လည်းကောင်း၊ လူကြီးမင်းအသင့်ဖွင့်ထားသော ပရိဘောဂဆိုင်တွင် မိမိတို့ထုတ်ကုန်ပစ္စည်းများကို Consignment အနေဖြင့်လည်းကောင်း၊ မိမိတို့ထုတ်ကုန်အပေါ် ဆက်စပ်စီးပွားရေးကိုယ်စားလှယ် အနေဖြင့်လည်းကောင်း Sweety Life Co.,Ltd. နှင့် အတူတွဲ၍ ပူးပေါင်းလုပ်ကိုင်လိုသော လူကြီးမင်းတို့အား Sweety Life Co.,Ltd. မှ လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

Hotline Upper Myanmar (Mdy) - 09 5164070
Hotline Lower Myanmar (Ygn) - 09 5098858

စက်ရုံ၊ အလုပ်ရုံ၊ လူနေအိမ်များအတွက် ရေဆိုး၊ ရေကောင်းမည်သည့်ရေအမျိုးအစားကိုမဆို
**SUPREME Water Doctor** မှ
ကျွမ်းကျင်သောစစ်ဆေးမှုနှင့် ခေတ်မီစက်ကိရိယာများဖြင့် တာဝန်ယူစမ်းသပ်ပေးနေပါပြီ



Over 20 years of Reliable Services

စမ်းသပ်စစ်ဆေးနိုင်သည့် အမျိုးအစားများ

- Alkalinity (Total)
- Ammonium
- Arsenic
- BOD
- Bromine
- Calcium
- Chloride
- Chlorine (Free)
- Chromium
- Chromium in electroplating baths
- COD
- Color
- Conductivity
- Copper
- Copper in electroplating baths
- Cyanid Dissolved Oxygen
- Fluoride
- Hardness (Total)
- Iron
- Lead
- Magnesium
- Manganese
- Nickel
- Nitrate
- Nitrite
- Nitrogen (Total)
- pH
- Phosphorus
- Potassium
- Sodium
- Sulphate
- Suspended Solid
- Turbidity
- Total Dissolved Solid
- Zinc
- Coliform
- Ecoli

" ရေပြဿနာ အဖြေရှာရန် **WATER DOCTOR** နှင့် ဆက်သွယ်ပါ"

SUPREME Water Doctor

Supreme Water Doctor Office
No. 15/C, Nawaday Garden, Yangon-Pathein Road,
Hlaing Thar Yar Tsp., Yangon, Myanmar.

" ရေသန့်နည်းပညာ၏ ဦးဆောင်ကုမ္ပဏီ "

www.supremewaterdr.com

SUPREME

# မော်လမြိုင်တွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းနှင့် ဆင်ခြေထောက်ရောဂါကင်းဝေးရေး အသိပညာပေးခြင်းဆောင်ရွက်

**မော်လမြိုင်၊ နိုဝင်ဘာ ၂၉**

နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းနှင့် ဆင်ခြေထောက်ရောဂါ ကင်းဝေးစေရေး လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းအား ပြည်နယ်အဆင့် အသိပေးတင်ပြခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်၊ နံနက် ၉ နာရီက မော်လမြိုင် အထွေထွေကုဆေးရုံကြီး၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာလှဦးက မြန်မာနိုင်ငံတွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါဖြစ်ပွားမှုများ ပြန်လည်တွေ့ရှိလာရပြီး၊ ရောဂါဖြစ်ပွားသော ကလေးငယ်တချို့တွင် သေဆုံးမှုများတွေ့ရခြင်းကြောင့်လည်းကောင်း မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၏ ရည်မှန်းချက်ဖြစ်သော လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ဝက်သက်နှင့်ဂျိုက်သိုးရောဂါကင်းစင်သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိစေရန်အတွက်လည်းကောင်း၊ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဆင်ခြေထောက်ရောဂါနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် ရောဂါအမြစ်တွယ်မှုရှိသည့် နိုင်ငံပေါင်း ၈၀ ကျော်ရှိပြီး၊ လူဦးရေ သန်းပေါင်း ၁၂၀ သည် ရောဂါကူးစက်မှုခံရနိုင်သည့် ဒေသများတွင် နေထိုင်ကြကာ၊ အရှေ့တောင်အာရှတွင် မြန်မာအပါအဝင် ကိုးနိုင်ငံသည် ဆင်ခြေထောက်ရောဂါ အမြစ်တွယ်မှုရှိနေကြောင်း၊ ၂၀၀၇ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံ၏ ခရိုင် ၄၅ ခု၊ မြို့နယ် ၂၀၀ ကျော်တွင် ဆင်ခြေထောက်ရောဂါ အမြစ်တွယ်မှုရှိနေပြီး ကူးစက်ပျံ့နှံ့မှု ရှိနေသည့်အတွက် လူအားလုံးဆေးကျွေးခြင်း လုပ်ငန်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်က (၂၀၁၅) ခုနှစ်၊ မွန်ပြည်နယ် အစုလိုက်ဝက်သက်နှင့်ဂျိုက်သိုး ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းဆိုင်ရာများအားလည်းကောင်း၊ မွန်ပြည်နယ် ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာဉာဏ်ဆင့်က ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံး ဆေးကျွေးခြင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအားလည်းကောင်း POWER POINT ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအား ပြန်လည်ဆွေးနွေး ဖြေကြားခဲ့သည်။

မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ၂၀၁၅ ဇန်နဝါရီလတွင် ကျောင်းအခြေပြု ခန့်မှန်းကလေးလူငယ်ပေါင်း ကိုးသန်းခန့်နှင့်၊ ဖေဖော်ဝါရီလတွင် ပြည်သူလူထုအခြေပြု ကလေးလူငယ်ပေါင်းရှစ်သန်းခန့်ကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ဆေးထိုး၊ ဆေးတိုက်ခြင်းဖြင့် ကလေးများတွင် ခုခံစွမ်းအား မြင့်မားလာပြီး၊ဝက်သက်နှင့်ဂျိုက်သိုးရောဂါဖြစ်ပွားမှုနှင့် ဆင်ခြေထောက်ရောဂါဖြစ်ပွားမှုကို လျော့နည်းအောင်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မွန်ပြည်နယ်တွင် အရည်အသွေးပြည့်ဝသော ဆေးထိုး၊ ဆေးတိုက်လုပ်ငန်း ရည်မှန်းချက် အောင်မြင်ရေးအတွက် အမျိုးသားရေးအသွင်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အတွင်း၌ ရှိသော ကလေးများအား ကာကွယ်ဆေး တိုက်ကျွေး၊ ထိုးနှံခြင်းဖြင့် ကလေးများ၏ ကျန်းမာရေး တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး၊ အသက် တစ်နှစ်အောက် ကလေးငယ်များ သေဆုံးနှုန်းနှင့် အသက်ငါးနှစ်အောက် ကလေးငယ်များ သေဆုံးနှုန်းအား လျှော့ချပေးနိုင်မည်ဖြစ်သည်။ ကာကွယ်ဆေးထိုးခြင်း၊ တိုက်ကျွေးခြင်းသည် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအတွက် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ **ဆက်နေမင်းအောင်**

## ဇေယျာသီရိမြို့နယ်တွင် မိုးစပါး ၁၀ ဧက စံကွက်ရိတ်သိမ်း

**ဇေယျာသီရိ၊ နိုဝင်ဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၅၈၉၊ ဦးပိုင်အမှတ် ၁၆၄ တောင်သူကြီးဦးလှဖေ၏ ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧကတွင် စံကွက်ရိတ်သိမ်းခြင်းအား နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက ရိတ်သိမ်းရာတွင် သင့်အဆင့် ၁၃၉ ဒသမ ၄၅ တင်း ထွက်ရှိကြောင်းသိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ နေပြည်တော်ကောင်စီနယ်မြေ တိုင်းစိုက်ပျိုးရေးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးခိုင်၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးညွန့်ထွေး၊ စိုက်ပျိုးရေးနှင့် မြေစာရင်း ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မီးဘေးအန္တရာယ်ကင်းဝေးစေရေး တညင်းကုန်း ကုန်စိမ်းဈေး နှင့် အောင်ဆန်းဈေးတို့တွင် မီးငြှိမ်းသတ်ရေး လက်တွေ့သရုပ်ပြ

**ရန်ကုန်၊ နိုဝင်ဘာ ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ ဈေးများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးအန္တရာယ်ကင်းဝေးနိုင်စေရန် မီးဘေးအန္တရာယ်ကြုံတွေ့လာသည့်အခါ စနစ်တကျမီးငြှိမ်းသတ်နိုင်ရန် နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် တညင်းကုန်း ကုန်စိမ်းဈေးကြီး၌ မီးငြှိမ်းသတ်ရေးလက်တွေ့သရုပ်ပြ သ၍ လုပ်ဆောင်ပုံအဆင့်ဆင့်တို့ကို အင်းစိန်မီးသတ်တပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

အဆိုပါ လက်တွေ့သရုပ်ပြရှင်းလင်းပွဲသို့ အင်းစိန်မီးသတ်တပ်ဖွဲ့စခန်းမှ စခန်းမှူးနှင့်အတူ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဈေးများဌာန ဈေးဌာနစုမှူးနှင့် တာဝန်ရှိသူများ၊ ဈေးတာဝန်ခံနှင့် စည်ပင်ဝန်ထမ်းများ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၆၈၄)**

## ဇီးချောင်းထူးကြီးရေလွှဲဆည် ရေပေးမြောင်းအတွင်း ရေဝင်မှုအခြေအနေအား ကြည့်ရှုစစ်ဆေး

**ကလေး နိုဝင်ဘာ ၂၉**


ကလေးမြို့ ဇီးချောင်း ထူးကြီးရေလွှဲဆည်မှ ဆည်ရေအသုံးပြုတောင်သူများက ငွေကျပ် ၁၅ သိန်းအကုန်အကျခံကာ ရေပေးမြောင်းအတွင်းမှ သဲနုန်းမြေများကော်၍ တူးဖော်ပြီးစီးမှုနှင့် ရေပေးမြောင်းအတွင်း ရေဝင်မှုအခြေအနေအား ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက နိုဝင်ဘာ ၂၄ ရက် ည နေပိုင်းတွင် ကွင်းဆင်းကြည့်ရှု ခဲ့ကြောင်းသိရသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်၏လမ်းညွှန်မှုနှင့်အညီ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ခရိုင်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူနှင့် ဒေသခံ ရပ်မိရပ်ဖများ၊ တောင်သူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ထူးကြီးရေလွှဲဆည်သည် ဇီးချောင်းရေကိုအသုံးပြုလျက် သံကူကွန်ကရစ် နှင့်ကျောက်စီရေတံခါးပါရေလွှဲဆည်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်က တည်ဆောက်ခဲ့ပြီးဒေသခံတောင်သူများကို ၁၉ နှစ်ကျော် အထောက်အကူပြုခဲ့သည့်ဆည်ဖြစ်သည်။

ယင်းထူးကြီးရေလွှဲဆည် ဖောက်လုပ်ပေးခြင်းကြောင့် စက္ကန့်ကျေးရွာ၊ အင်ဒိုင်းကုန်းကျေးရွာ၊ မြို့လှကျေးရွာ၊ မွန်းထာကျေးရွာနှင့် တောင်သာကျေးရွာများမှ တောင်သူများ၏ လယ်ယာမြေ ၂၀၀၀ ဧကကို များစွာအကျိုးပြုခဲ့သည်။ **ဂျူနိုင်း**




**ပျောက်ဆုံးကြောင်း**

ကျွန်မ မဝင်းဝင်းနိုင် [၁၂/သဃက(နိုင်) ၀၂၅၁၇၇]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၉၀၇၅၅

**Taxi ငှားမည်**

AD Van (ကားသစ်)

အိမ်ပေးမည်

တစ်ရက် ၁ သောင်း

ဖုန်း -၀၉-၇၃၀၃၇၇၃၈၊ ၇၃၂၅၂၇၁၄

**စက်ရုံငှားရန်ရှိသည်**

၁။ လှိုင်သာယာစက်မှုဇုန်

၂။ ဝါးတရာစက်မှုဇုန်

၃။ ပဲခူးဟံသာဝတီစက်မှုဇုန်

ဆက်သွယ်ရန် ဖုန်း- ၀၉-၃၁၆၅၆၄၀၇၊ ၀၉-၇၃၂၃၆၅၅၉

**ငှားမည် / ရောင်းမည်**

- (၁၂ပေခွဲ×ပေ၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊ ပ-ထပ်၊ ကျောက်တံတားမြို့နယ်၊ (အပေါ်ဆုံးဘလောက်)၊ ဖုန်း၊ Internet (ADSL) Line ပါ၊ ရုံးခန်းဦးစားပေးမည်။ (ငှားရန်)
- (၁၂ပေခွဲ×ပေ၆၀)၊ ဘိုကလေးဈေးလမ်း၊ ပ-ထပ်၊ ဗိုလ်တထောင်မြို့နယ်၊ (အောက်လမ်း) (ရောင်းရန်) - RAV-4, 1800 CC, ခတ်တိုင်ရောင်, 2000 Model, Wheel Chair သို့ ရွှေ့၍ရသော ထိုင်ခုံပါသည်။ (ရောင်းရန်) **Ph : 01-298092, 09-32221909**

ဖတ်စရာ

# ရောမတိုင်လုံးကြီး ၁၀၀ ကျော်ဖြင့်တည်ဆောက်ခဲ့သည့် ပအိုဝ်းဒေသမှ နှစ်ပေါင်း ၁၀၀ ရှိကြည်ညိုစရာ ရှေးဟောင်းနန်းဟုတ်ကျောင်းကြီးဆီသို့ ဖိတ်ခေါ်လျက်ပါ

à eefDrf [ jy

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် တောင်ဘက်အစွန်၌တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၆၀၀၀ အထိရှိနိုင်သော သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်နေသည့် မြင့်မားဝေသီတောင်တန်းများ ဦးမော့နေသည့် မဲနယ်တောင်ဒေသတွင်တည်ရှိသော ကျောက္ကချားကျေးရွာရှိ နန်းဟုတ်ဘုန်းတော်ကြီးကျောင်းသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ခိုင်မာစွာတည်ရှိနေသော ရှေးဟောင်းသစ်သားကျောင်းကြီးတစ်ကျောင်းဖြစ်သည်။ ထိုသစ်သားကျောင်းကြီးကို ရှေးက ပအိုဝ်းတိုင်းရင်းသားများ၏ လက်ရာဖြင့် မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ်တွင် စတင်၍ ပန္နက်ရိုက်တိုင်ထူဆောက်လုပ်ခဲ့ရာ ၁၃၇၄ ခုနှစ် နတ်တော်လဆန်းပိုင်း၌ နှစ်ကာလအရေအတွက်အားဖြင့် ၁၀၀ နှစ်ရှိခဲ့သောကြောင့် နှစ်ပေါင်း ၁၀၀ ပြည့်ပွဲတော်ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သက်တမ်းကြာရှည်စွာတည်ရှိပြီး မပျက်မစီး ခိုင်ခံ့သော အဆောက်အအုံ ထိန်းသိမ်းမှုကိုကြည့်ခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်တတ်သော ပအိုဝ်းတိုင်းရင်းသားများ၏ ချစ်စရာဓလေ့ကို ချီးကျူးဂုဏ်ယူမိပါသည်။ ယနေ့ နှစ် ၁၀၀ ပြည့် နန်းဟုတ်ဘုန်းတော်ကြီးကျောင်း၏ ဗိသုကာပညာရှင်မှာ ဦးဂန္ဓမာဖြစ်ကြောင်း သိရသည်။ ဆရာတော်သည် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဝါသနာပါသောကြောင့် ဘုန်းတော်ကြီးကျောင်းဆောင်တစ်ဆောင်ကို တောင်ပေါ်၌ဆောက်လုပ်ရန် အားခဲထားပြီး ၁၂၇၂ ခုနှစ်တွင် ကျောင်းဒါယကာများကို သစ်သားများစုဆောင်းရန် ဆော်ဩတော်မူပြီး ကျောင်းပုံစံဗိသုကာကို ရှေးဟောင်းကျောင်းဖြစ်သော သထုံရှိ ပုဗ္ဗာရုံဇေတန်ကျောင်းပုံစံကို ယူကာ ဆောက်လုပ်လေသည်။ အဆိုပါကျောင်းကို လူကြီးသူမပြောစကားအရ 'သထွံုးမှုံင်းကောင်' သည် ယနေ့ နန်းဟုတ်ဘုန်းတော်ကြီးကျောင်းပင်ဖြစ်သည်ဟု ဆိုခဲ့ကြသည်။ 'မဲနယ်တောင်သထုံကျောင်း' ကို ဆိုလိုခြင်းဖြစ်သည်။ ဤသို့ဆိုလိုခြင်းမှာ သထုံမှကျောင်းပုံစံနှင့် ထပ်တူညီမျှတူနေသောကြောင့် ခေါ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှေးပအိုဝ်းတိုင်းရင်းသားများ၏ မူလလက်ဟောင်းလက်ရာကျောင်းတော်ဖြစ်သည့်အပြင် နှစ်ပေါင်း ၁၀၀ ပြည့်သောကြောင့် ပို၍စိတ်ဝင်စားစရာကောင်းလှပါသည်။ နန်းဟုတ်ကျောင်းတော်ကြီးသည် နှစ်ကြာသစ်ပင်ကြီးများ၏ လုံးပတ်အလျား လက်မ ၇၀ ခန့်ရှိသော ရောမတိုင်လုံးကြီးများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အဝန်းအဝိုင်း လက်မ ၇၀ ခန့်ထူသော အတိုင်းအတာသည် လူတစ်ယောက်တည်း လက်ယှက်၍ မမီနိုင်လောက်သည့် အနေအထားမျိုးဖြစ်သည့်အပြင် တိုင်လုံးပေါင်း ၁၂၄ တိုင်ရှိ၍ သစ်ပင်လုံးညီညာစွာရွေးပြီး ခုတ်ထားသောကြောင့် လုံးပတ်သိပ်မကွာခြားကြောင်း၊ ထိုတိုင် ၁၂၄ တိုင်ရှိသည့်အနက် အကြီးဆုံးတိုင်ကြီးတစ်ခုမှာ လုံးပတ်လက်မ ၇၀ ကျော်ခန့်ရှိပြီး တိုင်အမျိုးအစားမှာ ကျွန်း၊ သစ်မာမဟုတ်ဘဲ မယ်ယင်းသား၊ သစ်အယ်သားဖြစ်ကြောင်း သိရသည်။

တိုင်လုံးကြီးတွေ မြေအောက်ကနေ သုံးပေအကွာလောက်မှာ အခြေခံသဘောမျိုး တစ်ဆင့်ခံထား၍ အပေါ်ကဆက်ထားတာမျိုး တွေ့ရသည်။ အိမ်များဆောက်လုပ်သည့်အခါတိုင်း မြေအုတ်ဖိနပ်ခံ၍တက်သလို ဆက်၍ အပေါ်သို့ဆက်တက်နိုင်အောင် ခံထားသည့်အနေအထားဖြစ်သော်လည်း သံချောင်းတစ်ချောင်းမျှ ရိုက်ထားခြင်းမရှိပေ။ ကျောင်းခေါင်မိုးထိလောက် ပေ ၅၀ ကျော်ရှိသည်။ ကျောင်းကိုဆောက်လုပ်ရာတွင် ဓားနှင့်ပုဆိန်ကိုသာ အသုံးပြုပြီး လွှဖြင့်လုံးဝအသုံးမပြုထားခြင်းမရှိသည်ကို တွေ့ရသည်။ သစ်ပင်ခုတ်ရာတွင်လည်း ပုဆိန်ဖြင့် အပင်ခုတ်ယူပြီး အချောသပ်ညှိယူရာတွင်လည်း ပုဆိန်ကိုသာအသုံးပြုကြသည်။ ကျောင်းတိုင်လုံးကြီးမှာ လုံးဝချောမွေ့နေသည်ကို ကြည့်ခြင်းဖြင့် ရှေးလက်ရာမှာ သေသပ်ကြောင်း တွေ့ရှိရသည်။ ထူးခြားချက်တစ်ခုမှာ လွှ၊ သံမှို အသုံးပြုခြင်းမရှိဘဲ ဆက်ကြောင်းအကြားတွင်သစ်သားစို့ချက်ဖြင့် အသုံးပြုဆောက်လုပ်ထားသည်။ တိုင်လုံးအသီးသီးသည် ရွှေသားရောင်များဝင်းလက်လျက် ခေါင်မိုးနှင့် နီးရာနေရာတို့တွင်ဆေးနီ၊ ရွှေရေး ပန်းချီ ခြယ်ထားသည် အစ ရိုးရာ အလှအပများဖြင့် လှပနေပါသည်။ နေရောင်ခြည်ထိုးဖောက်မှုမရှိခြင်း၊ လေပြင်းတိုက်ခတ်မှုမှ ကာကွယ်နိုင်ခြင်း၊ ရဟန်းသံဃာတော်များ၊ ကျေးရွာပြည်သူလူထုတို့၏ ထိန်းသိမ်းမှုကောင်းခြင်းကြောင့် တိုင်လုံးပေါင်းတစ်ရာကျော်ဖြင့် တည်ဆောက်ခဲ့သည့် ကျောင်းတော်ကြီးသည် သက်တမ်းကြာရှည်စွာဖြင့် ရပ်တည်နိုင်ခဲ့ကြောင်း တွေ့ရသည်။

ကျောက္ကချားကျေးရွာ ဒေသခံပြည်သူတို့၏ စောင့်ရှောက်မှုမှာ အံ့မခန်းဖြစ်ရပါသည်။ အဆိုပါကျောင်းတော်ကြီးကို ၁၂၇၉ ခုနှစ် နတ်တော်လဆန်း ၁၀ ရက်သောကြာနေ့တွင် စတင်ရွှေချခဲ့သည်ဟု သိရသည်။

ယင်းခေတ်ကာလတွင် ရွှေတစ်ဆိုင်းလျှင် ၁၅ ကျပ်ရှိပေမယ့် ကျောက္ကချားဒေသရှိ ပအိုဝ်းတိုင်းရင်းသားများ၏ အဓိကစီးပွားရေးဖြစ်သည့် တောင်ယာ၊ ရေခြံ၊ ကြက်သွန်ဖြူ သနပ်ဖက်စိုက်ကာ အသက်မွေးဝမ်းကျောင်းခဲ့သော်လည်း အလှူအတန်းတွင် အလှူရေစက်လက်နှင့်မကွာ၊ တစ်မူးရှိလို့တစ်ပဲလှူ တို့ရှမ်းတောင်သူမိနိုင်ရိုးလား စကားပုံအတိုင်း အလှူဒါနပြုခြင်းတို့ကြောင့် နန်းဟုတ်ကျောင်းတော်ကြီး ပေါ်ပေါက်ခဲ့ရပါသည်။

အဆိုပါနန်းဟုတ်ကျောင်းတော်ကြီး၏ အရိပ်အာဝါသနှင့် ကိုရင်များ၏ စာအံသံများ၊ ပတ်ဝန်းကျင်တောတောင်မှ ကျေးငှက်အော်မြည်သံတို့သည် အေးချမ်းသောနေရာတစ်ခုသို့ ရောက်နေသလို ခံစားမိပါ၏။ ထိုတိုင်တစ်ရာကျော် ရှေးဟောင်းကျောင်းတော်ကြီး (နန်းဟုတ်) ကျောင်းရှိရာ မဲနယ်တောင်ဒေသ ကျောက္ကချားကျေးရွာသို့ ဒေသခံပအိုဝ်းတိုင်းရင်းသားတို့၏ ယဉ်ကျေးပျူငှာနွေးထွေးစွာ ကြိုဆိုမှုဖြင့်ခံစားပြီး ဘုရားဖူးပြည်သူများ အရောက်လှမ်းခဲ့ပါဟု ဖိတ်ခေါ် ရေးသားတင်ပြလိုက်ရပါသည်။




## မြတ်ဆရာပူဇော်ကန်တော့ပွဲ နှိုးဆော်လွှာ

GTC/TU (Hmawbi Electronic Major) ကို ၁၉၉၈ မှ ၂၀၀၆ ခုနှစ်အတွင်း စတင်တက်ရောက်ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယ ပူဇော်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၄ ရက် (စနေနေ့)တွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြတ်ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအတွက် အောက်ဖော်ပြပါ ကော်မတီဝင်များထံသို့ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပြီဖြစ်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| ဦးကျော်သူရလွင် | ဖုန်း-၀၉-၄၂၀၀၅၆၅၅၈ | မသရဖီစိုး | ဖုန်း-၀၉- ၄၅၀၀၅၀၂၀၁ |
| ကိုညဏ်ထွန်း | ဖုန်း-၀၉-၄၄၈၀၀၃၉၉၄ | မစုမွန်လတ် | ဖုန်း-၀၉-၅၀၇၇၁၉၉ |
| ကိုကြည်လွင် | ဖုန်း-၀၉-၇၃၁၈၂၀၉၃ | | ၀၉-၅၄၀၀၀၉၁ |
| ကိုရဲမင်းထွဋ် | ဖုန်း-၀၉-၄၃၀၄၃၀၆၅ | မမေသဉ္ဇာမြင့် | ဖုန်း-၀၉-၂၅၃၂၆၁၅၂၃ |
| ကိုကျော်လင်း | ဖုန်း-၀၉-၅၀၃၀၈၈၉ | မစုစန္ဒာမြင့် | ဖုန်း-၀၆၅-၉၇၈၉၉၂၂၉ (စင်ကာပူ) |
| ကိုဇော်ရဲလင်း | ဖုန်း-၀၉-၄၂၅၃၂၃၈၈၉ | | |
| ကိုဒိတ်သျှောင် | ဖုန်း-၀၉-၂၅၄၂၇၃၃၇၈ | မပွင့်မြူးဇင် | ဖုန်း-၀၆၅-၉၃၈၉၅၃၄၈ (စင်ကာပူ) |
| မဝင်းသီတာကျော် | ဖုန်း-၀၉-၄၃၁၁၀၄၈၉ | | |






## ရောင်းမည်
(အကျိုးဆောင်မလို)

(၁) ရေကျော်လမ်းမ condo (1700) Sqft, ၇လွှာ+Penthouse အဆင့်မြင့်ပြင်ဆင်ပြီး၊ ရွှေတိဂုံဘုရား View

(၂) သစ္စာလမ်းသွယ်၊ ရန်ကင်း၊ (၃၂၈၅)sqft နှစ်ထပ်ခွဲ RC, ပြင်ဆင်ပြီး

(၃) အရှေ့ဒဂုံ၊ အင်းဝလမ်းကျောကပ် ပေ(၄၀×၆၀)

ဖုန်း-၀၉၅၁၉၇၁၃၃၊ ၀၉-၅၁၇၃၀၈၆


## ရောင်းမည်

- လှည်းကူးမြို့နယ်၊ ငါးဆူတောင်၊ နေပြည်တော်အမြန်လမ်း၊ ၁၀မိုင်ခွဲအတွင်းရှိ ရော်ဘာခြံ ဧက(၁၅၀)၊ (ဂနှစ်သားအပင်)၊ RC ၁ထပ်တိုက်၊
**Ph:09-253224122, 09-5112198**

## ခွေးရောင်းမည်

| | |
|---|---|
| Pomerania Tea Cup | ၂လ |
| Shih-Tzu | ၃လ |
| Golden Retriever | ၂လ |
| Husky | ၂လ |

ဖုန်း-၀၉-၄၂၀၂၆၇၁၄၈




# ညက်ကျွန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မီးလင်းရေး ဖွင့်ပွဲပြုလုပ်

**ရန်ကုန်၊ နိုဝင်ဘာ ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကရင်ကန်ကျေးရွာအုပ်စု ညက်ကျွန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော် ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းထွန်းက လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် သတိပြုသင့်သည်များ၊ အန္တရာယ်ကင်းဝေးစေရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပညာပေး ဟောပြောခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ဦး၊ ရန်ကုန်မြို့တော်ဓာတ်အားပေးရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနှင့်ခရမ်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေမှူး ဦးအောင်သာစိန်တို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရမ်းမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် ဦးကျော်မြင့်အောင်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဦးထွန်းထွန်း၊ ခရမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သာစိန်၊ ကရင်ကန်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

ကျေးရွာနေပြည်သူများ လူနေမှုအဆင့်အတန်း မြင်မား၍ ကျန်းမာရေး လူမှုရေးနှင့် အနာဂတ်လူငယ်များ ပညာရေးအဆင့်အတန်းမြင့်မား၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက်များဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးကို ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

# ကြည်နူးပျော်ရွှင်မီးရထားခရီးစဉ်

မြန်မာ့မီးရထားသည် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းနှင့် အဝေးပြေးရထားလမ်းပိုင်းများအဆင့်မြင့် ပြင် ဆင်၍ ဝန်ဆောင်မှုတိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသော်လည်း မသမာသူအချို့၏ နှောက်ယှက်ဖျက်ဆီးမှုများ ရှိခဲ့ခြင်းကြောင့် မီးရထားဖြင့် ခရီးသွားသူများ စိတ်မချမ်းမြေ့စရာများဖြစ်ကာ မီးရထားဖြင့် ခရီးသွားမည်ကိုပင် ဝန်လေးနေကြပေသည်။

ဖြစ်စဉ်များအနေဖြင့် နိုဝင်ဘာ ၁၂ ရက်က မြို့ပတ်ရထားအမှတ် (န/၉) သည် ည ၇ နာရီ ၀၂ မိနစ်တွင်လည်းကောင်း၊ ရထားအမှတ် (ဂ/၆)သည် ည ၇ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ရထားအမှတ် (ဓ/၁၂) သည် ည ၇ နာရီ ၁၆ မိနစ်တွင်လည်းကောင်း မလွှကုန်းဘူတာနှင့် မေတ္တာညွန့်ဘူတာအကြားတို့တွင် မသမာသူအချို့က ခဲဖြင့် ပစ်ပေါက်ခြင်းနှင့် နိုဝင်ဘာ ၂၀ ရက် ည ၇ နာရီ ၂၅ မိနစ်တွင် ရန်ကုန်အင်းစိန်လက်ဝဲရစ် R.B.E Air Com အထူးအမှတ် (ဓ)ရထားကို ကျောက်ရေတွင်း ဘူတာနှင့် ပုရွက်ဆိတ်ကုန်းဘူတာကြား၊ မိုင်တိုင် (၉/၉-၁၀)အကြားတို့တွင် မသမာသူတို့က ခဲဖြင့်ပစ်ပေါက်ခဲ့ခြင်းများကို ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီမှုကြောင့် တရားခံသုံးဦးတို့အား ဖမ်းဆီးရမိသည့် ဖြစ်စဉ်များရှိသည်။ ထို့ပြင် ကြည့်မြင်တိုင်သာရဝေါ မီးရထားလိုင်းခရီးစဉ်ကိုလည်း စာရေးသူအနေဖြင့် နိုဝင်ဘာ ၄ ရက်နေ့က လိုက်ပါခဲ့စဉ် အထူးတန်းတွဲအမှတ် (၁)ရှိ ဆိုဖာထိုင်ခုံများအား ဓားဖြင့်ခွဲ၍ ဖျက်ဆီးထားသည်များကို တွေ့ရှိခဲ့ရသဖြင့် စိတ်မကောင်းဖြစ်ခဲ့မိသည်။ မြန်မာ့မီးရထားအနေဖြင့် ခရီးသွား ပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အဘက်ဘက်မှ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက် ပေးနေသော်လည်း ဤသို့သော အဖျက်အမှောက်လုပ်နေသူများ ရှိနေသည့် လုပ်ရပ်များ ကာလတစ်လျှောက်မြန်မာ့ မီးရထားအနေဖြင့် မည်သည့်အခါမှ ပြောင်းလဲတိုးတက်လာမည်မဟုတ်သကဲ့သို့ ခရီးသွားပြည်သူများအနေဖြင့်လည်း စိတ်မချမ်းမြေ့စွာ သွားလာနိုင်မည်မဟုတ်တော့ပေ။

သို့ပါ၍ မြန်မာ့မီးရထားဖြင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးနှင့် မြန်မာ့မီးရထားပိုင် ပစ္စည်းများ လေလွင့်၊ ပျက်စီး၊ ပျောက်ဆုံးမှုများ မရှိစေရေးတို့အတွက် ခရီးသွားပြည်သူများ၊ ဒေသခံ ပြည်သူများနှင့် မြန်မာ့မီးရထားဝန်ထမ်းများဝိုင်းဝန်းကာ တူညီလက်တွဲဆောင်ရွက်သွားကြပါလျှင် မြန်မာ့မီးရထားဖြင့် ခရီးသွားလာရခြင်းသည် စိတ်ချမ်းမြေ့ဖွယ်ကောင်းပြီး "ကြည်နူးပျော်ရွှင်၊ ခရီးစဉ်" တစ်ခုဖြစ်လာမည့်အကြောင်း ရေးသားလိုက်ရပါတော့သည်။

**အေးသန်း(စိန်တုံးကြီး)**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ခေတ် အေးကျေးရွာ တောင်တန်းသာသနာပြုပရဟိတကျောင်းတွင် အာရှပစိဖိတ်ဒေသလုံးဆိုင်ရာ FAO လက်ထောက်ညွှန်ကြားရေးမှူးချုပ် Mr. Konuma ဦးဆောင်သော ဂျပန်လူငယ်အဖွဲ့သည် ယင်းတို့အဖွဲ့မှ ပရဟိတကျောင်းအတွက် လှူဒါန်းစိုက်ပျိုးပေးထားသော သခွား၊ ဘူး၊ ပြောင်း၊ ပဲတိုင်ထောင်၊ ဖရုံ၊ ကန်စွန်း၊ ငရုတ်၊ ခရမ်း စိုက်ခင်းများအား ပြုစုစစ်ဆေးခြင်းများ ပြုလုပ်ပြီး ပရဟိတကလေးငယ်များနှင့်အတူ စိတ်ဓာတ်ခွန်အားမြှင့် မြန်မာ-ဂျပန်တေးသီချင်းများ အတူတကွ အပြန်အလှန် သီဆိုနေကြသည်ကို တွေ့ရစဉ်။

**(ကိုကိုနေ)**



# ကျိုက်ထိုမြို့တွင် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ၏ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှု မြို့နယ်ဦးစီးမှူး ကွင်းဆင်းစစ်ဆေးကြည့်ရှု

**ကျိုက်ထို၊ နိုဝင်ဘာ ၂၉**

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် သရက်ကုန်းကျေးရွာအုပ်စု အဘိုင်းကျေးရွာတွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး မွေးမြူရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများအား ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး (လ/ထ ညွှန်ကြားရေးမှူး) ဦးမိုးဝင်းနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန် မိသားစုဝင်ငွေ တိုးပွားစေရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောက်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာ ဖူလုံစေရေးတို့ကို ရည်ရွယ်၍ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင်ကျေးရွာသူ၊ကျေးရွာသားများ၏ စိတ်အားထက်သန်မှု၊ကျန်းမာရေး၊ သန့်ရှင်းရေးဆိုင်ရာ ဆောင်ရွက်နိုင်မှုရှိသည့် ကျေးရွာများကို ပွင့်လင်းမြင်သာစွာဖြင့် ရွေးချယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမျိုးသားရည်မှန်းချက် တစ်ခုဖြစ်သည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မြစိမ်းရောင်စီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ **သန်းသန်းမော်(ပြန်ဆက်)**

# နံရံကပ်စာပေရေချမ်းစင်၌ စာစဉ်သစ်များဖြည့်ဆည်း

**မိုးနဲ၊ နိုဝင်ဘာ ၂၉**

မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးညွှန့်ရွှေနှင့် ဝန်ထမ်းများသည် အများပြည်သူအသိပညာဗဟုသုတများ ရရှိနိုင်ရန်နှင့် စာအုပ်စာပေများ လက်လှမ်းမီ လေ့လာနိုင်ရန်ရည်ရွယ်၍ နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် နိုဝင်ဘာလထုတ် အတွဲ( ၂ ) အမှတ်( ၁၀ ) စာစဉ်အသစ်များကို မြို့နယ်တွင်း စာပေရေချမ်းစင်ချိတ်ဆွဲထားသော နေရာများသို့ သွားရောက်ပြီး စာစဉ်အသစ် (၁၃) မျိုးကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ နံရံကပ်စာပေရေချမ်းစင်များကို လူစည်ကားရာ လက်ဖက်ရည်ဆိုင်၊ ဈေး၊ကားဂိတ်များ၊ မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် ပြည်သူ့ဆေးရုံများတွင် ချိတ်ဆွဲပေးထားသည်။

**(ဗဗ၁)**





# "နှစ် ( ၆၀ ) ပြည့် စိန်ရတု မွေးနေ့မင်္ဂလာဆုတောင်းလွှာ "

( 30 . 11 .2014 )ရက်နေ့တွင် ကျရောက်သော **ဦးစိုးဝင်း** ၏ နှစ် ( ၆၀ ) ပြည့် စိန်ရတုမွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ၏ ရတုပေါင်းများစွာတိုင်အောင် ဘဝတစ်လျှောက်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ၍ အောင်မြင်ပြီးပြည့်စုံသော ဘဝပန်းတိုင်ကို ဆက်လက်လျှောက်လှမ်းနိုင်ပါစေရန်ဆုမွန်ကောင်း တောင်းလျက်.......

**APPLE PRODUCTION CO.,LTD.**

**ဦးဝင်းကျော် ( စ ) ဝမ်ကျင်ပူ**
**ဦးလင်းကြည် ( စ ) လောက်ကျိုးချုံ**




Year end Promo

Used Desktop PC (၁)လုံး (၅)သောင်းကျပ်

MRJ Computer & Mobile



## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ဗညားဒလလမ်းမကြီးပေါ်ရှိ အိမ်အမှတ်(၃၁၈)၊ (၂)ထပ်တိုက် မြေအကျယ်အဝန်း (၃၀×၈၀)ပေ၊ (ဂရန်မြေ၊ ပိုင်ရှင်အမည်ပေါက်)၊ (တာမွေအဝိုင်းထိပ်) Ocean Super Market အရှေ့၊ နေရာအလွန်ကောင်း၊ ညှိနှိုင်းဈေးဖြင့်ရောင်းမည်။

**ဆက်သွယ်ရန်ဖုန်း -၀၉-၉၇၄၀၀၀၀၄၉**



## YLCC Language Center

- Chinese 4-Skills, HSK
- English 4-Skills, IELTS, TOEFL
- Japanese 4-Skills, JLPT, NAT TEST
- Myanmar Language for Foreigners

EPT December



SAYA JOHN ဦးစိုးဆရာ

## FLAMINGO

AMERICAN ENGLISH SPEAKING CLASS

(Enroll now)



## ချည်သားစစ်စစ်

ပြည်တွင်းဖြစ် အရည်အသွေးမီ ဒီဇိုင်းနဲ့ ပေါက်ဈေးနှုန်းထက်သက်သာစွာ ဖြန့်ချိရောင်းချပေးနေပါသည်။

ဆက်သွယ်ရန်-၀၉၅၀၇၂၆၀၀၀၀၊ ၀၉၅၀၄၂၀၂၂



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ တိုက်အမှတ် (၇၉/၈၂) အခန်းအမှတ် (၂၀၆)၊ (ဒုတိယထပ်) တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးနေမင်းထွန်း[၁၂/ကတတ(နိုင်)၀၀၂၈၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူသောကြောင့် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၅)ရက်အတွင်းခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူသင်းကြိုင်(စဉ်-၃၁၇၈၆)**
**အထက်တန်းရှေ့နေ**

**ဦးထင်အောင်(စဉ်-၃၀၇၈)**
**ဒေါ်သန်းသန်းစိန်(စဉ်-၇၈၀၀)**
**ဒေါ်ထူးထူးရင်(စဉ်-၈၀၂၄)**
**တရားလွှတ်တော်ရှေ့နေများ**

**ရုံး-အမှတ် (၈၃)၊ အခန်း-၁၁(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၇၂၇၆၊ ၀၉-၅၄၀၆၄၀၆**

# နော်ဝေနိုင်ငံ ဟာရယ်ဘုရင်နှင့် မိဖုရား ဆွန်ယာတို့၏ ကိုယ်ရေးအကျဉ်း

## နော်ဝေနိုင်ငံ ဟာရယ်ဘုရင်၏ ကိုယ်ရေးအကျဉ်း

နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်အား ၁၉၃၇ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် အော်စလိုမြို့တော်အနီးရှိ စကယ်ရ်ဂွမ်းနန်းတော်၌ ဖွားမြင်ခဲ့ပါသည်။ ၎င်းသည် အိမ်ရှေ့မင်းသား ပဉ္စမမြောက် အော်လက်ဗ်(နောင်တွင် ပဉ္စမမြောက် အော်လက်ဗ်ဘုရင်)နှင့် မင်းသမီး မာသာတို့၏ တစ်ဦးတည်းသော သားတော်ဖြစ်ပြီး ၁၉၉၁ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ၎င်း၏ ခမည်းတော် ကွယ်လွန်ပြီးနောက် နော်ဝေနိုင်ငံ၏ ဘုရင်အဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။



နော်ဝေနိုင်ငံ ဟာရယ်ဘုရင်နှင့် မိဖုရား ဆွန်ယာ။

မင်းသားဘဝတွင် ဟာရယ်သည် ၁၉၅၅ ခုနှစ်တွင် အော်စလိုမြို့ ခရစ်ယာန်ကျောင်းမှ အထက်တန်း အောင်မြင်ခဲ့သည်။ ယင်းနောက် နော်ဝေမြင်းတပ် အရာရှိသင်တန်းကျောင်းသို့ တက်ရောက်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် နော်ဝေနိုင်ငံ စစ်တက္ကသိုလ်သို့လည်း တက်ရောက် အောင်မြင်ခဲ့သည်။ မင်းသား ဟာရယ်သည် စစ်မှုထမ်းခြင်း ပြီးဆုံးချိန်တွင် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်ရှိ ဘာလီယောကောလိပ်၌ လူမှုရေးသိပ္ပံ၊ သမိုင်းနှင့်ဘောဂဗေဒ ဘာသာရပ်များအား ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ သင်ယူခဲ့သည်။

၁၉၅၇ ခုနှစ် စက်တင်ဘာလ ၂၁ ရက်တွင် နော်ဝေဘုရင် သတ္တမမြောက် ဟာကွန် ကွယ်လွန်ပြီးနောက် အိမ်ရှေ့မင်းသား ဖြစ်လာခဲ့ပြီး နိုင်ငံတော်ကောင်စီ အစည်းအဝေးများသို့ စတင်တက်ရောက်ခဲ့သည်။ ၎င်းသည် ခမည်းတော်ဘုရင် ပဉ္စမမြောက် အော်လက်ဗ်နှင့်နီးကပ်စွာ တာဝန်ထမ်းဆောင်ခဲ့ပြီး နော်ဝေနိုင်ငံ၏ စက်မှုလုပ်ငန်းများကို ပြည်ပနိုင်ငံများတွင် မြှင့်တင်ရန်အတွက် နော်ဝေကုန်သွယ်ရေးကိုယ်စားလှယ်

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❁



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နော်ဝေနိုင်ငံဘုရင်တို့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်က နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ ဘုရင့်နန်းတော်၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

# အရှည်ပေ ၆၃၀၀ ရှိ သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်မည်

**မော်လမြိုင် နိုဝင်ဘာ ၂၉**

မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်အကြား ဖြတ်သန်းစီးဆင်းနေသည့် သံလွင်မြစ်၏ အကျဉ်းဆုံးနေရာကို ရွေးချယ်ကာ တံတားတည်ဆောက်တော့မည်ဖြစ်ကြောင်းသိရသည်။ မော်လမြိုင်မြို့ မုပွန်အရပ်မှ တံတားအုကြောင်းနေရာတွင် လေ့သမ္မန်ပေါ်၌ အလံငယ်များစိုက်ထူထားပြီး တစ်ဖက်ကမ်း ဘီလူးကျွန်းရှိ ချောင်းဆုံမြို့နယ် ကညော်ကျေးရွာ တံတားချဉ်းကပ်ဧရိယာနှင့် မြေနေရာတို့ကို အကောင်းဆုံးဖြစ်စေရန် ရည်ရွယ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်မည်ဖြစ်သည်။

မော်လမြိုင်မြို့နယ် မုပွန်ရပ်နှင့် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာရှိ သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်မည့်နေရာကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မကြာမီတည်ဆောက်တော့မည် သံလွင်တံတား (ချောင်းဆုံ)မှာ အရှည်ပေ ၆၃၀၀ ခန့်ရှိပြီး နှစ်လမ်းသွား တံတားဖြစ်သည်။ မော်လမြိုင်ဘက် မုပွန်အရပ်၌ ချဉ်းကပ်လမ်းမှာ ပေ ၄၀၀ ခန့်ရှိပြီး ချောင်းဆုံမြို့နယ် ကညော်ကျေးရွာဘက် ချဉ်းကပ်လမ်းမှာ အရှည်တစ်မိုင် နှစ်ဖာလုံခန့်ရှိကြောင်း သိရသည်။

သံလွင်တံတား(ချောင်းဆုံ)ဒီဇိုင်းကို တောင်ကိုရီးယားနိုင်ငံမှ ပညာရှင်များက ရေးဆွဲပုံစံထုတ်ထားခြင်းဖြစ်ပြီး ခုံးသုံးခုံးပါရှိသော ဒီဇိုင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

## မာတိကာ


**မှန်ကန်သော ယှဉ်ပြိုင်ခြင်း**

စာတည်းရှုထောင့် စာမျက်နှာ - ၂

**သမိုင်းအသစ် တွင်ရစ်နေပါလိမ့်မည်**

ဆောင်းပါး စာမျက်နှာ - ၆





ကြေးမုံ
Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 NOVEMBER 30, SUNDAY

STI MYANMAR UNIVERSITY
MBA BBA MED BE
www.stiedu.net
TEL : 507151/52, 377988
09250084451, 0931702299
09420254872

ဖွံ့ဖြိုးရေး

# တည်ဆောက်နေသည့် ရာဇဂြိုဟ်ဆည်မှ လယ်ဧက ၆၅၀၀ ကို ရေပေးဝေနိုင်ပြီး ကလေးမြို့သို့ ၂၀၁၆ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားပေးနိုင်တော့မည်ဟုဆို



**ကလေး နိုဝင်ဘာ ၂၉**

ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းမဖြစ်သော ကလေး-တမူးလမ်း အနီးတွင်တည်ရှိရာ တည်ဆောက်နေသည့် ရာဇဂြိုဟ်ဆည်မှ လယ်ဧက ၆၅၀၀ ကို ရေပေးဝေနိုင်ပြီး ၂၀၁၆ ခုနှစ်တွင် ကလေးမြို့သို့ လျှပ်စစ်ဓာတ်အား စတင်ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ လုပ်ငန်းစတင်တည်ဆောက်ခဲ့ရာ မြေသားတမံအမျိုးအစား အလျား ပေ ၁၃၆၆၀၊ အမြင့် ၁၆၅ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၈၁၀၀ နှင့် ကန်ရေပြည့်ရေပြင်ဧရိယာ ဧက ၉၈၀ ဖြစ်ပြီး ပင်မတမံ အလျား ၄၇၄၅ ပေ၊ ကုန်းကြောတမံသုံးခုတို့၏ အလျား ၈၉၁၅ ပေရှိ ရာဇဂြိုဟ်ဆည်ကို ၂၀၁၅ ခုနှစ်အတွင်း အပြီးသတ်တည်ဆောက်သွားမည်ဟု ရာဇဂြိုဟ်ဆည် တည်ဆောက်ရေးအင်ဂျင်နီယာရုံးမှ သိရသည်။

ရာဇဂြိုဟ်ကျေးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ နေရဥ္စရာချောင်းဖျားတွင်တည်ဆောက်နေသော ရာဇဂြိုဟ်ဆည်စီမံကိန်းသည် ခန့်မှန်းကုန်ကျငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ သန်း (ကျပ်သန်းပေါင်း ၅၄၂၄၄ သန်း) ဖြစ်ရာ ကလေးမြို့နယ် မြစ်သာမြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေ ဧက ၈၅၀၀ အား ရေပေးဝေနိုင်ရန်၊ စပါးစိုက် လယ်ဧကများတွင် နွေစပါး၊ မိုးစပါးစိုက်ပျိုးနိုင်ရန်နှင့် ရေအား လျှပ်စစ် လေးမဂ္ဂါဝပ်ထုတ်လုပ်နိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်စက်ရုံတည်ဆောက်ရေးအတွက် ဂျပန်နည်းပညာဖြင့် တရုတ်နိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုက ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။


“လာမယ့် ၂၀၁၅ ခုနှစ်မှာ တည်ဆောက်မှုအပိုင်း ပြီးဆုံးမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ပေးနိုင်မှုအနေနဲ့ကတော့ ဆည်အတွင်း လျှပ်စစ်ထုတ်လုပ်ဖို့ လိုအပ်တဲ့ ရေပမာဏသိုလှောင်ရဦးမှာရယ်၊ ထုတ်လုပ်နိုင်ပြီဆိုရင်လည်း ဖြန့်ဖြူးပေးနိုင်ဖို့ တည်ဆောက်ရဦးမှာနဲ့ဆိုတော့ ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းလောက်မှပဲ ပေးဝေနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ဆည်တည်ဆောက်မှုအပိုင်းကိုပဲ အဓိက တာဝန်ယူထားရပြီး လျှပ်စစ်မီးပေးဝေနိုင်ဖို့ကတော့ တခြားဌာနတစ်ခုက ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ရာဇဂြိုဟ်ဆည် တည်ဆောက်ရေးဌာနမှ အင်ဂျင်နီယာတစ်ဦးက ပြောသည်။

အဆိုပါရေလှောင်တမံ၏ ဆည်ရေသောက်ဧရိယာအတွင်းရှိ ဒေသခံများ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အလွန်အရေးကြီးသော လယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ဆည်မှထုတ်လုပ်သော လျှပ်စစ်မီးကို ကလေးမြို့သို့ အဓိကဖြန့်ဖြူးသွားမည်ဖြစ်သောကြောင့် နေ့စဉ်လျှပ်စစ်မီးလုံလောက်စွာ မသုံးစွဲနိုင်သော ကလေးမြို့ဒေသခံများနှင့် ကျေးလက်နေပြည်သူများက သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးနှင့် အမြန်ဆုံး လျှပ်စစ်ဓာတ်အားမီးပေးဝေနိုင်ရေးအတွက် မျှော်လင့်တောင့်တနေကြကြောင်း သိရသည်။

ချင်းတွင်းသား (iprd)

## ကလေးမြို့ လေယာဉ်ပြေးလမ်းဘေး ဥပုသ်ချောင်းလွှဲ ကျောက်စီမြေထိန်းနံရံတည်ဆောက်

စာမျက်နှာ ၂ သို့ » »






## ပွင့်ဖြူမြို့နယ် မြောက်မုန်း မြောင်းပေါင်ကျိုးပေါက်မှုအား ပြန်လည်ပြုပြင်ပြီးစီး

စာမျက်နှာ ၃ သို့ » »

## ယခုနှစ်မိုးရာသီတွင် အပျက်အစီးများ၍ ပန်းစိုက်သူများ ဝင်ငွေလျော့အမြတ်နည်း

စာမျက်နှာ ၄ သို့ » »



ချင်းပြည်နယ်



# တိုင်းရင်းသားတို့၏ တောင်ထိပ်စေတီထီးတော်တင်လှူပွဲ

**မင်းတပ် နိုဝင်ဘာ ၂၉**

ချမ်းအေးလှသော ရာသီဥတုနှင့် ကြမ်းတမ်းခက်ခဲသော ခရီးလမ်းများကို ကျော်ဖြတ်၍ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နယ်အတွင်းရှိ ပင်လယ်ရေပြင်ထက် အမြင့်ပေ ၄၆၀၀ ကျော်တွင်ရှိသော အိမ်မွှင်းကျေးရွာတောင်ထိပ်တွင် တည်ထားကိုးကွယ်မည့် မဟာဝိဇယစေတီတော် ထီးတော်တင်လှူပွဲကိုနိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဒေသခံချင်းတိုင်းရင်းသားညီအစ်ကိုများ စုပေါင်းကျင်းပပူဇော်ကြသည်။

ထီးတော်တင်လှူပွဲသို့ လာရောက်ကြည်ညိုသူ ချင်းတိုင်းရင်းသားပရိသတ်များသည် အလှူပွဲ၌ လက်ရေတစ်ပြင်တည်း စားသောက်ခြင်း၊ တရားနာခြင်း၊ လုပ်အားအလှူပေးခြင်းများဖြင့် ပါဝင်ခဲ့ကြသည်။ အလှူပွဲလာပရိသတ် ၁၅၀ ခန့်သည် မြေပြန့်ဒေသများ၌ မပြောပလောက်သည့်အရေးအတွက်မဟုတ်သော်လည်း နက်ရှိုင်းသောချောက်ကမ်းပါးများ၊ မြင့်မားသော တောင်တက်တောင်ဆင်း ခရီးလမ်းကြမ်းများကို အနည်းဆုံး ၂ နာရီမှ နေ့တစ်ဝက် တစ်ရက်အချိန်ယူ ကျော်ဖြတ်၍ အလှူပွဲနေရာသို့ အချိန်ကိုက်လာရောက်စုစည်းရသည်မှာ မလွယ်ကူကြောင်း၊ အချိန်ယူပြင်ဆင်၍ အလှူပွဲကို လာရောက်ဆင်နွှဲရကြောင်း ဒေသခံများက ပြောကြားသည်။

**သတင်း-(ကိုကိုနေ)၊ ဓာတ်ပုံ(နန္ဒ)**

ရောဝတီတိုင်းဒေသကြီး

# မအူပင်တွင် စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီး

**မအူပင် နိုဝင်ဘာ ၂၉**

မအူပင်ခရိုင် မအူပင်မြို့တွင် ယာဉ်မောင်းသူတိုင်းသတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ရန် စီမံချက်ကာလအဖြစ် ယာဉ်မောင်းသူတိုင်းသိရှိနိုင်ရန် အသိပေးကြေညာခဲ့ပြီး နိုဝင်ဘာလမှစတင်၍ စည်းကမ်းမဲ့ယာဉ်များအား စစ်ဆေးဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

မြို့အတွင်းရှိ လမ်းဆုံများ၊ ယာဉ်အသွားအလာများသော နေရာများတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့များက နေ့စဉ်စစ်ဆေးဖမ်းဆီးခြင်းကို ဆောင်ရွက်ပြီး ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်၊ ဆိုင်ကယ်စီးဦးထုပ်၊ ယာဉ်နှင့်ပတ်သက်၍ သတ်မှတ်စည်းကမ်းများကို လိုက်နာခြင်းမရှိသောယာဉ်များအား အပြစ်ပေးအရေးယူခြင်း၊ လိုင်စင်မဲ့ဆိုင်ကယ်များအား ဒဏ်ငွေသတ်မှတ်ချက်အရ ဆိုင်ကယ်လိုင်စင် ဆောင်ရွက်ပေးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်းဖမ်းဆီးအရေးယူဆောင်ရွက်ချက်အရ စည်းကမ်းမဲ့ယာဉ်များနည်းပါးပြီး အပြစ်ပေးဒဏ်ငွေရရှိခြင်းအပေါ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး



# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလျှော့ချရေး အလုပ်ရုံဆွေးနွေး

**မိတ္ထီလာ နိုဝင်ဘာ ၂၉**

မိတ္ထီလာမြို့နယ်တွင် မြို့နယ်အဆင့်အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလျှော့ချရေး လုပ်ငန်းစဉ်များအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းက အမှာစကားပြောကြားပြီး အက်ရှင်အေ့စ်မြန်မာမှ စီမံကိန်းအရာရှိ မရီမွန်မောင်က မြို့နယ်အဆင့်အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလျှော့ချရေးလုပ်ငန်းစဉ်များနှင့် အလုပ်ရုံဆွေးနွေးကျင်းပရခြင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများအား အကြမ်းဖက်မှုနှင့်ပတ်သက်သော အခြေခံအချက်များနှင့် NSPAW and CEDAW ဆိုင်ရာ အဓိက အချက်အလက်များကို ဝေငှပေးခဲ့သည်။

ဆက်လက်၍ လူကုန်ကူးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ဒုရဲမှူးမျိုးလွင်က အမျိုးသမီးများနှင့်ပတ်သက်သော ဥပဒေရေးရာများကို ဆွေးနွေးခဲ့ပြီး အခမ်းအနားပွဲသို့တက်ရောက်လာသည့် ကျေးရွာမှအမျိုးသမီးများ၊ ဖွံ့ဖြိုးရေးလူငယ်များနှင့်ဌာနဆိုင်ရာများအကြား မိတ်ဆက်ခဲ့ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာလျှော့ချခြင်းလုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးသည့် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများက မြန်မာနိုင်ငံရှိ အမျိုးသမီးများအားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် စွမ်းဆောင်ရည်မြင့်မားလာပြီး ၎င်းတို့၏ အခွင့်အရေးရပိုင်ခွင့်များကို အပြည့်အဝခံစားရရှိစေရန်နှင့် အမျိုးသမီးတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး ကျား၊ မရေးရာ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အသိအမှတ်ပြုနားလည်လက်ခံလာနိုင်စေမည့်စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ဆွေးနွေးခဲ့ကြောင်းသိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

စစ်ကိုင်းတိုင်းဒေသကြီး

# ကလေးမြို့ လေယာဉ်ပြေးလမ်းဘေး ဥပုသ်ချောင်းလွှဲ ကျောက်စီမြေထိန်းနံရံတည်ဆောက်

**ကလေး နိုဝင်ဘာ ၂၉**

ကလေးမြို့ လေဆိပ်လေယာဉ်ပြေးလမ်းဘေး ဥပုသ်ချောင်းလွှဲ ကျောက်စီမြေထိန်းနံရံ အရှည်ပေ ၃၀၀၊ မျက်နှာဝအကျယ် ၅၆ပေ၊ အောက်ခြေအကျယ် ၂၅ပေ၊ ၆လက်မထုကွန်ကရစ်ခင်းနှင့် အမြင့်ပေ ၁၅ ပေ ၆ လက်မရှိ ဘေးနှစ်ဖက်ကျောက်စီနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှ ၁၃၆သန်း အကုန်ကျခံကာ စက်တင်ဘာ ၃၀ ရက်က လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိသည်။

ဥပုသ်ချောင်းသည် မြို့တွင်းတွင်စီးဆင်းပြီး မိုးရာသီတွင် ရေစီးသန်သည့်အတွက် ချောင်းကမ်းပါးနှစ်ဖက် ကျောက်စီမြေထိန်းနံရံဆောက်လုပ်ခြင်းအားဖြင့် လေယာဉ်ပြေးလမ်းဘေးကမ်းပါးပြိုကျခြင်းနှင့် တပ်ဦးသီတာရပ်ကွက် ချောင်းဘေးကမ်းရှိ လူနေအိမ်များ ကမ်းပြိုခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဂျူနိုင်း)**



မွန်ပြည်နယ်

# ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**မော်လမြိုင် နိုဝင်ဘာ ၂၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် မော်လမြိုင်မြို့နယ်အတွင်း ကျေးလက်ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြန်မာ့ရှူခင်းကုမ္ပဏီမှတင်ဒါယူ၍ မင်းရွာကျေးရွာ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်၊ မြို့နယ်ဦးစီးမှူး(လက်ထောက်ညွှန်ကြားရေးမှူး) ဦးချစ်ငွေနှင့်တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အဆောက်အအုံနှင့် စက်ယန္တရားများကြံ့ခိုင်ရေးကို ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။

၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် မော်လမြိုင်မြို့နယ်အတွင်း ကျေးရွာ ခုနစ်ရွာတွင် စက်ရေတွင်းတူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

တနင်္သာရီတိုင်းဒေသကြီး

## မြိတ်မြို့၌ (၂၅)ကုတင်ဆံ့ တိုင်းရင်းဆေးရုံ တည်ဆောက်မည်


**မြိတ် နိုဝင်ဘာ ၂၉**

မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်ရန်၊ ပြည်သူများ တိုင်းရင်းဆေးပညာကို ပိုမိုယုံကြည်အားထားလာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရမှ မြိတ်မြို့တွင် ပြည်သူများအတွက် (၁၆)ကုတင်ဆံ့ တိုင်းရင်းဆေးရုံမှ(၂၅)ကုတင်ဆံ့ တိုင်းရင်းဆေးရုံအသစ်ကို တည်ဆောက်မည်ဖြစ်ပြီး နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက အဆိုပါတိုင်းရင်းဆေးရုံတည်ဆောက်မည့် မြေနေရာတွင် ပန္နက်တင်မင်္ဂလာကျင်းပသည်။

မြိတ်မြို့ (၂၅)ကုတင်ဆံ့ တိုင်းရင်းဆေးရုံကို နိုင်ငံတော်အစိုးရမှ ခွင့်ပြုရန်ပုံငွေ ၅၄၇ ဒသမ ၆၆၄ သန်းဖြင့် အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေ RC တစ်ထပ်တိုင်းရင်းဆေးရုံ၊ လေးခန်းတွဲ လေးထပ် (ပေ ၄၀ × ပေ ၈၀) ဝန်ထမ်းအိမ်ရာကို မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး ၎င်းဆေးရုံတည်ဆောက်ပြီးစီးသွားပါက ပြည်သူများ၏ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ခရိုင်ပြန်/ဆက်)**

ချင်းပြည်နယ်



## နွားနောက်မွေးမြူရေး အရင်းအနှီးကြီးမား၍ အခက်တွေ့

**မင်းတပ် နိုဝင်ဘာ ၂၉**

ချင်းပြည်နယ် ကျေးလက်တောင်ပေါ်ဒေသခံ တိုင်းရင်းသားများအနေဖြင့် နွားနောက်မွေးမြူရေးလုပ်ငန်းသည် အချိန်ကာလနှင့် အရင်းအနှီးလိုအပ်ချက်များကြောင့် ဖြစ်ထွန်းအောင် မွေးမြူနိုင်ရေး အခက်အခဲများရှိကြောင်း သိရသည်။

ဒေသတွင်းသာမက တရုတ်နိုင်ငံမှ လာရောက်ဝယ်ယူသည့် ဈေးကွက်ရှိသော်လည်း အရင်းအနှီးကြီးမားခြင်း၊ ရောဂါဝင်ပါက ဆုံးရှုံးမှုကြီးမားခြင်းတို့ကြောင့် ငွေကြေးမတတ်နိုင်သူများ မွေးမြူနိုင်ခြင်းမရှိကြောင်း ကျေးရွာသားများက ပြောကြသည်။ "ကျွန်တော်တို့ ဖွံ့ဖြိုးရေးချေးငွေရပါတယ်၊ နွားနောက်မွေးမြူဖို့ပါ၊ အရင်တုန်းက နွားနောက်ကို လွှတ်ကျောင်းမွေးမြူလို့ရပေမယ့် အခုချိန်မှာ စိုက်ခင်းတွေများလာပြီဖြစ်လို့မရတော့ပါဘူး။ ခြံလှောင်ပြီးတော့ပဲမွေးရပါမယ်၊ နွားနောက်တစ်ကောင်အရွယ်ရောက်ဖို့ သုံးနှစ်လောက်စောင့်ရပါတယ်။ အဲဒီအချိန်မှ မတမ်းအရွယ်ရောက်ပြီး သားကျနိုင်ပါတယ်။ ပထမတစ်ခါမွေးတုန်းက ရောဂါဝင်ပြီး နွားတွေသေပါတယ်။ နောက် ချေးငွေက အချိန်တိုတော့ အရွယ်မရောက်ခင်ရောင်းပြီး ငွေပြန်ဆပ်ရလို့ အမြတ်အစွန်းမရတဲ့အပြင် လုပ်အားခပါရှုံးလို့ မမွေးနိုင်ကြတော့ဘူး၊ အရင်းအနှီးများလို့ သူဌေးတွေပဲ မွေးနိုင်တယ်"ဟု မင်းတပ်မြို့နယ် ပန်းအောကျေးရွာမှ ဦးအောင်းထန်က ပြောကြားသည်။ ဝက်မွေးမြူရေးမျိုးကောင်းမျိုးသန့် ဖြန့်ဝေရရှိရာတွင်လည်း မြို့နှင့်နီး၍ ဆက်သွယ်ရေးကောင်းသော နေရာများသာရသည်ဟု ဒေသခံများက ဆိုသည်။

ချင်းတောင်တန်းဒေသမှာ တစ်ရွာနှင့်တစ်ရွာ၊ တစ်ဒေသနှင့်တစ်ဒေသ ကူးသန်းသွားလာရာ၌ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းမှာလည်း ဒေသဖွံ့ဖြိုးရေးအတွက် အခက်အခဲတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-နန္ဒ**

မွန်ပြည်နယ်



## ပိန္နဲတောကျေးရွာတွင် အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်းပြီး အခမဲ့ဆေးဝါးကုသပေး

**သထုံ နိုဝင်ဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့နယ် ပိန္နဲတောကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သထုံခရိုင်ကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက နိုဝင်ဘာ ၂၇ ရက်က ပိန္နဲတောကျောင်းကြီး ဓမ္မာရုံတွင် ကွင်းဆင်းကာ ကျန်းမာရေးစစ်ဆေးပြီး အခမဲ့ဆေးဝါးများကုသပေးခဲ့သည်။ "ကျေးလက်နေပြည်သူတွေကို ကွင်းဆင်းကုသပေးရင်းနဲ့ ကျွန်မတို့ဆီက ဆရာဝန်တွေ၊ သူနာပြုတွေကိုလည်း အထူးကုဆရာဝန်ကြီးတွေက လုပ်ငန်းခွင်လက်တွေ့သင်ကြားပေးတာပါ။ ဒီမှာကုသလို့ရတဲ့ ရောဂါမှန်သမျှကုသပေးပြီး ခွဲစိတ်ဖို့လိုအပ်ရင် ရက်ချိန်းပေးပြီး ခရိုင်ပြည်သူ့ဆေးရုံကြီးမှာ အခမဲ့ခွဲစိတ်ပေးသွားမှာပါ"ဟု ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်ဝင်းက ပြောသည်။ အရိုးအကြော၊ သွားနှင့် ခံတွင်း၊ သားဖွားမီးယပ်၊ အရေပြား၊ ၎င်္ကဖျား၊ ခွဲစိတ်၊ မေ့ဆေးနှင့် ကလေးအထူးကုဆရာဝန်ကြီးများ၊ တိုင်းရင်းဆေးသမားတော်များနှင့် ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၄၀ ကျော်တို့က နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရောဂါများကို ရှာဖွေကုသပေးခဲ့ရာ ဒေသခံပြည်သူတစ်ဦးက "ဆေးရုံဆေးခန်းတွေနဲ့ဝေးတော့ ရောဂါဖြစ်ပြီဆို ဒေသဆေးမြီးတိုနဲ့ အလွယ်တကူ ကုသကြတာက များတယ်။ ခုလို ဝေးလံခေါင်သီတဲ့နေရာမှာ အထူးကုဆရာဝန်တွေနဲ့ အသေအချာ ကုသရမယ်ဆိုတာ ကြုံတောင့်ကြုံခဲအခွင့်အရေးဖြစ်လို့ ကျေးဇူးအရမ်းတင်ပါတယ်"ဟု ဝမ်းမြောက်စကားပြောကြားသည်။ အဆိုပါ ဆေးကုသရာသို့ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးနွယ်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအသီးသီးမှ တာဝန်ရှိသူတို့က ပိန္နဲတောကျေးရွာအုပ်စုနှင့်အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံရဟန်းရှင်လူ ၅၀၀ ဝန်းကျင်ခန့်တို့အား အခမဲ့ဆေးဝါးကုသပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးကူညီခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

မန္တလေးတိုင်းဒေသကြီး

## ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေး

**မန္တလေး နိုဝင်ဘာ ၂၉**

မန္တလေးခရိုင် အောင်မြေသာစံမြို့နယ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် နိုဝင်ဘာ ၂၂ ရက်တွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့၏ အဆင့်ဆင့်ကြီးကြပ်မှုဖြင့် အောင်မြေသာစံမြို့နယ်အတွင်းရှိ မြောက်ပြင်-ညောင်ကွဲ-မရမ်းခြံလိုင်းအား ဓာတ်အားပိတ်သိမ်းခွင့်တောင်းခံပြီး ၃၃ KV ကြွေသီးများလဲလှယ်ခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ၄၀၀ ဗို့လိုင်းတွင် Link Connection များတပ်ဆင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် နိုင်ငံအနှံ့အပြားတွင် မြို့နယ်အလိုက်စီမံချက်များချမှတ်၍ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



စစ်ကိုင်းတိုင်းဒေသကြီး

## ချောင်းဦးမြို့နယ်၌ မိုးစပါးကွင်းသရုပ်ပြ

**ချောင်းဦး နိုဝင်ဘာ ၂၉**

မုံရွာခရိုင် ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု စက်ရေတွင်းအမှတ် (၄/၇)တွင် တောင်သူ ဦးကျော်ငြိမ်း၏ ဆားငန်ဒဏ်ခံစပါး၊ ရေငတ်ဒဏ်ခံစပါးနှစ်မျိုးနှင့် ဆင်းသုခစပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ကွင်းသရုပ်ပြပွဲ ပြုလုပ်သည်။

ကွင်းသရုပ်ပြပွဲတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက စမ်းသပ်ကွက်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနတာဝန်ခံ ဦးရန်နိုင်လင်းက ဆားငန်ဒဏ်ခံစပါး၊ ရေငတ်ခံစပါးနှစ်မျိုးကို အဆင့်ဆင့် စမ်းသပ်စိုက်ပျိုးပြီး တောင်သူများရွေးချယ်ခဲ့သော မျိုးများဖြစ်ကြောင်း၊ စပါးတစ်မျိုးချင်းစီ၏ အရည်အချင်းလက္ခဏာများနှင့် ဆန်ထွက်ရာခိုင်နှုန်းကို ရှင်းလင်းဆွေးနွေးသည်။

ချောင်းဦးမြို့နယ်ဦးစီးမှူး ဒေါ်သန်းလှက စိုက်ပျိုးထားသော စပါးမျိုး လေးမျိုးအနက် မိမိဒေသရေမြေအခြေအနေနှင့် ကိုက်ညီသောမျိုးများကို တောင်သူများအနေဖြင့် မျက်မြင်သိရှိပြီး ရွေးချယ်နိုင်စေရန် ယနေ့ကွင်းသရုပ်ပြပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်းနှင့် မျိုးတစ်မျိုးချင်းစီ၏ အရည်အချင်းလက္ခဏာများ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော တောင်သူများက စပါးမျိုးတစ်မျိုးချင်းစီကို လေ့လာပြီး သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ယုယုဝင်း(ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး


## ပွင့်ဖြူမြို့နယ် မြောက်မုန်းမြောင်းပေါင်ကျိုးပေါက်မှု ပြန်လည်ပြုပြင်ပြီးစီး

**မကွေး နိုဝင်ဘာ ၂၉**

ပွင့်ဖြူမြို့နယ် မယ်ဇလီဆည်ရေသောက် မြောက်မုန်းမြောင်းမကြီးတွင် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက မြောင်းအလျားပေ ၂၀ ခန့် ကျိုးပေါက်သဖြင့် မြောင်းမကြီးအတွင်းရှိ ဆည်ရေများ မိုးစပါးစိုက်ခင်းများအတွင်းသို့ ဝင်ရောက်မှုကြောင့် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

ပွင့်ဖြူမြို့နယ် မယ်ဇလီဆည်မှ မြောက်မုန်းမြောင်းအတွင်းစီးဆင်းနေသော ရေများလျော့နည်းသွားစေရန် မြောက်မုန်းမြောင်းထိပ် ရေတံခါးခုနစ်ပေါက်အားပိတ်ခဲ့ကာ ဆည်မြောင်းလုပ်သားများဖြင့် ကျိုးပေါက်သွားသော မြောင်းပေါင်ဘက်တွင် မြေသယ်ယူခြင်း၊ မြေရှင်းလင်းခြင်း၊ လမ်းဖောက်ခြင်း၊ မြောင်းကျိုးနေသောပေါင်နှစ်ဖက်အား ဆလံဖြည့်ခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် အမြန်ဆုံးဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက်တွင် မြောင်းကျိုးပေါက်သည့်နေရာ မြေဖို့ပြုပြင်ခြင်းလုပ်ငန်းများပြီးစီးခဲ့ကြောင်း သိရသည်။

မြောက်မုန်းမြောင်းမကြီးမှ မိုးစပါးရေပေးဝေရာတွင် အချို့အဖျားပိုင်း၌ အောင်ရေလိုအပ်မှုရှိနေသေးသဖြင့် ယာယီရေတမံအား ဖွင့်လှစ်ပြီး မြောင်းမကြီးအတွင်းသို့ ရေတားတမံအထက်ရှိ ဆည်ရေများကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းမှ စတင်ပြီး မြောက်မုန်းမြောင်းထိပ်ရေတံခါး ပြန်ဖွင့်ပြီး ရေများပြန်လည်ပေးဝေထားလျက်ရှိကြောင်း သိရသည်။ **ခင်မာလာ(မကွေး)**



မြောက်မုန်းမြောင်းမကြီး ပေတိုင်(၆၈+၅၀၀)တွင် မြောင်းပေါင်ကျိုးပေါက်မှုအား မြေဖို့ပြုပြင်နေစဉ်။

# စဉ့်ကိုင်မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိ



စဉ့်ကိုင် နိုဝင်ဘာ ၂၉

**ထောင်စုနှစ်ရည်မှန်းချက်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးလာစေရန်၊ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးစေရန်နှင့် ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရန် နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ထမ်းဆောင်စဉ်မှ အစဉ်တစိုက် ဆောင်ရွက်ခဲ့ရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအဖြစ် ပြောင်းလဲသတ်မှတ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့သည်။**

စဉ့်ကိုင်မြို့နယ်သည် ရပ်ကွက် လေး ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာပေါင်း ၁၆၃ ရွာဖြင့် ဖွဲ့စည်းထားကာ မြို့ပြနေပြည်သူများထက် ကျေးလက်လူဦးရေက ပိုမိုများပြားသောကြောင့် စဉ့်ကိုင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရန် ကျေးလက်ဒေသများ ဖွံ့ဖြိုး တိုးတက်ရေးသည် အဓိကကျလှသည်။ ထို့ကြောင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ဖွင့်လှစ်ကာ မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတား၊ သန့်ရှင်းသော သောက်သုံးရေရရှိရန်နှင့် ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကဖြစ်သောကြောင့် ကျေးလက်လမ်းများကို အဓိကထားပြုပြင်ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်းတွင် ကျေးလက်လမ်းများ အနေဖြင့် ကတ္တရာလမ်း လေးလမ်း အရှည် ၁၂/၃ ဒသမ ၆၈ မိုင်၊ ကျောက်ချောလမ်း ၁၃ လမ်း အရှည် ၂၉/၆ ဒသမ ၉ မိုင်၊ ဂဝံလမ်း ၁၃ လမ်း အရှည် ၁၉/၅ မိုင်၊ မြေသားလမ်း ၂၅ လမ်း အရှည် ၆၂ မိုင် စုစုပေါင်း လမ်းပေါင်း ၄၇လမ်း အရှည် ၁၂၆/၅ ဒသမ ၅၈ မိုင်ရှိရာ ကျေးလက်ဦးစီးဌာနအနေဖြင့်၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်း (၅/၄) မိုင်နှင့် ကတ္တရာလမ်း (၅/၄ ဒသမ ၅) မိုင်အား ငွေကျပ်သန်းပေါင်း ၄၇၃ ဒသမ ၆၁၃ အကုန်အကျခံကာ အဆင့်မြှင့်တင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း ကျေးလက်လမ်းတစ်လမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် အခြားလမ်း သုံးလမ်းကိုလည်း ဂဝံလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း ကျေးလက်နေပြည်သူများ လယ်ယာထွက်ကုန်ပစ္စည်းစီးဆင်းမှု လွယ်ကူစေရန် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရေး ဦးစားပေးအလိုက် အဆင့်ဆင့်တင်ပြထားကြောင်း သိရသည်။

ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းနှင့်အတူ ကျေးလက်တံတားများကိုလည်း အသစ်တည်ဆောက်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တံတားသုံးစင်းအား ငွေကျပ် ၁၅ သန်းကျော်ဖြင့် ပြုပြင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ တွင်လည်း Box Culvert တစ်စင်းကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိနေပြီဖြစ်သော်လည်း ပြုပြင်ထိန်းသိမ်းခြင်းနှင့်ရာသီဥတုပြောင်းလဲမှုကြောင့် ရေထပ်မံလိုအပ်သော ကျေးရွာများတွင်ဘဏ္ဍာရေးနှစ်များအလိုက် လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ တွင် ကျေးရွာသုံးရွာကို ငွေကျပ်သန်းပေါင်း ၆၀ ဖြင့် စက်ရေတွင်း သုံးတွင်းတူးဖော်ပေးနိုင်ခဲ့ပြီး၂၀၁၄-၂၀၁၅တွင်ကျေးရွာ ၁၀ ရွာအား စက်ရေတွင်း ၁၀တွင်းတူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားနှင့် သန့်ရှင်းသော သောက်သုံးရေများ ပြည့်စုံရန် လိုအပ်သကဲ့သို့ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ကောင်းမွန်သောရာသီဥတု ဖြစ်ပေါ်စေရန် ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် အခြားကဏ္ဍများစွာလိုအပ်လျက်ရှိသည်။ ကျေးလက်ဒေသဦးစီးဌာနမှ မြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသော ကျေးရွာများတွင် မဟာဓာတ်အားလိုင်းနှင့်နီးကပ်ပြီး လျှပ်စစ်မီး သွယ်တန်းလိုသော ကျေးရွာများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လိုအပ်နေသော ငွေကြေးများ အမြန်ဆုံး ပြေလည်နိုင်ရေး ချေးငွေရရှိနိုင်ရန်အတွက် ဆောင်ရွက်ပေးသည့်အပြင် ဓာတ်အားလိုင်းနှင့်ဝေးကွာသော ကျေးရွာများအတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ထွန်းထွန်းနိုင်-ကျောက်ဆည်)**

❒❒❒

# ယခုနှစ်မိုးရာသီတွင် အပျက်အစီးများ၍ ပန်းစိုက်သူများ ဝင်ငွေလျော့အမြတ်နည်း



**ရမည်းသင်း နိုဝင်ဘာ ၂၉**

မိုးခေါင်၍ ဖျက်ပိုးအန္တရာယ်ကြောင့် ဂန္ဓမာပန်းခင်းများ အပျက်အစီးများသည့်အတွက် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ပန်းစိုက်ဒေသများတွင် ယခုနှစ်မိုးရာသီ ဂန္ဓမာပန်းစိုက်တောင်သူများ အမြတ်နည်းကြကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်းတွင် တစ်နှစ်လျှင် ပန်းနှစ်ကြိမ်စိုက်ပျိုးကြပြီး မေလ၊ ဇွန်လအတွင်း စိုက်ပျိုးသောပန်းကို မိုးပန်းဟုသတ်မှတ်ခေါ်ဆိုကြ၍ ဇန်နဝါရီလဆန်းပိုင်းတွင် စိုက်သောပန်းကို နွေပန်းဟုခေါ်ဆိုကြသည်။ အများအားဖြင့် ဂန္ဓမာပန်းမျိုးနွယ်ဝင် ကြွေဖြူ၊ ရွှေစိမ်း၊ ငုရွှေဝါ အစရှိသော ပန်းမျိုးတို့ကို အများဆုံးစိုက်ပျိုးကြသည်။

မိုးတွင်းကာလတွင် ပန်းစိုက်သူနည်းပြီး နွေကာလတွင် ပန်းစိုက်သူများပြားခြင်းမှာ မိုးကာလတွင် ပန်းစိုက်ပျိုးစရိတ်ကြီး၍ အပျက်အစီးများခြင်းကြောင့် နွေရာသီတွင် အဓိကထားစိုက်ကြကြောင်း သိရသည်။

ဂန္ဓမာပန်းမျိုးကို ပြင်ဦးလွင်နှင့်တောင်ကြီးမြို့များမှ ဝယ်ယူရပြီး ပန်းပျိုးတစ်ပင်လျှင် ငါးကျပ်မှ ခြောက်ကျပ်ဝန်းကျင်ဝယ်ရသည်။ ပန်းစိုက်တစ်ဧကလျှင် ပန်းပျိုးဖိုး၊ မြေဩဇာ၊ ကျောက်မှုန့်၊ စက်ဆီဖိုး၊ အလုပ်သမားခ၊ ဆေးဖိုး စုစုပေါင်း ကုန်ကျစရိတ်ပျမ်းမျှကျပ် ၁၀ သိန်းကျော် အရင်းရှိကြောင်း သိရသည်။

ယင်းဒေသများမှ ထွက်ရှိသော ပန်းများကို ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာမြို့များနှင့် နေပြည်တော်၊ ပဲခူး၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြသည်ဟု သိရပြီး စိုက်ပျိုးရေအတွက်ရေတွင်းများတူး၍ စိုက်ပျိုးကြခြင်းဖြစ်သည်။

ယခုနှစ် မိုးကာလတွင်စိုက်သော မိုးပန်းမှာ မိုးခေါင်သောဒဏ်၊ အချိန်အခါမဲ့ မိုးရွာသွန်းခြင်းကြောင့် ပန်းခင်းများအပျက်အစီးများ၍ ပန်းစိုက်တောင်သူများ ဝင်ငွေလျော့ အမြတ်နည်းကြကြောင်း သိရသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

မြန်မာနိုင်ငံ စီးပွားရေး အကူးအပြောင်း
ဖွံ့ဖြိုးရေးစရာနှင့် ရွေးချယ်စရာ အကြောင်းအရာများ

ဟောပြောမည့်ပုဂ္ဂိုလ်များ

1. Professor Ronald Findlay,
Ragnar Nurkse Professor Emeritus of Economics, Columbia University and Research Professor, Yangon Institute of Economics (1966 - 1968)
2. Dr U Myint,
President's Chief Economic Advisor
3. Dr Yin Yin Nwe,
President's Chief Education Advisor
4. U Tin Htut Oo,
Chairman, National Economic and Social Advisory Council
5. Dr Tin Maung Maung Than,
Senior Research Fellow, Institute of Southeast Asian Studies, Singapore
6. Assoc. Prof. Sean Turnell,
Macquarie University, Sydney, Australia
7. U Than Tun a.k.a. Ashok Nath,
Chairman, Exedia Events
8. U Maung Maung Hla,
Governor, Central Bank of Myanmar (1988 - 1997)

ကျင်းပမည့်နေ့ရက် ၂၈ - ၁၂ - ၂၀၁၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် နံနက် ၉နာရီ မှ ညနေ ၄ နာရီ
ကျင်းပမည့်နေရာ UMFCCI ပင်မအဆောက်အအုံ

Organized by ...

YUE UMFCCI MIEGA

စိတ်ဝင်စားသူများ တက်ရောက်နိုင်ပါသည်။



CMT
CHAM MYAE THA
အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

CHAM MYAE THA Furniture Co., Ltd.
Opening Ceremony

အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက်
အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း...

SPICA 3D Animation Studio


## Invitation to Tender

Myanmar Yang Tse Copper Limited hereby invite sealed tender from eligible suppliers to provide price for "Removal of Waste Oil Project" at mine site.
The service provider should be quoted the price with USD based on 200 litre drum including drum.
Service provider must complete every trip of Waste Oil removal within 3 days after get information from MYTCL to remove waste oil drums.
Service period will be one year from start date of contract agreement.
Service provider must follow MYTCL safety and environmental Procedure and must be responsibility for all safety and environmental impacts after waste oil removal from MYTCL mine site.
Application for sealed tender must be addressed to-
Tender Committee
Myanmar Yang Tse Copper Limited
Mine Site, Salingyi Township
The quoted price sealed envelopes are to be dropped into the tender box which will be kept at HR & T Department and tenders will be closed on **11 December at 16:00 hrs.**

**Note** – If you have any queries, please do not hesitate to contact the office

071-22023 / 22228 Ext: 348 (or) 306 [illegible]
*Please show " Waste Oil", your contact name, address and Telephone number on your quotation and envelope.*

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး


BlueOcean operating management အတွက်

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးထွန်းထွန်းနိုင် ဦးစီးခေါင်းဆောင်ရွက်လျက်ရှိသည့်
Blue Ocean Operating Management Co., Ltd သည်
(၈)ကြိမ်မြောက် ASEAN Business Award အခမ်းအနားတွင်
နိုင်ငံအဆင့် လူငယ် စီးပွားရေး စွန့်ဦး တီထွင် လုပ်ငန်းရှင်ဆုနှင့်
အာဆီယံအဆင့် ASEAN Business Award 2014 တွင်
**The Most Admired ASEAN Young Entrepreneur** ဆုကို ရရှိသည့်အတွက်
မြန်မာနိုင်ငံ စွန့်ဦး တီထွင် လုပ်ငန်းရှင်များအသင်း (MYEA) မှ အထူးဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

Myanmar Young Entrepreneurs Association





SAIL
MARKETING & COMMUNICATIONS
ADVERTISING
first & largest advertising agency
in Myanmar for 23 years
Authorized agent for MRTV,MRTV-4,Channel 7,City FM Radio
မြန်မာ့ရုပ်မြင်သံကြား၊ MRTV-4 ၊ Channel-7 ၊ City FM Radio တရားဝင်ကြော်ငြာကိုယ်စားလှယ်
✔ PR EVENTS ✔ MEDIA ✔ MARKET RESEARCH
✔ BTL ACTIVATION ✔ TVC AND MTV VIDEO PRODUCTION
01 - 224820
www.advertising-myanmar.com
PROUDLY REPRESENTING GLOBAL ADVERTISING NETWORK OF OMNICOM IN MYANMAR


68 RESIDENCE CONDOMINIUM
WE DEFINE LIFESTYLE
UNITED
SOMERSET SERVICED RESIDENCE
More than
82%
Sold Out
INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
DUAL KEY SYSTEM UNIT
LOW E-GLASS SYSTEM
DUPLEX SYSTEM
SMART HOME SYSTEM
FINGER PRINT ACCESS SYSTEM
PARTNERS
ZONE
SOMERSET
1st Prize
2nd Prize
3rd Prize
CONDOMINIUM
BMW 528 BRAND NEW
CONDOMINIUM LAW
SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-340 7541, 09-2501 41060
OPEN DAILY


DIAMOND
INYA PALACE
Soaring Supremely In The Midst Of The City,
Tallest In Yangon
OPENING FOR SALE
34TH STOREY DIAMOND INYA PALACE CONDOMINIUM
Payment System
5 Star Hotel grade setting condominium.
Diamond Inya Palace Condominium.
Architect
- JGP ARCHITECTURE (Singapore)
- Process Group
Project Management
Project Man (Thiland)
MEP
Elead Associates Private (Singapore)
DIAMOND INYA PALACE SITE / SHOW FLAT:
NO. 2, U TUN NYEIN STREET, MAYANGONE TOWNSHIP,
YANGON , MYANMAR
HP : 09-420097993, 420097998
MANDALAY GOLDEN WING SALES OFFICE
NO. 39, 7 MILE, PYAY ROAD, MAYANGONE TOWNSHIP,
YANGON, MYANMAR
TEL: 01-656 830 ~ 2
HP : 09-420097992 ~ 4

Emperor Travels

English for Academic Purposes (EAP)

IELTS Foundation & Preparatory Courses

Travel Zone (ခရီးဇုံ)

Travels & Tours Co., Ltd

Royal Gandamar

Travels & Tours

| | | |
|---|---|---|
| Dec 17 | USD 880 | |
| Dec 12 | USD 490 | |
| Dec 30 | USD 710 | |
| Dec 30 | USD 1200 | |
| | $450+ (Air ticket) | |
| | $890+ (Air ticket) | |

သစ္စာ

အာခမစ် စိန်၊ ရွှေ၊ ပလပ်တီနမ် ဆိုင်

ဆိုင်(၁) - အမှတ် (၄၉၆)၊ မဟာဗန္ဓုလလမ်း ၂၉-လမ်းထိပ်၊ ဖုန်း - ၀၁-

ဆိုင်(၂) - အမှတ် (၅၃၀)၊ မဟာဗန္ဓုလလမ်း ၂၅-လမ်းထိပ်၊ ဖုန်း - ၀၁-

American Speaking

P.E.S. English Speaking

-516503 / 503984

3H HEAD HAND HEART

ART ACADEMY

## နေရာကောင်း/တိုက်ခန်းရောင်းမည်(ပွဲစားမလို)

၁။ စမ်းချောင်း၊ ပေ(၂၅×၅၅)၊ တတိယထပ်၊ ကျွန်းပါကေး၊ ကြွေပြား၊ အိပ်ခန်း (၃)ခန်း၊ A/C(4)၊ သံပန်း၊ ဆန်းရှိတ်(ရှေ့/နောက်)၊ ဘိုထိုင်၊ ပြင်ပြီး တိုက်ခန်းသစ်။ **(၁၃၇၀)သိန်း**

၂။ စမ်းချောင်း၊ ပေ(၁၇×၃၇)၊ မြေညီ+ပထပ်၊ (၂)ထပ်၊ RC one set၊ လိုင်းဖုန်းပါ၊ A/C(1)မြေညီ Hall ပြင်ပြီး၊ ပထပ်(1MBR+1BR)ပြင်ပြီး တိုက်လတ်။ **(၁၄၇၀)သိန်း**

၃။ စမ်းချောင်း၊ ပေ(၁၆×၇၅)၊ Lift ပါ၊ ကျွန်းပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ် ပြည့်၊ A/C(3)၊ 1MBR, 1BR၊ ဘိုထိုင်(၂)၊ ပြင်ပြီး ကွန်ဒိုတိုက်ခန်းသစ်။ **(၁၈၇၀)သိန်း ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၁၂၈၈၇၅၊ ၀၉၄၄၉၀၀၂၈၆၅**

**ပျောက်ဆုံးကြောင်း** ကျွန်တော် ဦးနိုင်ဝင်း[၁၂/အလန(နိုင်)၀၁၂၈၈၁]၏ သွင်းကုန်လိုင်စင် IL 1 14 15 4634 05/11/2014 မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:09-448006159**

## တိုက်ခန်းရောင်းမည်

- လှည်းတန်း၊ ရတနာလမ်း၊ နေရာကောင်း၊ အရှေ့လှည့်၊ မြေညီအပေါ်မှ မှန်ခန်း၊ ထောင့်ခန်း၊ ၁၂½' × ၅၀'၊ အမြင့်-၇½'၊ သံပန်းဆန်းရှိတ်နှင့် အဲကွန်းတပ်ပြီး၊ ဘိုထိုင် အိမ်သာ၊ မီးဖိုခန်း၊ ကြွေပြားကပ်၊ ရေ၊ မီး၊ အပြည့်အစုံ နေထိုင်ရန်အသင့်။**(ညှိနှိုင်းဈေး)**

## မြေကွက်ရောင်းမည်

- ဒဂုံဆိပ်ကမ်း၊ (၉၀)ရပ်ကွက်၊ နေရာကောင်း၊ အရှေ့လှည့် ခြံခတ်ပြီး၊ ပေ၄၀ ×ပေ၆၀၊ ပါမစ် မြေကွက်ရောင်းမည်။

**(ညှိနှိုင်းဈေး)**

**Ph:01-501258, 09-31067805**

School of Logistics and Supply Chain Management

Logistics and International Trade for Enterprises

Topics

- Logistics and SCM
- Operational Logistics
- Procurement
- INCOTERMS and Int'l Trade
- Inventory & Warehousing

5-Day Short Course (3)

- Limited Seats

Tel : 09 4500 15 739, 09 421 76 3237

SLSCM

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာချက်

(LL.B, D.B.L)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ လှိုင်သီရိအိမ်ရာ၊ တိုက်(၁)၊ အခန်း(၃၀၁) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လက်ဝယ်ရှိသူ ဒေါ်သီသီမာ(အဖ)ဦးစိန်မောင်[၁၂/သလန(နိုင်)၀၇၇၈၂၃]၏ လွှဲအပ်ညွှန်ကြားချက်ဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးသစ်(အဖ)ဦးစိန်မောင်[၁၂/သလန(နိုင်)၀၇၇၈၂၄]ထံမှ ကျွန်ုပ်သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းအောင် (AKB-214516)**

**အခန်း(၅၀၃)၊ တိုက်(၂)၊ လှိုင်သီရိအိမ်ရာ၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်။**

**Ph:09-4200753231, 09-31830349**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

Hlaing International Law Firm

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရွှေစင်(၂)လမ်း၊ အမှတ်-၄၄ မြေကွက်အမှတ်-၃၅၊ ပေ(၄၀×၆၂½)မြေကွက်သည် ဦးသိန်း အမည်ပေါက် မြေကွက်ဖြစ်ပြီး ဦးသောင်းဝင်းမှ ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။ ၈-၂-၂၀၁၃ ရက်တွင် ဦးသောင်းဝင်းမှာ ကွယ်လွန်ခဲ့သဖြင့် အဆိုပါမြေကွက်ကို ဇနီးဖြစ်သူ ဒေါ်ခင်စန်းမြင့်မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆက်ခံခံစားခွင့်ရှိပြီး ၎င်း၏သားသမီးများဖြစ်ကြသည့် (၁)မမြမြစိုး (၂)မောင်ပြည့်ဖြိုးထွန်း (၃)မသင်းသင်းစိုးတို့မှလည်း အမွေဆက်ခံခွင့်ရှိပါသည်။ အဆိုပါမြေကွက်ကို ဇနီး ဒေါ်ခင်စန်းမြင့်မှ အပြီးအပိုင်ရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ကန့်ကွက်ရန်ရှိပါက အထောက်အထား(မူရင်း)စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်ခင်စန်းမြင့်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးသိန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၄၁)**

**အမှတ်-၅၅၊ အခန်း-၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ စောခွန်ရစ်လမ်း၊ အမှတ်(၁၂၅၇)နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၈/ပခက(နိုင်)၁၆၇၆၆၅]ကိုင်ဆောင်သူ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်မော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်မော်သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တွင်းရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၂၅)ဟုခေါ်တွင်သော (အလျားပေ ၁၉×အနံပေ ၁၁. ၆)ရှိ မြေကွက်အပါအဝင် ထိုမြေပေါ်ရှိ အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဒေါ်အေးကြည်[၇/သဝတ(နိုင်)၀၅၆၀၄၅]မှ ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် နှစ်ဦးသဘောတူ အိမ်နှင့်မြေ အရောင်းအဝယ် သဘောတူကတိစာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး ဖြစ်ကြောင်းနှင့် အဆိုပါရောင်းဝယ်မှုနှင့်ပတ်သက်ပြီး နစ်နာမှု တစ်စုံတစ်ရာ၊ အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်ပြီး တစ်နည်းနည်းဖြင့် ဖြေရှင်းရန်ရှိပါက ရောင်းချသူ ဒေါ်အေးကြည်ထံသို့သာ သွားရောက်ဖြေရှင်းရန်နှင့် ကျွန်ုပ်၏မိတ်ဆွေမှ လုံးဝတာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့် LL.B,D.B.L,D.I.L**

**အထက်တန်းရှေ့နေ(စဉ်-၃၆၉၅၂)**

**အမှတ်(၅)၊ မာလာမြိုင်(၁)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

# IT COMPUTER TRAINING CENTER

AutoCAD - 3ds Max | VIDEO EDITING | ENGLISH Language | MOBILE PHONE Software • Hardware

LCCI I-II & MYOB | Desktop Publishing | Service Technician | GRAPHIC DESIGN

HOT LINE - 0949290778, 253293, 395353 10%

MATHEMATICS
IGCSE
ဖုန်း-၀၉-၇၃၁၅၉၅၁၆၊ ၀၉-၇၃၁၀၉၅၇၀

"Football SMS"

မြေကွက်ရောင်းမည်

ခတ္တာလမ်းနှင့် ဇ၀ါလမ်း ထောင့် ဥာဏရပ်ကွက်၊ ပုလဲ မင်္ဂလာဒုံမြို့နယ် ပေ( ၁၄၀×၁၄၀) ပါမစ်မြေ၊ ပွဲစားမလို

**ဖုန်း-၀၉၅၀၃၂၉၇၂**

မင်္ဂလာမဏ္ဍပ်

## Human Resources Management Course

- Definition Of Human Resources Management
- How To Acquire & Prepare Human Resources
- How To Select & Recruit Employees
- How To Train & Develop Employees
- How To Compensate & Provide Employees Benefit
- How To Create & Maintain Organizational Performance

Enroll Now!

Starting Date - 7.12.2014

VAC VALUE ADDED CONSULTANCY
No. 118, 6th Floor, 23rd Street, Latha Township, Yangon
Ph: 01-395912, 01-395938, 09-5102094, 09-73022727

**အစိုးရတရားဝင် ကိုရီးယား အလုပ်သင် Professional ကျွမ်းကျင် သင်တန်းကျောင်း Better Tomorrow**

**EPS-TOPIK (ကိုရီးယား ဘာသာစကား အရည်အချင်းစစ်စာမေးပွဲ)**

**ပညာအရည်အချင်းမလိုဘဲ**
**သင်လည်း ကိုရီးယားမှာ ပိုက်ဆံရှာဖို့သွားကြစို့**

- လစာ ၁၅ သိန်းဝန်းကျင် ရရှိနိုင်သော အာမခံချက်
- မြန်မာစကား ကျွမ်းကျင်စွာ ပြောနိုင်သော ကိုရီးယား လူမျိုးဆရာကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ
- ကိုရီးယား ဘာသာစကားကို လုံးဝ မတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲ အောင်မြင်သည်အထိ တာဝန်ယူ သင်ကြားပေးနေပါသည်။
- ကိုရီးယား ဘာသာစကား၊ ကိုရီးယားယဉ်ကျေးမှုနှင့် ကိုရီးယားလုပ်ငန်းခွင် စသည့် အားလုံးသော အတွေ့အကြုံများကို ပေါင်းစပ်သင်ကြား ပေးနေပါသည်။
- တန်းခွဲသစ်များ(၇-၁၂-၂၀၁၄)ရက် နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။

**တွေဝေမနေဘဲ အရင်ဆုံးဖုန်းဆက်ပြီး**
**တိုင်ပင် ဆွေးနွေးကြည့်လိုက်ပါ**

လိပ်စာ - အမှတ် ဘီ-၃၀၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။
ဖုန်း - ၀၁-၅၁၂၈၀၄၊ ၀၉ ၃၀၀ ၉၃၅၉၂၊ ၀၉ ၇၉၅၈၃၂၀၀
ချမ်းသာပလာဇာ(ဒုတိယထပ်)၊ အထက်ပုဇွန်တောင်လမ်း၊
ဖုန်း-၀၁- ၃၉၇၅၀၂၊ ၀၁ ၂၉၉၁၃၃၊ ၀၉ ၅၁၅၀၅၈၂

ဒေါက်တာ ခင်းမျိုးမြင့်နဲ့

09 - 2506 41973 | 09 - 4210 31134 | 09 - 3212 1870

Job Center

Phone : 377 343, 377 344

မြေကွက်ဝယ်လိုသည်

09 255781353
09 250644566
09 254046497

09-30209977, 01-558420

**ဝယ်လိုသည်**

Second hand အဲယားကွန်း၊ မီးအားမြင့်စက်များဝယ်သည်။

**ဖုန်း-၀၉၇၃၀၆၅၅၆၂**
**(ကိုသစ္စာ)**

**တိုက်ခန်းငှားမည်**

ပေ(35x 65) အကျယ်၊ ပြင်ဆင်ပြီး၊ ပထမထပ်၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်။

Ph 09-8636327,
09-5013648

**ရောင်းမည်**

1. မရမ်းကုန်း၊ A1 ဦးမောင်မောင်စိုးလမ်း RC နှစ်ထပ်တိုက်သစ် 2MBR,2BR 55'x 75' ဂရန်အမည်ပေါက် သိန်း(14000).
2. မရမ်းကုန်း၊ စွယ်တော်အနီး (3200)စပေ ဥယျာဉ်ခြံမြေ၊ နဝဒေး(၃)လမ်း

သိန်း (2200)Ph 73003658, 259269008

**ရောင်းမည်**

၁။ (၁၂၀'×၁၈၀') ခြံကျယ်၊ 1PT၊ ရေ+မီး၊ ဗိုလ်ဗထူးလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း။ ဘိုးဘွား၊ အရပ်စာချုပ်။
၂။ (၅၀'×၁၃၅') ခြံကျယ်၊ အုတ်တံတိုင်းခတ်၊ ဗိုလ်ဗထူးလမ်း၊ (၅)ရပ်ကွက်၊မရမ်းကုန်း။ ဘိုးဘွား၊ အရပ်စာချုပ်။
၃။ (၆၀'×၆၀') ခြံကွက်၊ 1BN (40'x40')၊ ပန်းဥယျာဉ်လမ်း၊ (၅)ရပ်ကွက်၊မရမ်းကုန်း။ ဘိုးဘွား၊ အရပ်စာချုပ်။
၄။ ရန်ကုန်-ပုသိမ်လမ်းမမေးတင်၊ အေးရှားဝါးတိုးဂိတ်အနီး၊ ရွှေပြည်တန်ဆန်စက်ဘေးကပ်၊ (၁. ၅)ဧက။
၅။ ရန်ကုန်-ပဲခူးလမ်းမ၊DENKO ဆီဆိုင်ရှေ့၊ရွှေမှန်တင်လမ်းမမေးတင်၊ကျွန်းကလေးရွာ၊ လှည်းကူး၊ 1PT၊ ရေ+မီး၊ ဥယျာဉ်ခြံမြေ၊ (၁၂၀'×၃၀၀')။
၆။ ၄၄'×၁၀၀'၊ ခြံကျယ်၊ 1BN၊ 2BN၊ A/C-5၊ မီတာ 2၊ ပါဝါ(၁)၊ ဂျိုးဖြူ/အဝီစိ၊ နှစ်(၆၀)ဂရန်၊(အမည်ပေါက်)၊ အောင်သိဒ္ဓိလမ်းမမေးတင်၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ PH : 09-5178655

**Ph:09-5155001, 09-73056793, 09-250082021, 09-799972097**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော် ဦးမြင့်ဦး[၇/ပမန(နိုင်)၀၁၆၀၂၇]-ဒေါ်ယဉ်ယဉ်အေး [၇/ပမန(နိုင်)၀၁၆၀၂၆] တို့၏ သားဖြစ်သူ မောင်မျိုးနိုင်ဝင်း [၇/ပမန(နိုင်)၁၃၇၃၁၁]သည် မိဘများ၏ ဂုဏ်သိက္ခာကျဆင်းအောင် အမျိုးမျိုးပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ပြဿနာအရပ်ရပ်တို့သည် မိသားစုနှင့်လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင် ဦးမြင့်ဦး - မိခင် ဒေါ်ယဉ်ယဉ်အေး**
**အမှတ်(၈၁)၊ ရွှေဟသာ်ာလမ်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။**

**လူပျောက်ကြော်ငြာ**

ကျွန်တော်၏ဇနီးဖြစ်သူ မစံရွှေဖြိုး(ခ)ဖြူလေး[၁၂/အစန(နိုင်)၂၂၅၅၉၉](ဘ)ဦးစောနေဝင်းသည် ၁၈-၁၁-၂၀၁၄ရက်မှစ၍ အဆက်အသွယ်ဖြတ်ကာ ပျောက်ဆုံးသွားပါသဖြင့် ပြန်လာပါရန်နှင့် လက်ခံထားပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုပြည်ကျော်စိုး [၉/ပသက(နိုင်)၀၈၃၄၈၃]**
**ဖုန်း-၀၉-၉၇၂၀၂၃၀၈၂**

## (၁၄-၁၁-၂၀၁၄) ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မှတ်တမ်းများ

- ဝန်ဆောင်မှုများ အထူးကျေနပ်မိပါသည်။ လောကီမှုတစ္ဆေသား များအတွက် အထူးကောင်းသတိမှတ်သည်။ ဦးသာသာနေဖိလ (ဗုဒ္ဓကြီးသန်တင်)(လေ)(ပြိမ်း) မှန်ရှောင်ခြင်း ၀၉ ၃၈ ၂၉၇၇ ၂၀)
- သွားလာ ၊ နေထိုင် ၊ စားသောက်မှုအားလုံး ပြည့်စုံမှု ရှိခဲ့ ပါသည်။ ဦးမောင်မောင်အေး (ကျောက်မဲ ၀၉- ၅၂၁၃၃၈၀၀၁)
- စိတ်ချမ်းမြေ့စွာ ဘုရားဖူးရသည့်အတွက် ဝမ်းသာရပါမှုမိ ပါသည်။ ဦးမြင့်စေ (ရွှေပြည်သာ ၀၉-၇၃၀၁၃၆၄၄၉)
- ဘဝဆက်နေရာကောက်ပါသည်။ ဦးခိုင် (မရမ်းကုန်း ၀၉-၅၀၁၀ ၂၈၀)
- ကျေနပ်စွာ ဧည့်ခံဖော်ကြပါသည်။ ဒေါ်ခင်ဝင်း (မရမ်းကုန်း ၀၁-၅၂၈၉၀)
- နောက်ထပ်သွားဦးမည်။ ဒေါ်တင်တင်အေး(ဟင်္သာတ ၀၉-၅၂၈၀၄ ၂)
- ကိုဇော်မင်းထွေးနှင့် ကလေးများ ဝန်ဆောင်မှုအထူးကောင်း ပါသည်။ နောက်ထပ်လည်း သွားပါဦးမည်။ ဒေါ်ခင်ထွေးမြင့် (တောင်ကြီး ၀၉-၅၆၀၀၈၁၇)
- ခရီးစဉ်အားလုံးအဆင်ပြေပါသည်။ အတူ Helper များ တော်ပါသည်။ ဦးတင်ဝင်း (သာကေတ ၀၁-၅၅၃၄၈၄)
- အဆင်ပြေပါသည်။ ဒေါ်အေးအေးခိုင် နှင့် ဒေါ်အုန်းမြင့် (သံတွဲ ၀၉-၇၃၁၀၅၅၂၉)
- ကုမ္ပဏီအနေနဲ့ ဆက်လက်သာသနာပြုစေချင်ပါတယ်။ ဦးဇောတိ (သာဂရ / ရေကျော် ၀၉-၂၁၀၇၀၅၀၂)
- အစေခံမြို့ အစေခံ အစေခံနေရာကောင်းလေးတွေ တွေ့မြင် ရ၍ ဝမ်းသာမိပါသည်။ ဦးမောင်လ(မန္တလေး ၀၉-၄၂၈၀၄ ၂၈၀)
- အမွှေးမိုင်းဆောင်နှင့်တကွ Guide ဘွန်ဘွန်း ၊ Helper များ ဝန်ဆောင်မှုကောင်းပါသည်။ မေသီတာအောင်(မန္တလေး ၀၉-၃၀၈၆၄၃၂)
- မောင်ဝင်းအောင်လွှေမှ ဘယ်မှာမှ တာဝန်ကျေပါတယ်။ ဒေါ်လှလှဝေ (ပဲခူး ၀၉-၄ ၂၈၁၁၃၃၈)
- အစေအစားအစာ အဆင်ပြေအောင် ကြိုးစားစီစဉ်ပေးသော အဖွဲ့ဝင်အောင် ကိုဝင်းအောင်တွေအား အထူးကျေးဇူးတင်ပါသည်။ ဒေါ်ကလာအောင်ထိန် (မြောက်ဥက္ကလာ ၀၉- ၅၇၀ ၂၈၆၇၈)
- ခွင့်လွှတ်နိုင်သော ချိုသွင်းချက်မှုလှ၍ ဝန်ဆောင်မှုကောင်း ပါသည်။ ဒေါ်မြင့်မြင့်သန်း (တောင်ကြီး ၀၈၁- ၂၈၄၇၃)
- သာသနာ့အကျိုးကို ဆောင်ရွက်နိုင်ပါစေ။ ဒေါ်လှလှ (လှိုင်သာယာ ၀၈၁-၃၁၀၁၀၃)
- နေ့တွေမှာကို ပေးစွမ်းနိုင်လို့ ကျေးဇူးအထူးတင်ပါသည်။ ဦးသန်းအုန်း (လှိုင်ကော် ၀၈၃- ၂၁၃၃၈)
- ကျေနပ်အားရမိပါသည်။ ဒေါ်နုနုကျော် (ကားမှ ၀၉-၇၃၁၁ ၂၈၁၀)

---

**KMD** Education Services

# City & Guilds

- Diploma in IT System Support (UK) Diploma တစ်ခုကို (၃)လ အတွင်း အောင်မြင်စွာ ရရှိနိုင်
- Exam ဖြေစရာမလို 100% ပေါက်ဆွဲ Assignment များဖြေဆိုရုံဖြင့် Diploma တစ်ခုရရှိနိုင်ပါသည်။

အမှတ်(၃၃၁) ပြည်လမ်း၊ ... ဖုန်း - ၅၂၇၃၃၆၊ ၅၃၄၁၇၀၊ ၅၀၂၂၃၃

---

Assumption University (ABAC)

## MBA Batch 13
Master of Business Administration

## PHD.OD Batch 3
Doctor of Philosophy in Organization Development

**Application Deadline : Dec. 15, 2014**

**Instruction Begins : Within January 2015**

Apply Now

Martin's Learning Center :

Email: chocho.abac@gmail.com / martinlearningcentre.myanmar@gmail.com

Website: www.grad.au.edu

09-43109805, 09-799657660, 09-428154292

---

## S&P
Your Best Selection

### Basic, EPS-Topik, Topik(I,II), Speaking

Native Speaker ... Phonetics

Tel : 09-430-82903 / 09-732-11465

---

## အထူးဈေးနှုန်းဖြင့်ရောင်းချပေးနေပါသည်

K.E.K Co.,LTd မှ လူကြီးမင်းတို့၏ တိုက်တာအဆောက်အအုံများထဲတွင် Interior Decoration နှင့် ပတ်သက်၍ ဒီဇိုင်းမျိုးစုံကို စိတ်တိုင်းကျ စက်ပစ္စည်းမျိုးစုံ လူအင်အားအပြည့်ဖြင့် ဆောင်ရွက်ပေးနေပါသည်။ ၎င်းအပြင်အောက်ဖော်ပြပါအသင့်ပြုလုပ်ထားသော ပစ္စည်းများကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် အထူး ရောင်းချပေးနေပါသည်။

| | |
|---|---|
| (၁) ဖိုက်ဘာတံခါးမကြီး | - ပုံစံမျိုးစုံ၊ အရောင်မျိုးစုံ |
| (၂) ပိုလီကာဗွန်နိတ် | - အမိုးပြား၊ အရောင်မျိုးစုံ |
| (၃) Laminate | - ကြမ်းခင်းဒီဇိုင်းမျိုးစုံ |
| (၄) ကော်မျိုးစုံ | - (ပါကေးကပ်ကော်၊ Wallpaper ကပ်ကော်) |
| (၅) ပရိဘောဂ(အသားမျိုးစုံ) | - ဒီဇိုင်းမျိုးစုံ |
| (၆) ပျဉ်းကတိုးပါကေးဆိုဒ်စုံ | |
| (၇) အင်၊ကညင်ခွဲသားဆိုဒ်စုံ | |

**အရောင်းဌာန -အမှတ် (၁၅)၊ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။**
**Ph:01-8603089, 01-8603126, 09-420089273**
**အမှတ်(၁၆၈)၊ ၆၂-လမ်း၊ စက်မှုဇုန်(၁)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၂-၅၁၅၃၁၇၅၊ ၀၂-၅၁၅၃၇၁၅**

---

Hotel Management ... Major Cook Training Course

Image Training Centre

IHMA Approval Letter No. 020/2013, Dated the 5th June, 2013

---

## Promotion

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

### ကန့်ကွက်နိုင်ပါကြောင်း

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၂၁၉၊ မြေကွက်တည်နေရာအမှတ်-၂၁၉၊ ၃၄ ရပ်ကွက်၊ ပျဉ်းကတိုးလမ်း၊ ဒဂုံမြောက်၊ ဦးအောင်သိန်း(AE - ၂၁၀၆၁၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင် သိန်း(ဖခင်)ကွယ်လွန်ပြီး၊ မိခင် ဒေါ်အုန်းလှ ကွယ်လွန်သဖြင့် ကွယ်လွန်သူ၏ သားသမီး များ ၁။ဦးထွန်းလင်း[၁၂/ဥကမ(နိုင်)၀၂ ၁၆၈၃]၊ ၂။ဦးမောင်မြင့်[၁၂/အလန (နိုင်)၀၂၄၀၁၈]၊ ၃။ဒေါ်စန်းစန်းအေး[၁၂/ အလန(နိုင်)၀၂၄၀၁၇]၊ ၄။ဦးလှကြိုင် [၁၂/အလန(နိုင်)၀၂၄၀၁၅]၊ ၅။ ဒေါ်ကြည် ဝင်း[၁၂/အလန(နိုင်)၀၂၄၀၁၆]၊ ၆။ ဦးဌေးအောင်[၁၂/အလန(နိုင်)၀၀၁၇၆၀]၊ ၇။ ဒေါ်သန်းသန်းရီ[၁၂/အလန(နိုင်)၀၀၁၇၆၁] တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ ခိုင်လုံသောအထောက်အထား များဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးဇော်မိုး[၁၂/သလန(နိုင်)၀၀၄၄၇၈]၏သားဖြစ်သူ မောင်မိုးမြင့်ကျော် [၁၂/သလန(နိုင်)၁၄၂၄၇၇]သည် မိဘ၊ အဒေါ်၊ ဦးလေးများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘော ဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စ အဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင်-ဦးဇော်မိုး၊ အဒေါ်-ဒေါ်ဌေးဌေးကြွယ်**

NIBBAN

**NIBBAN** ELECTRIC & ELECTRONICS



# အထူးကျေးဇူးတင်ရှိခြင်း



ကျွန်တော်တို့၏ NIBBAN ELECTRIC & ELECTRONICS လုပ်ငန်းအား Local Design and Manufacture of Appropriate Technology Products Project ဖြင့် နိုင်ငံ ကိုယ်စားပြုပါဝင် ယှဉ်ပြိုင်ရန် စိစစ် ရွေးချယ်ပြီး AFEO Governing Board သို့ Citation ပြုစု၍အဆိုပြု တင်ပြပေးခဲ့သော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌဦးဝင်းခိုင်နှင့် တကွ တာဝန်ရှိ ပုဂ္ဂိုလ်များအား လည်းကောင်း၊ ကျွန်တော်တို့၏ NIBBAN ELECTRIC & ELECTRONICS လုပ်ငန်းအား " ASEAN Outstanding Engineering Achievement Award For Year 2014 "ဆုချီးမြှင့်ပေးအပ်ခဲ့သောအာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ် (AFEO) အားလည်းကောင်း လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း။

လုပ်ငန်းရှင် ဦးဇော်နိုင်ထွန်း<br>
[illegible]<br>
[illegible]<br>
[illegible]


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/7257 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## အများသိစေရန် ကြေညာချက်

[illegible]

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | [illegible] | [illegible] | [illegible] | [illegible] |
| ၂ | [illegible] | [illegible] | [illegible] | [illegible] |
| ၃ | [illegible] | [illegible] | [illegible] | [illegible] |
| ၄ | [illegible] | [illegible] | [illegible] | [illegible] |
| ၅ | [illegible] | [illegible] | [illegible] | [illegible] |
| ၆ | [illegible] | [illegible] | [illegible] | [illegible] |
| ၇ | [illegible] | [illegible] | [illegible] | [illegible] |
| ၈ | [illegible] | [illegible] | [illegible] | [illegible] |
| ၉ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၀ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၁ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၂ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၃ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၄ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၅ | [illegible] | [illegible] | [illegible] | [illegible] |
| ၁၆ | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

**ရန်ကုန်မြို့၊ [illegible] ... အများသိစေရန် သတိပေးကြေညာချက်**

[illegible]

ဦးထွန်းဝေအေး ( B.A, H.L )

ဒေါ် [illegible] ( LL.B )

[illegible]

ဖုန်း ၀၉ ၇၃၀ ၀၇၈၄၃ ၊ ၀၉ ၇၃၀ ၉၆၈၀၅ ၊ ၀၉ ၄၃၂ ၇၈၈၈၈

